# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် မေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**သူတော်ကောင်းထံချဉ်းကပ်**

**အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။**

သုခဝဂ်(ဓမ္မပဒ- ၂၀၈)


၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်၊ ကြာသပတေးနေ့။ Thursday, 23 July 2020 ၁၀၀၈၂


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

# နိုင်ငံ့တိုးတက်ရေးအတွက် မိမိတို့ လူငယ်တွေ ပညာလမ်း ဆက်လျှောက်နိုင်ဖို့ ခြေလှမ်းတွေ မပျက်အောင် ကျောင်းသူ၊ ကျောင်းသား၊ ဆရာ၊ မိဘ၊ အစိုးရ အားလုံးဝိုင်းပြီး ရုန်းရမဲ့အချိန်ပါ၊ အင်အားတွေ ဖြည့်ကြပါ ဟု ရေးသားဖော်ပြ

**နေပြည်တော် ဇူလိုင် ၂၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံ့တိုးတက်ရေးအတွက် မိမိတို့လူငယ်တွေ ပညာလမ်း ဆက်လျှောက်နိုင်ဖို့ ခြေလှမ်းတွေ မပျက်အောင် ကျောင်းသူ၊ ကျောင်းသား၊ ဆရာ၊ မိဘ၊ အစိုးရ အားလုံး ဝိုင်းပြီး ရုန်းရမဲ့အချိန်ပါ၊ အင်အားတွေ ဖြည့်ကြပါ ဟု ၎င်း၏ ဖေ့စ်ဘွတ် စာမျက်နှာမှ ယနေ့တွင် ရေးသားဖော်ပြထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မနေ့က အထက်တန်းကျောင်းတွေ ပြန်ဖွင့်ပါကြောင်း၊ တစ်နိုင်ငံလုံးမှာ အခြေခံပညာအထက်တန်းဆင့် သင်ကျောင်း စုစုပေါင်း ၇၁၇၃ ကျောင်းရှိတဲ့အနက် ကျန်းမာရေးဆန်းစစ်မှုပြုလုပ်ပြီး ဖွင့်ခွင့်ပြုပေးခဲ့တဲ့ကျောင်း ၃၉၉၉ ကျောင်း ရှိပါကြောင်း၊ ကျောင်းသူ၊ ကျောင်းသားဦးရေ တစ်သန်းကျော် ကျောင်းအပ်နှံခဲ့ပါကြောင်း၊ ကျောင်းတက်ရက် တစ်ပတ်ခြား စီစဉ်ထားတဲ့အတွက် ယခုအပတ်မှာ ကျောင်းအပ်နှံထားသူဦးရေရဲ့ တစ်ဝက်ဖြစ်တဲ့ ၀.၅၅၄ သန်း ကျောင်း တက်ရောက်ပါကြောင်း။

ဖွင့်ခွင့်မရသေးတဲ့ ကျောင်းများမှာ ပိုးသတ်သန့်စင်မှုပြည့်စုံစွာ မဆောင်ရွက်နိုင်ခြင်း၊ လက်ဆေးရန် နေရာ၊ အိမ်သာနဲ့ အဖုံးပါ ခြေနင်းအမှိုက်ပုံးတို့ ပြည့်စုံစွာ မထားရှိနိုင်ခြင်း စတဲ့ လိုအပ်ချက်များ ရှိနေခြင်းတို့ကြောင့် မဖွင့်လှစ်နိုင်သေးခြင်းဖြစ်ပါကြောင်း၊ ဒါတွေကိုလည်း ဆောလျင်စွာ ဖြည့်ဆည်းပေးပြီး ကျောင်းဖွင့်ခွင့်ပေးသွားမှာ ဖြစ်ပါကြောင်း။

မနေ့က ကျောင်းစတက်တဲ့အခါ ကျောင်းသူ၊ ကျောင်းသားများ ပုံစံအသစ်နဲ့ စာသင်ရတဲ့အတွက် ခက်ခဲမှုတွေရှိတယ်လို့ ကြားပါကြောင်း၊ Mask နဲ့ Face Shield ကို အကြာကြီး တပ်ထားရတာ၊ သူငယ်ချင်းတွေ အချင်းချင်း ခပ်ခွာခွာနေကြရတာတွေဟာ သူတို့လေးတွေအတွက် ခက်ခဲမှာ အမှန်ဖြစ်ပါကြောင်း၊ ထို့အတူ ဆရာ၊ ဆရာမများလည်း ယခင်ကထက်ပိုပြီး စိတ်ပင်ပန်း၊ လူပင်ပန်း ဖြစ်ကြရတယ်လို့ သိရပါကြောင်း။

"ပညာရှာ၊ ပမာသူဖုန်းစား" ဆိုတဲ့ စကားလေးကိုညွှန်းပြီး ပင်ပင်ပန်းပန်း စစ်ပညာသင်ယူနေရတဲ့ ရဲဘော်တွေကို ဖေဖေက အားပေးခဲ့ဖူးပါကြောင်း၊ နိုင်ငံ့လွတ်လပ်ရေးအတွက် သင်ယူခဲ့ရတဲ့ ပညာတွေ၊ ယခုတော့ နိုင်ငံ့တိုးတက်ရေးအတွက် မိမိတို့ လူငယ်တွေ ပညာလမ်း ဆက်လျှောက်နိုင်ဖို့ ခြေလှမ်းတွေ မပျက်အောင် ကျောင်းသူ၊ ကျောင်းသား၊ ဆရာ၊ မိဘ၊ အစိုးရ အားလုံးဝိုင်းပြီး ရုန်းရမဲ့အချိန်ပါ၊ အင်အားတွေ ဖြည့်ကြပါ ဟု ရေးသားထားသည်။

- **တစ်နိုင်ငံလုံးမှာ အခြေခံပညာအထက်တန်းဆင့်သင်ကျောင်း စုစုပေါင်း ၇၁၇၃ ကျောင်း ရှိတဲ့အနက် ကျန်းမာရေးဆန်းစစ်မှုပြုလုပ်ပြီး ဖွင့်ခွင့်ပြုပေးခဲ့တဲ့ကျောင်း ၃၉၉၉ ကျောင်းရှိ**
- **ကျောင်းသူ၊ ကျောင်းသားဦးရေ တစ်သန်းကျော် ကျောင်းအပ်နှံခဲ့**
- **ကျောင်းတက်ရက် တစ်ပတ်ခြား စီစဉ်ထားတဲ့အတွက် ယခုအပတ်မှာ ကျောင်းအပ်နှံထားသူဦးရေရဲ့ တစ်ဝက်ဖြစ်တဲ့ ၀.၅၅၄ သန်း ကျောင်း တက်ရောက်**


ကြေးမုံ ယနေ့ ဖတ်စရာ

**နိဘာယ်လ်ဆုပေးပွဲအခမ်းအနား ယခုနှစ် ကျင်းပမည်မဟုတ်ဟု နိဘာယ်လ်ဖောင်ဒေးရှင်းပြောကြား**
စာမျက်နှာ » ၁၁

---

COVID-19 **ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
စာမျက်နှာ » ၁၅


## ချင်းရွှေဟော် နယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၅၉ ဦး ထပ်မံဝင်ရောက်



**ချင်းရွှေဟော် ဇူလိုင် ၂၂**

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ် ဝင်ရောက်လျက်ရှိရာ ယမန်နေ့ ညနေ ၆ နာရီက နေရပ်ပြန်ပြည်သူ ၄၉ ဦးနှင့် ယနေ့ မွန်းလွဲ ၃ နာရီက ၁၀ ဦး စုစုပေါင်း ၅၉ ဦး ထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။

**လွှဲပြောင်းပို့ဆောင်**

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၅၉ ဦးတို့မှာ အမျိုးသား ၃၉ ဦး၊ အမျိုးသမီး ၂၀ တို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်မှ တစ်ဦး၊


စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❍



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

## ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပူးပေါင်းပါဝင်

ကျွန်ုပ်တို့၏ပတ်ဝန်းကျင်ကို အကျည်းတန်အရုပ်ဆိုးစေပြီး ပြည်သူလူထု၏ ကျန်းမာရေးကို ထိခိုက်စေသော အမှိုက်ပြဿနာသည် လူဦးရေတစ်နေ့တခြား တိုးပွားလာကာ လူမှုစီးပွားဘဝ မြင့်မားလာသည်နှင့်အမျှ စိန်ခေါ်မှုများ တစ်စတစ်စကြီးမားလာသည်။ တစ်နေ့တခြားတိုးပွားလာသော အမှိုက်ပြဿနာကို နေ့စဉ်ဖြေရှင်းဆောင်ရွက်လျက်ရှိသော်လည်း လျော့ကျသွားခြင်းမရှိဘဲ ကမ္ဘာမြေပတ်ဝန်းကျင်သာမက မြစ်ချောင်းပင်လယ်သမုဒ္ဒရာများအတွင်း၌ပါ အမှိုက်များ ပျံ့နှံ့လာသဖြင့် သက်ရှိလောကတစ်ခုလုံးအတွက် အန္တရာယ်ကြီးမားလာသည်။

အမှိုက်ဟူသည်မှာ လူတို့အသုံးပြုရန် မလိုအပ်တော့သဖြင့် စွန့်ပစ်ရမည့်ပစ္စည်းဖြစ်ပြီး စွန့်ပစ်ရာနေရာ အမှိုက်ပုံး၊ အမှိုက်ပုံသို့ရောက်လျှင် အမှိုက်အဖြစ်သို့ရောက်သွားသည်။ မြန်မာနိုင်ငံတွင် လူဦးရေအထူထပ်ဆုံး ရန်ကုန်မြို့တစ်မြို့တည်းတွင် တစ်နေ့လျှင် အမှိုက်တန်ချိန် ၂၀၀၀ ကျော်မှ ၂၅၀၀ ခန့်အထိထွက်ရှိနေပြီး တစ်နိုင်ငံလုံးတွင် အမှိုက်တန်ချိန်ထောင်ပေါင်းများစွာ နေ့စဉ်ထွက်နေသည်။ ထိုပြဿနာကို တာဝန်ရှိသည့် စည်ပင်သာယာမှ ဖြေရှင်းရုံဖြင့်မပြီးနိုင်ဘဲ အသုံးပြုသူ ပြည်သူလူထုတို့ကလည်း အသိတရားဖြင့် စနစ်တကျ အသုံးပြုကြမှသာ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချနိုင်မည်ဖြစ်သည်။

နိုင်ငံအတွင်း အခွန်၊ အခ၊ ဘဏ္ဍာငွေများ လိုအပ်သည်ထက် ပိုမိုကုန်ကျနေခြင်းအကြောင်းတွင် အမှိုက်စွန့်ပစ်ခြင်းပါဝင်သည်။ အမှိုက်များနှင့်ပတ်သက်၍ အသုံးပြုမှု၊ စွန့်ပစ်မှု၊ ပြန်လည်အသုံးချမှုတို့ကို စနစ်တကျပြုလုပ်နိုင်ပါက အမှိုက်ပြဿနာ လျော့ကျလာပြီး ဘဏ္ဍာငွေဆုံးရှုံးမှုလည်း သက်သာလာမည်ဖြစ်သည်။ အမှိုက်သိမ်းဆည်းခနှင့် သန့်ရှင်းရေးအခွန်များသည် အခွန်အခနှုန်းမြင့်သည့်အတွက် အခွန်ထမ်းပြည်သူများသည် အမှိုက်ထွက်နှုန်းလျော့ကျအောင် ဆောင်ရွက်သင့်ပေသည်။ အမှိုက်ထွက်လျှော့ချရာ၌ လျှော့ချဆောင်ရွက်ခြင်း (Reduce)၊ ပြန်လည်ပြုပြင်၍ အသုံးပြုခြင်း (Recycling)၊ ပြန်လည်အသုံးပြုခြင်း (Reuse) တို့ကို ဆောင်ရွက်ခြင်းဖြင့် ပတ်ဝန်းကျင်နှင့် ဘဏ္ဍာငွေကို ထိန်းသိမ်းရာရောက်ပါသည်။

စွန့်ပစ်အမှိုက် အမျိုးမျိုးရှိရာတွင် အိမ်ထောင်စုများမှထွက်ရှိသော အမှိုက်မှာ ၈၂ ရာခိုင်နှုန်း အများဆုံးဖြစ်ပြီး ယင်းပြဿနာကို နေ့စဉ်ဖြေရှင်းနေရသည်။ ထို့ကြောင့် အမှိုက်ထွက်ရှိမှုနည်းပါးလျော့ကျလာအောင် အိမ်ထောင်စုအသီးသီးတို့က စနစ်တကျသုံးစွဲကြရန်လိုအပ်ပြီး ထုပ်ပိုးထားသည့် အသင့်သုံးပစ္စည်းများကို အစားထိုးဆောင်ရွက်ရေး၊ ထုပ်ပိုးပစ္စည်းများကို ပြန်လည်အသုံးပြုရေးတို့ကို သတိထားပြုလုပ်ဆောင်ရွက်ကြရန်လိုအပ်ပါသည်။ အမှိုက်များကို ပြန်လည်အသုံးချခြင်းလုပ်ငန်းကို ယခုအခါ စတင်ဆောင်ရွက်နေပြီဖြစ်သော်လည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်အောင် ကြိုးစားအားထုတ်ရဦးမည်ဖြစ်သည်။

အရေးကြီးသော အမှိုက်ပစ္စည်းတစ်မျိုးဖြစ်သော ရန်ကုန်မြို့တော်ရှိ အစိုးရဆေးရုံ၊ ပုဂ္ဂလိကဆေးရုံ ၇၆ ခု၊ ပုဂ္ဂလိကဆေးခန်း ၁၉၂၅ ခုမှ ထွက်ရှိသည့် နေ့စဉ် ဆေးရုံ၊ ဆေးခန်းထွက် စွန့်ပစ်ပစ္စည်းများကို ဖျက်ဆီးနိုင်ရန်အတွက် လှိုင်သာယာမြို့နယ် ထိန်ပင်ရှိနောက်ဆုံးစွန့်ပစ်အမှိုက်ပုံတွင် တန် ၂၀ အမှိုက်မီးရှို့စက် တည်ဆောက်ထားပြီး ဖျက်ဆီးဆောင်ရွက်လျက်ရှိသည်။ ကရင်ပြည်နယ်တွင် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှရရှိသည့် ဘားအံမြို့နှင့် မြဝတီမြို့ အမှိုက်စွန့်ပစ်ရေးစနစ်မြှင့်တင်ရေးအတွက် ချေးငွေရယူပြီးဆောင်ရွက်လျက်ရှိသည်။ မုံရွာမြို့တွင် ဂျပန်နိုင်ငံနှင့် ပူးပေါင်း၍ စွန့်ပစ်အမှိုက်များ မီးရှို့ဖျက်ဆီးရေးအတွက် စက်ရုံတည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ရှမ်းပြည်နယ်တွင် အင်္ဂလန်အခြေစိုက်ကုမ္ပဏီနှင့်ပူးပေါင်း၍ စွန့်ပစ်အမှိုက်မှ စွမ်းအင်လောင်စာထုတ်လုပ်နိုင်မည့် အမှိုက်မီးရှို့စက်တည်ဆောက်ရန် နားလည်မှုစာချွန်လွှာ ရေးထိုးဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ပြည်သူများ၊ အိမ်ထောင်စုများ အသုံးပြုပြီးထွက်ရှိလာသော အမှိုက်များမှာ နေ့စဉ် တန်ချိန်ထောင်ပေါင်းများစွာ ထွက်ရှိနေသည်ဖြစ်ရာ နေ့စဉ်လူမှုဘဝပတ်ဝန်းကျင်နှင့် ပြည်သူလူထု၏ ကျန်းမာရေး ထိခိုက်မှုတို့ကို ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် စွန့်ပစ်အမှိုက်များကို လျှော့ချဆောင်ရွက်ခြင်း (Reduce)၊ ပြန်လည်ပြုပြင်၍ အသုံးပြုခြင်း (Recycling)၊ ပြန်လည်အသုံးချခြင်း (Reuse)တို့ကို ပိုမိုကျယ်ပြန့်စွာ ပြုလုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် မိမိတို့ပတ်ဝန်းကျင်နှင့် နိုင်ငံ့ဘဏ္ဍာငွေတို့ကို ထိန်းသိမ်းမြှင့်တင်ရာရောက်မည် ဖြစ်ပါကြောင်း။ ။

## ပါဠိပထမပြန်စာမေးပွဲ သတ္တမနေ့ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၂

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ် ကျင်းပပြုလုပ်သော ၂၀၂၀ ပြည့်နှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၄၁ ဌာနတို့၌ သတ္တမနေ့အဖြစ် ဖြေဆိုကြသည်။

ပါဠိပထမပြန်စာမေးပွဲ(ပထမကြီး) သတ္တမနေ့ကို စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၁၁၆၂၉ ပါးအနက် ၉၆၇၄ ပါး ဖြေဆိုကြပြီး ၈၃ ဒသမ ၁၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## မန်းရေနံမြေ ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးမည့် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် MPRL E&P က ပံ့ပိုး

မင်းဘူး ဇူလိုင် ၂၂

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် MPRL E&P Pte Ltd သည် မန်းရေနံမြေ ဒေသခံများအတွက် ဆောင်ရွက်လျက်ရှိသည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်မည့် CSR လုပ်ငန်းများ၏ကဏ္ဍတစ်ရပ်အနေဖြင့် ဒေသခံများ၏အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ သူနာပြုအကူသင်တန်းသို့ တက်ရောက်နိုင်ရန် ဖိတ်ခေါ်ခဲ့ရာ မန်းရေနံမြေနှင့် ထိစပ်ကျေးရွာ ၁၄ ရွာမှ အရည်အချင်းပြည့်မီသည့် ကျောင်းသားကျောင်းသူ ၁၅ ဦး လျှောက်ထားခဲ့သည်။

အဆိုပါ လျှောက်ထားသူများကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လဆန်းပိုင်းတွင် သင်တန်းဝင်ခွင့် ရရှိရေးအတွက် သင်တန်းမှူးက လူတွေ့စစ်ဆေးခဲ့ရာ မန်းရေနံမြေ ထိစပ်ကျေးရွာများဖြစ်သည့် ကျွဲချ၊ လေးအိမ်တန်းနှင့် လက်ပံတောကျေးရွာများမှ ဝင်ရောက်ဖြေဆိုသည့် ကျောင်းသူသုံးဦး ရွေးချယ်ခံရပြီး MPRL E&P ၏ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် သူနာပြုအကူ နှစ်လတာ သင်တန်းကို မင်းဘူးမြို့နှင့် ရန်ကုန်မြို့တို့ရှိ ရောဝတီ ဆေးဝါးကျွမ်းကျင်နှင့် သူနာပြုအကူ သင်တန်းကျောင်းနှင့် ပုဂ္ဂလိက သင်ကြားရေးဆေးရုံတို့တွင် သူနာပြုအကူဆိုင်ရာ ဘာသာရပ်များ စာတွေ့လက်တွေ့ သင်ကြားလေ့လာလျက်ရှိသည်။ ထို့ပြင် သင်တန်းပြီးစီးအောင်မြင်သည့် သင်တန်းသူများအနေဖြင့် အဆိုပါ သင်တန်းအကူအညီဖြင့် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ရရှိနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။



သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၂-၇-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၀၀၀ | ၁၀,၀၀၀ | ၉၂၃ | ၉,၆၃၀,၀၀၀ |
| MTSH | ၃,၈၀၀ | ၃,၇၅၀ | ၁,၅၉၆ | ၆,၀၆၃,၁၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၀ | ၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၁၃ | ၂၈၆,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၆၅၄ | ၁,၇၉၈,၅၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၇၄၅ | ၂,၀၁၁,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၂၂

ရန်ကုန်(ရွှေဈေး) ၁၂၇၅၀၀၀ မန္တလေး(ရွှေဈေး) ၁၂၇၅၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၄၀/၅၇၅ ကျပ် | ၅၈၅/၅၉၅ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၃၀/၅၆၀ ကျပ် | ၅၇၀/၅၈၀ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၁၀/၆၂၅ ကျပ် | ၆၇၀/၆၉၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၈၀/၅၁၀ ကျပ် | ၅၅၀/၅၆၀ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၈၅/၄၉၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၉၅/၅၀၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၅၀/၄၅၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၈၆.၈ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၉၇.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇.၈၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၈၁၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၅.၇၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၅၆၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၈၈.၀၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၀.၆ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၉၅.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၅.၇၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယု၊ ဦးဝေမင်းသူနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့် အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးဒီပါထွန်းနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

✻ ကျောဖုံးမှ

လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အပိုဒ်၊ အပိုဒ်ခွဲအလိုက် ပြည့်စုံစွာ ဖော်ပြပြီး အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် COVID–19 ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (COVID–19 Economic Relief Plan–CERP)နှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က COVID–19 ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (COVID–19 Economic Relief Plan–CERP)နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်၏ ရှင်းလင်းတင်ပြချက်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

## COVID–19 ၏ သက်ရောက်မှုများကို တုံ့ပြန်ခြင်းနှင့် အသုံးစရိတ်ဆိုင်ရာ အထောက်အပံ့အစီအစဉ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)ထံမှ အမေရိကန်ဒေါ်လာ သန်း ၂၅၀ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော COVID–19 ၏ သက်ရောက်မှုများကို တုံ့ပြန်ခြင်းနှင့် အသုံးစရိတ်ဆိုင်ရာ အထောက်အပံ့အစီအစဉ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)ထံမှ အမေရိကန်ဒေါ်လာသန်း ၂၅၀ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဇူလိုင် ၂၇ ရက်တွင် ဆွေးနွေးရန်လျာထားပါကြောင်း ကြေညာသည်။

ဆက်လက်၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညွှန့်က တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်၏သဘောထားမေးမြန်းရယူအတည်ပြုသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုခဲ့သည့် အပိုဒ်၊ အပိုဒ်ခွဲများကို လွှတ်တော်နှစ်ရပ် အတည်ပြုချက်အတိုင်းလည်းကောင်း၊ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်များအတိုင်းလည်းကောင်း ပြန်လည်ပြင်ဆင်၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။



ဒုတိယဝန်ကြီး
ဦးဆက်အောင်



ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း



ဒုတိယဝန်ကြီး
ဗိုလ်ချုပ်မြင့်နွယ်



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၇)မှ ဒေါက်တာမြသောင်း



သီပေါမဲဆန္ဒနယ်မှ
ဦးစိုင်းသန့်ဇင်

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(အဆင့်–၃) အကောင်အထည်ဖော်ဆောင်ရွက်ရန် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)ထံမှ ဂျပန်ယန်း ၁၅ ဘီလီယံ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် စီမံကိန်းအကောင်အထည်ဖော်သည့်ပုံစံအနေဖြင့် JICA ထံမှ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက Borrower အဖြစ် တာဝန်ခံချေးယူပြီး ဝန်ကြီးဌာန၏ ကိုယ်စားလှယ်ဘဏ်ဖြစ်သော မြန်မာ့စီးပွားရေးဘဏ်က စီမံကိန်းတွင် ပါဝင်ဆောင်ရွက်မည့် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများ (Participating Financial Institutions–PFIs)မှတစ်ဆင့် MSMEs လုပ်ငန်းရှင်များသို့ ထပ်ဆင့်ထုတ်ချေးသည့်ပုံစံဖြစ်ပါကြောင်း၊ PFI များတွင် ပုဂ္ဂလိကဘဏ်များ ပါဝင်ပါကြောင်း။

ယခုစီမံကိန်းအဆင့်–၃ ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် COVID–19 ကြောင့် စီးပွားရေးထိခိုက်မှုရှိသည့် MSMEs လုပ်ငန်းရှင်များသို့ အဓိကထား ထုတ်ချေးသွားရန် ရည်ရွယ်ထားပါကြောင်း၊ စီမံကိန်းအား ထပ်ဆင့်ချေးငွေပုံစံဖြင့် ဆောင်ရွက်ရာတွင် MSMEs လုပ်ငန်းရှင်များထံမှ ကောက်ခံမည့် အတိုးနှုန်းမှာ တစ်နှစ်လျှင် ၅ ဒသမ ၅ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ အဆိုပါ အတိုးနှုန်းကို ဘဏ်များက အပ်ငွေပေါ်ပေးသော အနည်းဆုံး အတိုးနှုန်း ငါးရာခိုင်နှုန်းတွင် သုည ဒသမ ၅ ရာခိုင်နှုန်းကိုသာ ထပ်ပေါင်း၍ JICA နှင့် ညှိနှိုင်းပြီး သတ်မှတ်ရခြင်းဖြစ်ပါကြောင်း။

ချေးငွေအပြည့်အဝ ထုတ်ယူသုံးစွဲပြီးချိန်မှစ၍ အကြွမ်းအားဖြင့် ဆိုင်းငံ့ကာလအတွင်း တစ်နှစ်လျှင် အတိုးနှုန်းဂျပန်ယန်း ၁ ဒသမ ၅ သန်းခန့်နှင့် ပြန်ဆပ်ကာလအတွင်း တစ်နှစ်လျှင် အရင်းနှင့်အတိုးပေါင်း ဂျပန်ယန်း ၄၉၃ ဒသမ ၃၂၉ သန်းခန့်တို့ကို နှစ်စဉ်ပြန်လည်ပေးဆပ်သွားရမည် ဖြစ်ပါကြောင်း၊ အချိန်စေ့ရောက်သည့်နှစ်အလိုက် အတိုး၊ အရင်းပြန်လည်ပေးဆပ်နိုင်ရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်၏ ဘတ်ဂျက်တွင် လျာထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ချေးငွေအတွက် အရင်း/အတိုး ပြန်လည်ပေးဆပ်မှုများကို လုပ်ငန်းရှင်များ ပြန်လည်ပေးဆပ်သည့် ငွေများထဲမှသာ အသုံးပြု၍ ပြန်လည်ပေးဆပ်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဘတ်ဂျက်မှ အသုံးစရိတ်ဖြင့် ပေးဆပ်မည်မဟုတ်ပါကြောင်း၊ သို့ပါ၍ ချေးငွေဂျပန်ယန်း ၁၅ ဘီလီယံရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဇူလိုင် ၃၁ ရက်တွင် ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။

ဆက်လက်၍ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း နှစ်ပတ်လည်အစီရင်ခံစာနှင့် ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က ဝန်ကြီးဌာနအနေဖြင့် ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် သာမန်အသုံးစရိတ်၌ ၄၃ ဒသမ ၉၉၆ ဘီလီယံ၊ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ၈ ဒသမ ၆၁၃ ဘီလီယံ၊ အတိုးပေးငွေတွင် သုည ဒသမ ၃၈၆ ဘီလီယံ၊ ကြွေးမြီအသုံးစရိတ်တွင် သုည ဒသမ ၈၈၃ ဘီလီယံစုစုပေါင်း ၅၃ ဒသမ ၈၇၈ ဘီလီယံအား အထွေထွေပိုလျှံရန်ပုံငွေသို့ ပြန်လည်အပ်နှံခဲ့ပါကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာန၏ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် ပိုလျှံငွေများမှ အထွေထွေပိုလျှံရန်ပုံငွေသို့ အသားတင်အပ်နှံငွေမှာ ငွေကျပ် ၅၃ ဒသမ ၈၇၈ ဘီလီယံသာရှိပြီး ရာခိုင်နှုန်းအားဖြင့် ခွင့်ပြုငွေ၏ ၁ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ အပ်နှံခဲ့ပါကြောင်းနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသို့ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်အပ်နှံခဲ့ပါကြောင်း ပြောကြားသည်။

## လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် ရေအားလျှပ်စစ်၏ တပ်ဆင်အင်အားသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင်လည်း ၄၂၅၃ မဂ္ဂါဝပ်အထိ တိုးတက်ဖြစ်ပေါ်လာမည်ဖြစ်

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် ရေအားလျှပ်စစ်၏ တပ်ဆင်အင်အားသည် ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်တွင် ၃၂၅၅ မဂ္ဂါဝပ်ရှိရာမှ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် ၃၂၆၃ မဂ္ဂါဝပ်ရှိ၍ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင်လည်း ၃၂၆၃ မဂ္ဂါဝပ်ရှိမည်ဖြစ်ပါကြောင်း၊ သဘာဝဓာတ်ငွေ့၏ တပ်ဆင်အင်အားသည် ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁၉၀၁ မဂ္ဂါဝပ်ရှိရာမှ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် ၃၆၁၁ မဂ္ဂါဝပ်အထိ တိုးတက်လာပြီး ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင်လည်း ၄၂၅၃ မဂ္ဂါဝပ်အထိ တိုးတက်ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း၊ ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ရရှိသုံးစွဲနိုင်ရေးရှေးရှုပြီး တီကျစ်ကျောက်မီးသွေးစက်ရုံမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ဒီဇယ်ဖြင့် ဓာတ်အားထုတ်ခြင်းနှင့် နေရောင်ခြည်စွမ်းအင်ဖြင့် ဓာတ်အားထုတ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်တွင် စုစုပေါင်းတပ်ဆင်အင်အား ၅၃၆၄ မဂ္ဂါဝပ်ရှိရာမှ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် ၇၁၅၁ မဂ္ဂါဝပ်အထိ တိုးတက်လာပြီး ၂၀၂၀– ၂၀၂၁ ဘဏ္ဍာနှစ်တွင် ၈၇၆၇ မဂ္ဂါဝပ်အထိရှိလာမည်ဟု ခန့်မှန်းထားပါကြောင်း။

လျှပ်စစ်ကဏ္ဍအနေဖြင့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် လျှပ်စစ်ဓာတ်အားရရှိမှု တစ်နိုင်ငံလုံးအနေဖြင့် ၅၀ ရာခိုင်နှုန်းရရှိပြီး ဖြစ်ပါကြောင်း၊ ၂၀၂၂ ခုနှစ်တွင် လျှပ်စစ်ဓာတ်အားရရှိမှု ၅၅ ရာခိုင်နှုန်းအထိ တိုးတက်လာအောင် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၅ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်းအထိ တိုးတက်ဖြစ်ပေါ်လာမည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်ဓာတ်အားရရှိမှု ၁၀၀ ရာခိုင်နှုန်းပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဘဏ္ဍာနှစ်ကုန်ချိန်တွင် ပိုလျှံငွေဖြစ်ပေါ်မှုနှင့် စပ်လျဉ်း၍ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် ဝန်ကြီးဌာန၏ ရငွေစုစုပေါင်း ငွေကျပ် ၇၀၁၅ ဒသမ ၃၅၆ ဘီလီယံ ရရှိရန် လျာထားခဲ့ပြီး အမှန်ရငွေမှာ ငွေကျပ် ၇၀၇၅ ဒသမ ၉၂၅ ဘီလီယံဖြစ်သည့်အတွက် ၁၀၀ ဒသမ ၈၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း၊ အသုံးစရိတ်ပိုင်းအနေဖြင့် အထွေထွေပိုလျှံရန်ပုံငွေစာရင်းသို့ အသားတင်ပြန်လည်အပ်နှံငွေမှာ သာမန်အသုံးစရိတ်အနေဖြင့် ငွေကျပ် ၂၂ ဒသမ ၁၅၁ ဘီလီယံဖြစ်ပါကြောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်အနေဖြင့် ငွေကျပ် ၃၂၉ ဒသမ ၁၇၉ ဘီလီယံနှင့် ကြွေးမြီအသုံးစရိတ်အနေဖြင့် ငွေကျပ် ၁ ဒသမ ၄၂၅ ဘီလီယံဖြစ်ပြီး စုစုပေါင်း ၃၅၂ ဒသမ ၇၅၅ ဘီလီယံဖြစ်ပါကြောင်း။

ငွေလုံးငွေရင်းအသုံးစရိတ်တွင် ငွေကျပ် ၃၂၉ ဒသမ ၁၇၉ ဘီလီယံကို ပြန်လည်အပ်နှံရခြင်းအနေဖြင့် ချေးငွေရယူရေးလုပ်ငန်းဆောင်ရွက်စဉ် ပိုလျှံငွေ ငွေကျပ် ၁ ဒသမ ၂၅၃ ဘီလီယံဖြစ်ပါကြောင်း၊ တင်ဒါစိစစ်ပြီး ပိုငွေ ငွေကျပ် ၁၆ ဒသမ ၂၂၈ ဘီလီယံဖြစ်ပြီး အခြားဖြစ်စဉ်များဖြစ်သော အသုံးစရိတ်များ စိစစ်သုံးစွဲခြင်း၊ ခန့်မှန်းခြေနှင့် မြေပြင်ဆောင်ရွက်မှုကွာခြားခြင်း၊ ငွေလဲလှယ်နှုန်းလျော့နည်းခြင်း၊ နိုင်ငံခြားငွေဖြင့် ပေးချေရမည့်အစား မြန်မာငွေဖြင့် ပြောင်းလဲပေးချေရသည့်အတွက် ဘဏ်စရိတ်များ ပိုလျှံခြင်း၊ ဒေသဈေးနှုန်းလျော့နည်းခြင်း စသည့်အခြေအနေများကြောင့် ပိုလျှံငွေကျပ် ၃၁၁ ဒသမ ၆၉၈ ဘီလီယံ တို့ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းကိစ္စတို့နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးခင်မောင်သန်းက ကော်မတီ၏ အစီရင်ခံစာ (၄/၂၀၂၀) နှင့် (၅/၂၀၂၀)တို့ကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ကော်မတီ၏ အဆိုကို အတည်ပြုရန်လွှတ်တော်၏သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် ကော်မတီ၏ အစီရင်ခံစာ (၄/၂၀၂၀)နှင့် (၅/၂၀၂၀)တို့ကို လွှတ်တော်က သဘောတူအတည်ပြုကြောင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သည့် ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း နှစ်ပတ်လည်အစီရင်ခံစာနှင့် ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာကို လွှတ်တော်ကမှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာရှရထားလမ်းမကြီး ကွန်ရက်ဆိုင်ရာ အစိုးရချင်းသဘောတူညီချက်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

စာမျက်နှာ ၄ သို့ ✰

☆ စာမျက်နှာ ၃ မှ

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာမြသောင်းက နိုင်ငံပေါင်း ၂၂ နိုင်ငံ လက်မှတ်ထိုးပြီးဖြစ်ပါကြောင်း၊ လက်မှတ်ရေးထိုးခြင်းအားဖြင့် အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုများရရှိလာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ရထားလမ်းချိတ်ဆက်နိုင်ရေး၊ နည်းပညာနှင့် ငွေကြေးအကူများလည်း ရရှိနိုင်မည့်အပြင် ကုန်းတွင်းပိတ်နိုင်ငံများနှင့်လည်း ကုန်သွယ်ရေး ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ရထားလမ်းနှင့် ပတ်သက်ပြီး အာရှနှင့် ပစိဖိတ်ဒေသနိုင်ငံများနှင့် ဆက်ဆံရာတွင် လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း အာရှရထားလမ်းမကြီး ကွန်ရက်ဆိုင်ရာ အစိုးရချင်းသဘောတူညီချက်တွင် လက်မှတ်ရေးထိုးပြီး ကုလသမဂ္ဂအတွင်းရေးမှူးထံသို့ ပေးပို့ရန်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၊ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) မှ ဦးမောင်မောင်လတ်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်ဇင်ဝင်းနှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ဆွေးနွေးသွားသည့် လွှတ်တော်ကိုယ်စားလှယ်အားလုံးသည် ယေဘုယျအားဖြင့် အာရှရထားလမ်းမကြီး ကွန်ရက်ဆိုင်ရာ အစိုးရချင်းသဘောတူညီချက်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံသို့ ပေးပို့နိုင်ရန် ထောက်ခံထားသည်ကို တွေ့ရှိရပါကြောင်းနှင့် လွှတ်တော်မှ ဆုံးဖြတ်ပေးပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အာရှရထားလမ်းမကြီး ကွန်ရက်ဆိုင်ရာ အစိုးရချင်းသဘောတူညီချက်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကုန်းတွင်းဆိပ်များဆိုင်ရာ အစိုးရများအကြား သဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ အတည်ပြုပါဝင်နိုင်ရေးနှင့်စပ်လျဉ်း၍ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်နှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းတို့က ဆွေးနွေးကြသည်။

အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံမှ အတည်ပြုပါဝင်နိုင်ရေးအတွက် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရန်ကုန်မြို့တော် ရေဖူလုံရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)ထံမှ အမေရိကန်ဒေါ်လာသန်း ၁၈၀ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်းက ယခုချေးငွေသည် နောင်လာမည့် မျိုးဆက်သစ် ပြည်သူများက ပေးဆပ်ရန်တာဝန်ရှိသည့်အတွက် ရေရှည်တိုင်းပြည်ကောင်းစားတိုးတက်ရေးတွင် အကျိုးပြုမည့် စီမံကိန်းများ၊ ဝင်ငွေပြန်ရနိုင်သည့် စီမံကိန်းများဖြစ်ရန် လိုအပ်ပါကြောင်း၊ ချေးငွေများနှင့် ဆောင်ရွက်မည့် ရေပေးဝေရေးစီမံကိန်းများသည် အမှန်တကယ် အကျိုးရှိ၊ မရှိ ပြန်လည်သုံးသပ်ပြီး ချေးငွေများကို ထိထိရောက်ရောက် အသုံးပြုဆောင်ရွက်ကြပါရန် အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

ယင်းချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) မှ ဒေါ်ရွှေရွှေစိန်လတ်၊ လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်မင်းထွန်းနှင့် ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ဇူလိုင် ၂၄ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

## လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၉/၂၀၂၀**
**၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၂ ရက်)**

### လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသန်းထွန်းအောင်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်စိုးမိုးတို့ကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ (င)၊ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ (စ)၊ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အောက်ပါအရာရှိကြီးများကို ယှဉ်တွဲပါ တိုင်းဒေသကြီး အစိုးရအဖွဲ့များတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဗိုလ်မှူးကြီး ဝင်းတင်စိုး — စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
(၂) ဗိုလ်မှူးကြီး ဝင်းတင့် — ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အခြေခံပညာအထက်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်နေသည့် အခြေအနေများအား ပြည်ထောင်စုဝန်ကြီးများ ရှောင်တခင်လှည့်လည်ကြည့်ရှု

**နေပြည်တော် ဇူလိုင် ၂၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ် (၂၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ် (၆) အခြေခံပညာ အထက်တန်းကျောင်းများသို့ ရှောင်တခင်သွားရောက်ကာ ကျောင်းများ ပြန်လည်ဖွင့်လှစ်နေသည့် အခြေအနေများအား လှည့်လည်ကြည့်ရှုသည်။



ထိုသို့သွားရောက်ခဲ့ရာတွင် ကျောင်းဝင်းအတွင်းသို့ မဝင်ရောက်မီဆောင်ရွက်မှု၊ ကျောင်းဝင်းအတွင်း ပြင်ဆင်ထားရှိမှု၊ စာသင်ခန်းများတွင် ကျောင်းသား ကျောင်းသူများအား သင်ကြားနေမှုအပါအဝင် အခြေခံပညာအထက်တန်းကျောင်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး စည်းကမ်းသတ်မှတ်ချက်နှင့် လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်နေမှုများအား လှည့်လည်ကြည့်ရှုသည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဆရာ ဆရာမများကို တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး လိုအပ်ချက်များအား မေးမြန်းဖြည့်ဆည်းပေးသည်။

### လက်ကိုင်အသံချဲ့စက်များ ပေးအပ်မည်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အခြေခံပညာ အထက်တန်းကျောင်းများမှ ဆရာ ဆရာမများအား ယခုကဲ့သို့ ကျောင်းများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုများမဖြစ်ပွားစေရေးအတွက် စနစ်တကျ ဆောင်ရွက်နေမှုများအား တွေ့ရှိရသဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ ကျောင်းများတွင် ကျောင်းသား ကျောင်းသူများ ကျောင်းဝင်းအတွင်းသို့ စနစ်တကျ ခပ်ခွာခွာဖြင့် တန်းစီဝင်ရောက်ချိန်တွင် ဆရာ ဆရာမများက လက်ကိုင်အသံချဲ့စက်များ အသုံးပြုကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး အသိပညာပေး အချက်များ ပြောကြားနိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပညာရေးဝန်ကြီးဌာနထံသို့ လက်ကိုင်အသံချဲ့စက်များ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ကျောင်းများတွင် ကပ်ထားရန်အတွက် ကျန်းမာရေးအသိပညာအချက်အလက် QR Code များ၊ လက်ကိုင်အသံချဲ့စက်နှင့် ပြောကြားရန် အချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ယနေ့ပင် ပေးအပ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပညာရေးဝန်ကြီးဌာနထံသို့ လက်ကိုင်အသံချဲ့စက် အခု ၅၀၀၀ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

### ဆန်းစစ်မှုသုတေသနပြုလုပ်ခဲ့

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကိုဗစ်-၁၉ ကပ်ရောဂါကဲ့သို့သော ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရောဂါ၏ သဘောသဘာဝ၊ ဖြစ်ပွားကူးစက်မှုပုံသဏ္ဌာန်တို့ အပါအဝင် ပြောင်းလဲလျက်ရှိသော အခြေအနေအရပ်ရပ်နှင့် လိုက်လျောညီထွေဖြစ်စေရန် အလိုက်သင့် တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းဗျူဟာများ ချမှတ်ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနရှိ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးဆောင်သော ဆရာ ဆရာမများနှင့် ဘွဲ့လွန်ကျောင်းသား ကျောင်းသူများသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ မြန်မာပြည်သူလူထု၏ သိမြင်နားလည်မှုအခြေအနေ ဆန်းစစ်မှုသုတေသနကို မတ်လအတွင်းက ပြုလုပ်ခဲ့ပါကြောင်း။

### ငါးကြိမ်ကြေညာနှိုးဆော်

ထိုသို့သုတေသနပြုဆန်းစစ်ရာတွင် ပြည်သူများတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု၊ ရောဂါ ကူးစက်မှု အန္တရာယ်နှင့် ရောဂါကာကွယ်နိုင်မည့် နည်းလမ်းများနှင့်ပတ်သက်သော ဗဟုသုတနည်းပါးနေသေးသည်ကို တွေ့ရှိရပါကြောင်း၊ ထို့အတွက် ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများကို ရပ်ကွက်၊ ကျေးရွာများ၌ လက်ကိုင်အသံချဲ့စက်များ၊ အသံချဲ့စက်များကို အသုံးပြု၍ နေ့စဉ် ငါးကြိမ် ကြေညာနှိုးဆော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုသို့ ရပ်ကွက်၊ ကျေးရွာများ၌ ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်လက်ဆောင်ရွက်နေရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင်လည်း ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများထံ ကျန်းမာရေးအသိပညာအချက်အလက်များကို လက်ကိုင်အသံချဲ့စက်များ အသုံးပြုကာ ပြောကြားနိုင်ရန် လွှဲပြောင်းပေးအပ်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးက အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းထံသို့ လက်ကိုင်အသံချဲ့စက်အခု ၅၀၀၀ အား လွှဲပြောင်းပေးအပ်သည်။

### အထူးအကျိုးရှိမည်

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကျေးဇူးတင်စကားပြောကြားရာတွင် မိမိတို့မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအားလုံးက ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့မြင်နေရပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ လမ်းညွှန်ချက်များ၊ လုပ်ငန်းလမ်းညွှန်များနှင့် ကျန်းမာရေးအသိပညာပေးနှိုးဆော်မှု အချက်အလက်များကို စနစ်တကျ ထုတ်ပြန်ကာ ဆောင်ရွက်လျက်ရှိပြီး ပညာရေးဝန်ကြီးဌာနအနေဖြင့် စည်းကမ်းသတ်မှတ်ချက်နှင့် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုလွှဲပြောင်းပေးအပ်သည့် လက်ကိုင်အသံချဲ့စက်များသည် ကျောင်းများ၌ လူစုလူဝေး မဖြစ်စေရေး၊ ခပ်ခွာခွာနေရေး၊ ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျ ဝတ်ဆင်ရေးနှင့် လက်ကိုစနစ်တကျ ဆေးကြောရေးတို့ အပါအဝင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး ကျန်းမာရေးအသိပညာများဖြန့်ဝေရာတွင် အထူးအကျိုးရှိမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးထား



**တိုင်းပြည်တစ်ပြည်ထူထောင်တာဟာ ဘယ်လောက်ခက်ခဲတယ်၊ အတက်အကျ လောကဓံအမျိုးမျိုးကို တွေ့ရတယ်ဆိုတာ ကမ္ဘာ့ရာဇဝင်သိတဲ့ လူတိုင်းတော့ ဆင်ခြင်နိုင်ကြမှာပဲ။ ဒါကြောင့် အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးနဲ့ စိတ်မပျက်လက်မပျက်ဘဲ ရသမျှအခွင့်အရေးကို ရတုန်း မိမိရရယူကြရလိမ့်မယ်။ ဒါမှသာ ကျုပ်တို့မြန်မာပြည်ကြီး ကျုပ်တို့ချစ်ရာရောက်မယ်။ ကျုပ်တို့မြန်မာပြည် ထူထောင်နိုင်မယ်။**

(ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၄ ခုနှစ် နိုဝင်ဘာလအတွင်း တိုင်းပြည်သို့ အသံလွှင့်ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အမရပူရမြို့ ရေဘေးသင့်ပြည်သူများ အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရေး ညှိနှိုင်းဆွေးနွေးပြီး လိုအပ်သည်များ ထောက်ပံ့ပေးအပ်

**အမရပူရ ဇူလိုင် ၂၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အမရပူရမြို့ သံသေကပ်ကျော်ဆုတောင်းပြည့် မြတ်စွာဘုရားတန်ဆောင်း၊ အေးချမ်းသာဓမ္မကျောင်းဆောင်၊ မဟာဗောဓိသန်တောင် မြတ်စွာဘုရားတန်ဆောင်း၊ ပိန်းတန်းအစိုးရမူလတန်းကျောင်းနှင့် သီလသမာဓိပညာ မဂ္ဂင်ဓမ္မာရုံတို့၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းများသို့ ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့အနေဖြင့် ဘေးဒဏ်ခံစားရသူများအား လာရောက်အားပေး ပံ့ပိုးကူညီပေးခြင်းဖြစ်ကြောင်း၊ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊ မြစ်ရေဝင်ရောက်မှုအား ပိတ်ဆို့ခြင်းနှင့် ရေနစ်မြုပ်သည့်နေရာများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မြို့တော်စည်ပင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ဘေးဒုက္ခမျိုးသည် ခဏမျှသာဖြစ်ပါကြောင်း၊ စိတ်ဓာတ်မကျရန် လိုအပ်ပြီး အားလုံးဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးကိုလည်း အထူးဂရုစိုက်စေလိုပါကြောင်း ပြောကြားပြီး ယခင်နှစ်များ၏ ရေဘေးအတွေ့အကြုံများနှင့်ပတ်သက်၍ အပြန်အလှန် မေးမြန်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေဘေးသင့်ပြည်သူများအတွက် တစ်ပတ်စာ ဆန်ရိက္ခာဖိုး ငွေကျပ် ၂၁၇၈၉၆၀၀ အပါအဝင် ခေါက်ဆွဲခြောက်ထုပ်များ၊ ရေသန့်ဘူးများ၊ နှာခေါင်းစည်းများနှင့် လက်ဆေးဆပ်ပြာများ ထောက်ပံ့ပေးအပ်သည်။





ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တာရိုးကျိုးပေါက်မှုဖြစ်ပွားသည့်နေရာသို့ ရောက်ရှိပြီး တာရိုးကျိုးပေါက်မှုအား ပြန်လည်ပြုပြင် ဆောင်ရွက်ထားမှု၊ ဧရာဝတီမြစ်ရေ ဝင်ရောက်ခြင်းအား ပိတ်ဆို့နိုင်မှုနှင့် ရေဝင်ရပ်ကွက်များမှ ရေများအမြန်ဆုံး လျော့နည်းသွားစေရန် စုပ်ထုတ်ပေးနေမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကျော်လင်း၊ ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မြို့တော်ဝန်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ရေများ အမြန်ဆုံး စုပ်ထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်မှု အခြေအနေနှင့် ပံ့ပိုးကူညီပေးနိုင်မည့်ကိစ္စရပ်များ၊ နှစ်စဉ် ရေဘေးကြုံတွေ့ရသည့် ရပ်ကွက်များအတွက် ရေရှည်ဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြစ်ရေစုပ်ထုတ်သည့်လုပ်ငန်းစဉ် ပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်နှင့် လိုအပ်သည့် ရေစုပ်စက်ကြီးများနှင့် ဆက်စပ်ပစ္စည်းများ အမြန်ဆုံးဝယ်ယူ အသုံးပြုနိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ ကျပ်သိန်း ၁၀၀၀ နှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ စက်သုံးဆီဖိုးငွေကျပ် ၇၀၅၆၀၀၀ တို့ကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေဝင်ရောက်နေသည့် ကျန်တန်းရပ်ကွက်အတွင်းသို့ လှေဖြင့် သွားရောက်ကြည့်ရှုပြီး ပွဲတော်ကျောင်းတိုက်ရှိ ရေဘေးသင့်ပြည်သူများအား အားပေးထောက်ပံ့ကာ ရေဘေးသင့်ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုခံယူလျက်ရှိသော အမရသုခကုသိုလ်ပြုဆေးခန်းအတွက် ထောက်ပံ့ငွေ ကျပ် ၁၀ သိန်းနှင့် ရေဘေးကယ်ဆယ်ရေးအတွက် အသုံးပြုနိုင်ရန် ဖိုက်ဘာလှေ သုံးစင်းတို့ကို ပွဲတော်ကျောင်းတိုက်ဆရာတော်ထံ လှူဒါန်းသည်။

ထို့ပြင်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယာယီရေဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိသည့် ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ပြီး ဆရာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆပ်ကပ်လှူဒါန်းခဲ့သည်။

ယနေ့အထိ အမရပူရမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ပေးခဲ့သည့် ဆန်ရိက္ခာဖိုး၊ ခေါက်ဆွဲခြောက်နှင့် ရေသန့် စုစုပေါင်းတန်ဖိုး ငွေကျပ် ၅၀၂၄၅၃၀၀ ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၂**

မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် အမှတ်(၅၀) ရွှေတောင်ကြားလမ်း ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ရုပ်ရှင်အနုပညာရပ်ဝန်းစတူဒီယို(၁)၌ ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် လုပ်ငန်းကော်မတီဝင်များ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ယခင်နှစ်ကပင် စတင်ဆွေးနွေး တိုင်ပင်ဆောင်ရွက်ခဲ့ပါကြောင်း၊ နှစ် ၁၀၀ ပြည့် သမိုင်းဝင် အခမ်းအနားကြီးတစ်ခုဖြစ်သဖြင့် ရုပ်ရှင်လောကအတွက်သာမက နိုင်ငံတော်အတွက်ပါ လွန်စွာထူးခြားသည့် အခမ်းအနားကြီးဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလဖြစ်သည့်အတွက် ကန့်သတ်ချက်များကြားမှ မည်သို့ ကျင်းပနိုင်သည်ကို နည်းလမ်းရှာဖွေဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရာပြည့်အခမ်းအနားကျင်းပနိုင်ရေးအတွက် လိုအပ်သည့် ဆပ်ကော်မတီ ၁၆ ခုကို ဖွဲ့စည်းတာဝန်ပေးထားပြီး ဖြစ်ပါကြောင်း။



မိမိတို့၏တာဝန်မှာ ဆပ်ကော်မတီများ၏ လိုအပ်ချက်များကို ကူညီပေးရမည်ဖြစ်သကဲ့သို့ မိမိတို့ ဆောင်ရွက်လိုသည့် အစီအစဉ်များကိုလည်း ဦးစီးကော်မတီထံ တင်ပြအတည်ပြုချက် ရယူပေးရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများကို ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးပေးကြပါရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က ဆပ်ကော်မတီအသီးသီးက တင်ပြထားသည့် တင်ပြချက်များအနက် လုပ်ငန်းကော်မတီက ဆွေးနွေးဆုံးဖြတ်ပေးရန် လိုအပ်သည့်အချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီဝင်များက မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည့်ကိစ္စများ ဆွေးနွေးကြသည်။

မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနား ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၄၀ ဖြင့် ၂၀၂၀ ပြည့်နှစ် မတ် ၂၇ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး လုပ်ငန်းတာဝန်များအဖြစ် လိုအပ်သည့်ဆပ်ကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ရေးနှင့် လုပ်ငန်းများကြီးကြပ်ဆောင်ရွက်ရေး၊ ဆပ်ကော်မတီအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းကူညီဆောင်ရွက်ပေးရေးနှင့် အသုံးစရိတ်များ စိစစ်ကြပ်မတ်ရေးများအပါအဝင် လုပ်ငန်းတာဝန်လေးရပ် ပေးအပ်ထားကြောင်း သိရသည်။ **သတင်းစဉ်**

ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ်နှင့် ဆေးတက္ကသိုလ်များ

(ယမန်နေ့မှအဆက်)

မိမိတို့နိုင်ငံမှာ ယခင်က သတ်သတ်မှတ်မှတ်မရှိခဲ့တဲ့ “Medical Emergency”လို့ခေါ်တဲ့ အရေးပေါ်ဆေးပညာ ဘာသာရပ်ဟာလည်း ၂၀၁၄ ခုနှစ် နောက်ပိုင်းမှာ သီးခြားဘာသာရပ်တစ်ခုအနေနဲ့ ပေါ်ပေါက်လာရုံမက မဟာသိပ္ပံဘွဲ့လွန်သင်တန်းကိုပင် ဖွင့်လှစ်ပို့ချနေပြီ ဖြစ်ပါတယ်။

မိမိတို့နိုင်ငံအနေနဲ့ အခြေခံဆေးပညာဘွဲ့ အမ်ဘီဘီအက်(စ်) (MBBS) ဘွဲ့ကို ၁၉၃၀ ပြည့်နှစ်မှာ အဲဒီခေတ်က တစ်ခုတည်းရှိတဲ့ ဆေးတက္ကသိုလ်က စတင်ချီးမြှင့်ခဲ့ပြီး အခုဆို ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ မန္တလေး၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်၊ မကွေး စတဲ့ လေးကျောင်းမှာ အမ်ဘီဘီအက်(စ်) ဘွဲ့ကို ပေးနေကြပြီး နောက်ဆုံးဖွင့်လိုက်တဲ့ ဆေးတက္ကသိုလ် တောင်ကြီး အနေနဲ့ အခု နောက်ဆုံးနှစ်ကို လက်ခံသင်ကြားတော့မှာမို့ ၂၀၂၃ ခုနှစ်မှာ အမ်ဘီဘီအက်(စ်)ဘွဲ့ ချီးမြှင့်နိုင်တော့မှာပါ။ သက်တမ်းကြာတဲ့ ဆေးတက္ကသိုလ်တွေမှာ ဘွဲ့လွန်သင်တန်းတွေအနေနဲ့ ဒီပလိုမာသင်တန်း၊ မဟာသိပ္ပံပါရဂူသင်တန်းတွေဖွင့်လှစ်ပြီး ဘွဲ့ဒီဂရီတွေ အသီးသီးချီးမြှင့်ပေးနေသလို နိုင်ငံတကာဘွဲ့တွေ၊ သင်တန်းတွေကိုလည်း အဆက်မပြတ် ချိတ်ဆက်ရယူ လျက်ရှိပါတယ်။ အထူးသဖြင့် အင်္ဂလန်နိုင်ငံတော်ဝင် တက္ကသိုလ်(Royal Colleges) တွေနဲ့ လုံးဝအဆက် အသွယ်မပြတ်ရုံမက ယခင် ယူကေနိုင်ငံအထိ သွား ရောက်ဖြေဆိုပြီးမှရကြတဲ့ တော်ဝင်သမားတော်ဘွဲ့ အမ်အာရ်စီပီ (MRCP)၊ တော်ဝင်ခွဲစိတ်ကုဘွဲ့ (MRCS)၊ တော်ဝင်ကလေးအထူးကုဘွဲ့ (MRCPCH) တွေကို သက်ဆိုင်ရာဘာသာရပ်ရဲ့ တာဝန်ရှိဆရာကြီးတွေ ကြိုးပမ်းစွမ်းဆောင်မှုနဲ့ မိမိတို့နိုင်ငံထဲမှာပဲ ယူကေက စာစစ်ပုဂ္ဂိုလ်တွေ လာရောက်ကာ မြန်မာပညာရှင်တွေနဲ့ အတူ စာမေးပွဲတွေစစ်မေးပြီး ဘွဲ့တွေရရှိနေကြပါပြီ။

**ကမ္ဘာပေါ်မှာ ပထမဆုံးတွေ့ရှိ**

အဲဒီလို ကိုယ့်နိုင်ငံအတွက် စွမ်းစွမ်းတမံဆောင်ရွက် ခဲ့တာတွေကြောင့် ယူကေနိုင်ငံနဲ့ နိုင်ငံတကာရဲ့ ဂုဏ်ပြုဆုတွေ ချီးမြှင့်ခံခဲ့ရတဲ့ မြန်မာဆရာဝန်ပညာရှင် တွေလည်းရှိခဲ့ပါတယ်။ အမီးဗား ဝမ်းကိုက်ပိုးကြောင့် မိန်းမကိုယ်(ယောနိ) ရောင်ရမ်းပြီး အနာဖြစ်တဲ့ ရောဂါ ကို ကမ္ဘာပေါ်မှာ ပထမဆုံးတွေ့ရှိပြီး စာတမ်းပြုစုတင်ပြခဲ့ တာကြောင့် သူ့နာမည်နဲ့တွဲပြီး May’s Vaginitis/ May’s disease ရယ်လို့ ခေါ်တွင်စေကာ မီးယပ်ရောဂါဆိုင်ရာ Text Book ပြဋ္ဌာန်းစာအုပ်တွေမှာ ဖော်ပြခံခဲ့ရတဲ့ အမေကြီးပါမောက္ခ ဒေါ်ရင်မေပါ။

မြန်မာ့ဆေးလောကရဲ့ ရွှေခေတ်လို့ တင်စား ခေါ်ဝေါ်နိုင်တဲ့ ၁၉၅၀-၇၅ နှစ် တွေမှာ တာဝန်ယူခဲ့ကြတဲ့ ခွဲစိတ်ဆရာဝန်ကြီး ပါမောက္ခ ဦးကြည်ပေါ်၊ ဆေးပညာ ဘာသာရပ်မှာ မိမိတို့ ဆေးလောကမှာ “အဘ” လို့ တပည့်အများက ချစ်စနိုးခေါ်ကြတဲ့၊ အဲဒီ ခေတ် ဆေးလောကရဲ့ (Icon) ခေါင်းဆောင်ကြီးဖြစ်တဲ့ ပါမောက္ခဦးလှမြင့်၊ အထူးကု ဆေးပညာဘာသာရပ်(Medical Speciality) တွေရဲ့ Pioneer ဦးဆောင် ဆရာကြီးတွေဖြစ်တဲ့ နှလုံးရောဂါကုဆရာကြီး ဦးမိုဟန်နဲ့ဆရာကြီးဦးရွှေတင်၊ ဦးနှောက်အာရုံကြော အထူးကုဆရာဝန်မကြီး ဒေါ်မြတ်ကြည်သန်း၊ အဆုတ်နှင့် ရင်ခေါင်းရောဂါအတွက် ဆရာကြီး ဦးညွန့်တင်၊ အသည်းရောဂါအတွက် ဆရာကြီး ဦးခင်မောင်တင်၊ ဆီးနဲ့ကျောက်ကပ်ရောဂါအတွက် ဆရာကြီးဦးလှမွန်၊အစာအိမ်အူလမ်းကြောင်းရောဂါအတွက် ကထိက ဆရာဝန်ကြီး ဦးသိန်းထွဋ်တို့ဟာ မမေ့အပ်တဲ့ ကျေးဇူးရှင် ဆရာကြီးဆရာမကြီးတွေပါပဲ။ ဆေးပညာ သင်ကြားရေး (Medical Education) အပိုင်းမှာလည်း အဘ ဦးလှမြင့်ဟာ မြန်မာနိုင်ငံဆေးလောကရဲ့ ဆေးပညာ သင်ကြားရေး (Medical Education) ကဏ္ဍသစ်ကိုဖွင့်လှစ် ပေးခဲ့တဲ့ ဖခင်ကြီး (Father of Medical Education in Myanmar) လို့ သတ်မှတ်ထားကြပါတယ်။ အဘ ဦးလှမြင့်လိုပဲ ဆေးပညာဘာသာရပ်(Medicine subject) နဲ့ ဆေးပညာသင်ကြားရေး(Medical Education)ကို ခေတ်မီအောင်၊ ကိုယ့်နိုင်ငံအခြေအနေနဲ့လည်း အံဝင် အောင် ဝါယမစိုက်ထုတ်ခဲ့သူ နောက်တစ်ဦးကတော့ မိမိတို့ဆေးလောကမှာ မာမီကြီးလို့ သိကြ၊ ခေါ်ကြတဲ့ မန္တလေး ဆေးတက္ကသိုလ် ဆေးပညာဌာနမှူး၊ ပါမောက္ခ ဒေါ်မြင့်မြင့်ခင် ပါပဲ။ သားဖွားမီးယပ်ပညာရပ်မှာလည်း အမေကြီးဒေါ်ရင်မေ နောက်ပိုင်းမှာ အမေကြီးဒေါ်ခင်စီနဲ့ အမေကြီးဒေါ်လှကြည် တို့က တာဝန်လက်ဆင့်ကမ်းယူခဲ့ကြပြီး ဘာသာရပ် ပိုမိုတိုးတက်အောင် ဆောင်ရွက်ခဲ့ကြပါတယ်။

**နိုင်ငံအတွက် ဂုဏ်ယူစရာ ဖြစ်ခဲ့**

ကလေးကျန်းမာရေးပညာရပ်ဟာ အရင်က ဆေးပညာဘာသာရပ်ရဲ့ လက်အောက်ခံ သဘောမျိုး ရှိခဲ့ရာက မြန်မာနိုင်ငံကလေးကျန်းမာရေး ပညာဘာသာရပ် ရဲ့ ဖခင်ကြီး ပါမောက္ခဦးတင်ဦး ခေတ်မှာ သီးခြားဘာသာရပ် တစ်ခုအဖြစ် ပေါ်ထွက်လာခဲ့ပါတယ်။ ဆရာကြီးက ဆေးကုသရေးနဲ့ သင်ကြားရေးတွေတင်မက ဆေးရုံအုပ်ကြီး တာဝန်ကိုပါ နှစ်ပေါင်းများစွာ တာဝန်ယူခဲ့လို့လည်း အဲဒီ ဘာသာရပ်က တစ်ဟုန်ထိုး တိုးတက်လာရတာပါ။ ၁၉၇၀ ပြည့်လွန်နှစ်တွေမှာ မြန်မာနိုင်ငံအပါအဝင် အာရှတိုက် နိုင်ငံတွေမှာ သွေးလွန်တုပ်ကွေးရောဂါ စတင်ဖြစ်ပွားလာ ပြီး အသေအပျောက်တွေလည်း ရှိခဲ့ပါတယ်။ အဲဒီ ကြောက် စရာရောဂါကို ဆရာကြီး ဦးတင်ဦးက နိုင်ငံအတွင်းမှာ နိုင်နိုင်နင်းနင်း ထိန်းသိမ်းကုသနိုင်ရုံမက ဆရာကြီးရဲ့အဖိုး မဖြတ်နိုင်တဲ့ အတွေ့အကြုံကို အိမ်နီးနားချင်း နိုင်ငံတွေက ပါ အတုယူခဲ့ကြရပြီး ဆရာကြီးက အဲဒီအချိန်က သွေးလွန် တုပ်ကွေးရောဂါရဲ့ International Expert အဆင့်ဖြစ်ခဲ့ တာဟာ နိုင်ငံအတွက် ဂုဏ်ယူစရာ ဖြစ်ခဲ့ပါတယ်။

ဒီဆရာကြီး ဆရာမကြီးတွေဖောက်ခဲ့တဲ့ လမ်းပေါ် ဆက်လျှောက်ခဲ့ကြတဲ့ မျိုးဆက်အဆင့်ဆင့်ကလည်း ဆိုင်ရာ ဘာသာရပ်တွေကို ပိုမိုတိုးတက်အောင် ကြိုးစားအားထုတ် ခဲ့ကြပါတယ်။ ပင်မဘာသာရပ်တွေအပြင် အထူးကု၊



အဆင့်မြင့် ဆေးပညာကျွမ်းကျင်မှု ပုံတူပြုလေ့ကျင့်ရေးနှင့် သုတေသနအဆောက်အအုံ။

**မိမိတို့နိုင်ငံအနေနဲ့ အခြေခံဆေးပညာဘွဲ့ အမ်ဘီဘီအက်(စ်) (MBBS) ဘွဲ့ကို ၁၉၃၀ ပြည့်နှစ်မှာ အဲဒီခေတ်က တစ်ခုတည်းရှိတဲ့ ဆေးတက္ကသိုလ်က စတင်ချီးမြှင့်ခဲ့ပြီး အခုဆို ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ မန္တလေး၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်၊ မကွေးစတဲ့ လေးကျောင်းမှာ အမ်ဘီဘီအက်(စ်) ဘွဲ့ကို ပေးနေကြပြီး နောက်ဆုံးဖွင့်လိုက်တဲ့ ဆေးတက္ကသိုလ် တောင်ကြီးအနေနဲ့ အခု နောက်ဆုံးနှစ်ကို လက်ခံသင်ကြားတော့မှာမို့ ၂၀၂၃ ခုနှစ်မှာ အမ်ဘီဘီအက်(စ်)ဘွဲ့ ချီးမြှင့်နိုင်တော့မှာပါ။**

## ပါမောက္ခသိန်း ဆေးတက္ကသိုလ်(၁) ရန်ကုန်

အထူးပြုဘာသာရပ်တွေလည်းအများကြီးပေါ်ထွက်လာကြပါတယ်။ ပြည်တွင်းမှာ ဘွဲ့လွန်အသီးသီး တိုးချဲ့ဖွင့်လှစ် လေ့ကျင့်သင်ကြားပေးနေသလို ပြည်ပနိုင်ငံတွေနဲ့လည်း အဆက်မပြတ်ဘဲ ဘွဲ့တွေ၊ လေ့ကျင့်မှုသင်တန်းတွေ ရရှိအောင် ဆောင်ရွက်ခဲ့ကြပါတယ်။ စွမ်းစွမ်းတမံ ဆောင်ရွက်မှုတွေကြောင့် အသိအမှတ်ပြု ဆုချီးမြှင့်ခံရ တာတွေရှိခဲ့ပါတယ်။ လက်လှမ်းမီသလောက် တင်ပြရရင် FRCS (တော်ဝင်ခွဲစိတ်ဆရာဝန်) ဖြစ်မယ့် စာမေးပွဲတွေကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့တဲ့ ခွဲစိတ်ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးမောင်မောင်စိန်(အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်၊ ဆေးသိပ္ပံပညာဦးစီးဌာန)ကို အီဒင်ဘာရာ တော်ဝင်ခွဲစိတ်ကောလိပ် (Royal College of Surgeons of Edinburgh : RCSE) က ကောလိပ်ရဲ့ ဂုဏ်ထူးဆောင်တံဆိပ်နဲ့ လက်မှတ်ကို မြန်မာပြည်အထိ လာရောက်ချီးမြှင့်ပေးအပ်ခဲ့ပါတယ်။ ကလေးကျန်းမာရေးပညာရပ်မှာလည်း အာရှပစိဖိတ် ကလေး ကျန်းမာရေးပညာရပ် အဖွဲ့ကြီး (Asia Pacific Paediatric Society) က မိမိတို့ဆီက ကလေးအထူးကု ပါရဂူကြီးနှစ်ဦးဖြစ်တဲ့ ပါမောက္ခ ဦးအေးမောင်ဟန် (အငြိမ်းစား ပါမောက္ခချုပ် ဆေးတက္ကသိုလ်-၁ ရန်ကုန်) နဲ့ ပါမောက္ခဒေါ်သိန်းသိန်းမြင့်( အငြိမ်းစားဌာနမှူး ဆေးတက္ကသိုလ်-၁ ရန်ကုန်) တို့ကို နှစ်အလိုက် အာရှ ပစိဖိတ်ဒေသတွင် အထူးချွန်ဆုံး ကလေးအထူးကု ( An Outstanding Asia Pacific Paediatrician Award) ကို ချီးမြှင့်ခဲ့ပါတယ်။

**ယူကေပြင်ပစာစစ်ဌာနများအတွင်းမှ အကောင်းဆုံးချန်ပီယံဆု**

အဘဦးလှမြင့်ဟာ အီဒင်ဘာရာတော်ဝင်သမား တော်များကောလိပ် (Royal College of Physicians of Edinburgh) ရဲ့ မြန်မာပြည်အတွက် ပထမဆုံးဌာနေ ကိုယ်စားလှယ် (Regional Advisor) အဖြစ် ဆောင်ရွက် ခဲ့ပြီး MRCP မျိုးဆက်ရှင်သန်စေခဲ့သူပါ ။ တော်ဝင်သမား တော်ဘွဲ့ အမ်အာရ်စီပီ (MRCP) ဘွဲ့အတွက် ယခင်က ယူကေနိုင်ငံမှာသာ ဖြေဆိုခွင့်ရှိခဲ့တာကို အဘဦးလှမြင့် ခေတ်မှာ အပိုင်း(၁) ရေးဖြေစာမေးပွဲ(MRCP Part 1 written) ကို မိမိတို့နိုင်ငံမှာ ဖြေခွင့်ရအောင် စတင် ဆောင်ရွက်ခဲ့ပြီး အဘဦးလှမြင့်ရဲ့ ဌာနေကိုယ်စားလှယ် Regional Advisor ရာထူးကို ဆက်ခံခဲ့ကြတဲ့ ပါမောက္ခ ဆရာကြီး ဦးမြဦး၊ ပါမောက္ခဆရာကြီး ဦးမောင်မောင်ဝင့်၊ ပါမောက္ခဆရာကြီး ဦးစောနိုင်တို့ အဆက်ဆက်မှာ ကြိုးပမ်းမှုကြောင့် အပိုင်း(၂) (MRCP Part 2 written) ကိုပါ မိမိတို့နိုင်ငံမှာ ဖြေခွင့်ရခဲ့ကြပြီး ပါမောက္ခ ဦးညွန့်သိန်း တာဝန်ယူပြီးချိန်မှာ တစိုက်မတ်မတ်ကြိုးပမ်းမှု ကြောင့် အမ်အာရ်စီပီ (MRCP) စာမေးပွဲ နောက်ဆုံးအဆင့် (MRCP PACES ) စာမေးပွဲအပါအဝင် (၃) ဆင့်လုံးကို မြန်မာနိုင်ငံမှာတင် ဖြေဆိုခွင့်ရအောင် ဆောင်ရွက် ခဲ့ပါတယ်။ ပထမအဆင့် ရန်ကုန်စာစစ်ဌာန၊ ဒုတိယ မန္တလေးစာစစ်ဌာနတွေမှာ ကျင်းပနိုင်ရုံမက အဘက်ဘက် က ပြည့်စုံပြီး အဆင့်အတန်းလည်းရှိ၊ ယူကေပြင်ပ စာစစ် ဌာန (Overseas Centers) တွေထဲမှာ အောင်ချက်လည်း အကောင်းဆုံးရအောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့အတွက် ပါမောက္ခ ဒေါက်တာညွန့်သိန်းကို RCP Federation Group တော်ဝင်ကောလိပ်အဖွဲ့အစည်းက ၂၀၁၆ ခုနှစ်မှာ စပေးတဲ့ Inaugural PACES Champion Award for overseas center (ယူကေပြင်ပစာစစ်ဌာနများ အတွင်းမှ အကောင်းဆုံးချန်ပီယံဆု) ကို ချီးမြှင့်ခဲ့သလို အီဒင်ဘာရာ တော်ဝင်သမားတော်များ ကောလိပ်က College Medal ဂုဏ်ပြုတံဆိပ်တစ်ခု ထပ်မံချီးမြှင့် ဂုဏ်ပြုခဲ့ပါတယ်။

**စာမျက်နှာ ၇ သို့**

❂ စာမျက်နှာ ၆ မှ

ပြည်သူက ရွေးကောက်တင်မြှောက်တဲ့ ဒီမိုကရေစီ အစိုးရခေတ်မှာ ပညာရေးကို အထူးဦးစားပေးခဲ့သလို ပညာရေးနဲ့ ပတ်သက်တဲ့ပြုပြင်ပြောင်းလဲမှုတွေနဲ့ အတူ ချီးမြှင့်ဂုဏ်ပြုမှုတွေပါ ပိုမိုလုပ်ဆောင်လာရာ ကမ္ဘာ့ဆရာများနေ့(World Teachers Day) မှာ Best Teacher Award လို့ခေါ်ဆိုနိုင်မယ့် ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်ကြီးများဆုကို အောက်တိုဘာလ ၅ ရက်နေ့တိုင်းမှာ ပေးအပ်ချီးမြှင့်ခဲ့ရာ ပညာရေးဝန်ကြီးဌာနမှ ပုဂ္ဂိုလ်ကြီးတွေနဲ့အတူ ကျန်းမာရေးဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ ဆရာဝန် ကျောင်းဆရာကြီးတွေအနေနဲ့ ၂၀၁၆ ခုနှစ်မှာ ပါမောက္ခဦးမောင်မောင်ဝင့် (အငြိမ်းစားညွှန်ကြားရေးမှူးချုပ်၊ ဆေးသိပ္ပံဦးစီးဌာန)၊ ၂၀၁၇ ခုနှစ်မှာ ပါမောက္ခဦးအေးမောင်ဟန် (အငြိမ်းစားပါမောက္ခချုပ် ဆေးတက္ကသိုလ်-၁ ရန်ကုန်) ၊ ၂၀၁၈ ခုနှစ်မှာ ပါမောက္ခဦးညွန့်သိန်း (အငြိမ်းစားဆေးပညာဌာနမှူး ဆေးတက္ကသိုလ်-၁ ရန်ကုန်)နဲ့ ၂၀၁၉ ခုနှစ်မှာ ပါမောက္ခဦးအောင်သန်းဘတူ (အငြိမ်းစားညွှန်ကြားရေးမှူးချုပ်၊ ဆေးသုတေသန ဦးစီးဌာန)တို့ ဆက်တိုက် ဆုချီးမြှင့်ခံခဲ့ရတာဟာလည်း ဆေးလောကတစ်ခုလုံးရဲ့ ဂုဏ်ယူဝမ်းမြောက်ဖွယ်ပါပဲ။

**Alumni အဖွဲ့အစည်းတွေကို ဖွဲ့စည်းခဲ့**

ကမ္ဘာပေါ်က နိုင်ငံကြီးတွေမှာရှိကြတဲ့ ပညာသင်ကြားပေးတဲ့ တက္ကသိုလ်ကောလိပ်ကြီးတွေမှာ သက်တမ်းကြာရှည်လာတာနဲ့အမျှ Alumni လို့ခေါ်တဲ့ ကျောင်းသား ကျောင်းသူဟောင်းများ အသင်းတွေကို ဂုဏ်ယူဝင့်ကြွားစွာ ဖွဲ့စည်းတည်ထောင်လေ့ရှိကြပါတယ်။ ထိုနည်းတူစွာ မိမိတို့ဆေးတက္ကသိုလ်တွေမှာလည်း Alumni အဖွဲ့အစည်းတွေကို ဖွဲ့စည်းခဲ့ကြရာ ၂၀၁၅ ခုနှစ်မှာ ဆေးတက္ကသိုလ်(၁) ကျောင်းသားကျောင်းသူဟောင်းများအသင်း (University of Medicine-1 Alumni Association ) နဲ့ ဆေးတက္ကသိုလ် ( မန္တလေး)




ကျောင်းသားကျောင်းသူဟောင်းများအသင်း (University of Medicine-Mandalay Alumni Association )၊ ၂၀၁၆ ခုနှစ်မှာ ဆေးတက္ကသိုလ်(၂) ကျောင်းသားကျောင်းသူဟောင်းများအသင်း (University of Medicine-2 Alumni Association )တွေကို အသီးသီး ဖွဲ့စည်းထားကြပြီး မိခင်ကျောင်းအသီးသီးရဲ့ လိုအပ်တဲ့ ကွက်လပ်လေးတွေကို တစ်တပ်တစ်အားဖြည့်ဆည်း ပံ့ပိုးကျေးဇူးဆပ်ကြလျက်ရှိပါတယ်။ ပြောင်းလဲလာတဲ့ ခေတ်စနစ်အရ ဆေးတက္ကသိုလ်တွေမှာလည်း ဆေးတက္ကသိုလ်အလိုက် ကျောင်းသားသမဂ္ဂတွေကို စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ ဖွဲ့စည်းတည်ထောင်ခွင့်ရကြလို့ ကျောင်းသားအရေးတွေ ဆောင်ရွက်နေကြပါပြီ။

ဆေးပညာသင်ကြားရေးအနေနဲ့ ၂၀၁၃-၂၀၁၄ ခုနှစ်မှစပြီး World Federation of Medical Education ( WFME) ရဲ့ Global Standard နဲ့အညီ ဖြည့်စွက်ပြုပြင်ပြောင်းလဲလျက်ရှိရာ ၂၀၁၉ ဒီဇင်ဘာလမှစပြီး ဘွဲ့ကြိုသင်တန်းတွေကို Outcome Based Integrated Curriculum သို့လည်းကောင်း၊ ဘွဲ့လွန်သင်တန်းကို Competency Based Training / Workplace Based Assessment သို့လည်းကောင်း လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။

**ဖွင့်လှစ်ပေးခဲ့**

ထိုကဲ့သို့ နိုင်ငံတော်ရဲ့ လိုအပ်ချက်နဲ့ ခေတ်စနစ်နဲ့ အညီ ပညာကို ပို့ချဖြန့်ဖြူးနိုင်ဖို့အတွက်လည်း အဆင့်မြင့် Medical Skill, Simulation and Research Center



ဆေးပညာ ကျွမ်းကျင်မှု ပုံတူပြုလေ့ကျင့်ရေးနှင့် သုတေသန အဆောက်အအုံကို နိုင်ငံတော်က ကုန်ကျခံငွေကျပ်သန်းပေါင်း ၉၈၁၃ ဒသမ ၈၀ သန်း၊ ပြည်သူလူထု စေတနာရှင် အလှူရှင်များက ထည့်ဝင်ငွေကျပ်သန်းပေါင်း ၂၃၆၀ (မိမိတို့ဆေးတက္ကသိုလ်-၁ ကျောင်းသား ကျောင်းသူဟောင်းများအသင်းကြီးက သိန်း ၆၀၀ အပါအဝင်) စုစုပေါင်း ကုန်ကျငွေ ကျပ်သန်းပေါင်း ၁၂၁၇၃ ဒသမ ၈၀ သန်းဖြင့် တည်ဆောက်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့ပါတယ်။

**ရန်ကုန်တက္ကသိုလ်ရဲ့ အထိမ်းအမှတ်ရတုပွဲကြီးများ**

၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလမှာ ရန်ကုန်တက္ကသိုလ်ရဲ့ နှစ် ( ၅၀) မြောက် ရွှေရတုသဘင်ကို ကျင်းပခဲ့ကြပါတယ်။ တော်လှန်ရေး အစိုးရခေတ်မှာပါ။ မိမိက ၁၉၆၉ ခုနှစ်မှာ ဆေးတက္ကသိုလ်(၁) ရန်ကုန်ရဲ့ ပထမနှစ်အငယ်တန်း (First MB Junior) ကျောင်းသားဖြစ်ခဲ့တာမို့ ရွှေရတုကျင်းပတဲ့ ၁၉၇၀ ပြည့်နှစ်မှာ ပထမနှစ် အကြီးတန်း (First MB Senior) ဘဝနဲ့ ကြုံခဲ့ရတာပါ။ အဲဒီအချိန်က ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် (အဲဒီခေတ်အခေါ် RASU – Rangoon Arts and Science University ) ပါမောက္ခချုပ်




က ဆရာကြီး ဒေါက်တာမောင်မောင်ခ၊ မော်ကွန်းထိန်းက ဒေါ်စိန်စိန်ပါ။ မိမိတို့ဆေး(၁)ရဲ့ ပါမောက္ခချုပ်က ဆရာကြီး ဒေါက်တာဘသန်း၊ မော်ကွန်းထိန်းက ဦးကျော်ခင်ပါ။

မိမိတို့ ပထမနှစ်နှစ်တန်းက ကျောင်းရဲ့အငယ်ဆုံး အတန်းတွေဆိုတော့ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ရွှေရတုပွဲကို ကျောင်းအနေနဲ့ တစ်တပ်တစ်အား ပါဝင်ခဲ့ကြရပါတယ်။ မိမိတို့ ပထမနှစ်တွေကို ဦးဆောင်ပေးကြသူတွေက ဓာတုဗေဒဌာနမှူး ဒေါက်တာ မင်းတင်မွန်နဲ့ အင်္ဂလိပ်စာဌာနမှူး ဒေါ်ခင်သီတာတို့ပါ။ အတန်းလိုက်၊ အဖွဲ့လိုက် ဆိုင်လေးတွေဖွင့်၊ ရန်ပုံငွေရှာကြဖို့ ဆောင်ရွက်ကြရပါတယ်။ မိမိ သေသေချာချာမှတ်မိနေတာကတော့ အဲဒီ ရွှေရတု အထိမ်းအမှတ် ပို့စကတ်( Post Card ) လေးတွေကို ရွှေရတု ဗဟိုကော်မတီက ထုတ်ခဲ့တာပါ။ အမှတ်မမှားဘူးဆိုရင် ဆရာဦးနန်းဝေ ရေးဆွဲတဲ့ အဖြူအမည်း ( Post Card လေး သုံးခု ) တစ်ခုက ဘွဲ့နှင်းသဘင်ခန်းမ( Convocation Hall)၊ နောက်တစ်ခုက သစ်ပုပ်ပင်ပုံ၊ နောက်ဆုံးတစ်ခုက ဆေး(၁) ရဲ့ လိပ်ခုံး ခန်းမပုံပါ။

မိမိတို့ကျောင်းအနေနဲ့လည်း ဆရာကြီး ဒေါက်တာ မင်းတင်မွန်ဦးစီးပြီး စာရေးစက္ကူအတွဲ (Writing Pad) လေးတွေ ထုတ်ခဲ့ကြပါတယ်။ မျက်စိထဲမှာ အခုထိမြင်ယောင်မိနေပါတယ်။ အဖုံးအပြာလေးပေါ်မှာ၊ လေးထောင့်ပတ်လည်မှာ အဲဒီခေတ်က တက္ကသိုလ်တွေရဲ့ ကျောင်းတံဆိပ် (logo) လေးတွေ အစီအရီ ရိုက်ထားတာပါ။ မိမိတို့တွေ စာသင်ချိန်အချို့ကို တရားဝင်ခွင့်တောင်း၊ တချို့ကို




အတန်းမတက်ဘဲ အဲဒီ Post Card နဲ့ Writing Pad တွေကို မြို့ထဲအထိဆင်းပြီး ဈေးတွေ၊ ရုံးတွေမှာ တစ်ဆိုင်ပြီး တစ်ဆိုင်၊ တစ်ရုံးပြီးတစ်ရုံး လိုက်ရောင်းပြီး ရန်ပုံငွေရှာခဲ့ကြပါတယ်။

**ဆန့်တငင်ငင်နဲ့ ပြီးခဲ့ကြရ**

ရွှေရတုပွဲကို ဒီဇင်ဘာလ ၁ ရက်ကနေ ၅ ရက် အထိ ကျင်းပဖို့ စီစဉ်ထားတယ်လို့ ထင်ပါတယ်။ အာရုံထဲမှာ အခုထိမြင်ယောင်နေပါတယ်။ ပြည်လမ်း ဟံသာဝတီအဝိုင်းကျော်ပြီး ဟိုဘက်မှာ ပညာရေးတက္ကသိုလ်၊ ဆေးတက္ကသိုလ်(၁)လိပ်ခုံး ပြီးတော့ ပြည်ဆောင်၊ တကောင်းဆောင်၊ ကမာရွတ် မီးပွိုင့်ကျော် မန္တလေးဆောင်၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ဝင်း၊ ဂျပ်ဆင်ပြီးတော့ စီးပွားရေးတက္ကသိုလ် အလွန် အင်းယားလမ်းကွေ့အထိ ရွှေရတုပွဲအတွက် နေရာပေးကျင်းပခဲ့လို့ ခင်းကျင်းထားကြတာကိုပါ။ မိမိတို့တွေကတော့ လိပ်ခုံးဝင်းအတွင်း ရေကန်လေးပတ်ပတ်လည်မှာ ဆိုင်ခန်းလေးတွေ မဲကျတဲ့နေရာမှာ အုပ်စုလိုက် ရောင်းချမယ့် ဆိုင်လေးတွေခင်းကျင်း ပြင်ဆင်ခဲ့ကြပါတယ်။ မိမိတို့ အုပ်စုက ဘူးသီးကြော်နဲ့ လက်ဖက်ရည်ဆိုင်ဖွင့်ဖို့ စီစဉ်ဆောင်ရွက်ကြပါတယ်။ အတန်းထဲက အချောအလှမမတွေဖြစ်တဲ့ မနယ်လီတို့၊ မမာရီတို့၊ မဝင်နီတို့တွေက Song Request လုပ်ကြသလို ကိုယ့်အစုနဲ့ကိုယ် ဆိုင်လေးတွေ ပြင်ဆင်ဖွင့်လှစ်ရောင်းချကြပါတယ်။ အတော်များများက မိမိတို့ကျောင်းနဲ့ ဆိုင်ကို အဓိကထားပြီး ပထမရက်တွေမှာ ရောင်းကြပြီး နောက်ပိုင်းရက်တွေကျမှ ကျန်တက္ကသိုလ်တွေ သွားလည်မယ်ပေါ့ ။ တချို့ကတော့ အရင်လည်ပြီးနောက်ရက်တွေဆိုင်ထိုင်ပေါ့။ မိမိက ပထမဆိုင်ထိုင်အုပ်စုပါ။ ဒီဇင်ဘာလ ၁ ရက် နဲ့ ၂ ရက်မှာ မိုးလည်း အတော်ရွာလိုက်ပါသေးတယ်။ ဒါပေမဲ့ ဆူပူမှုအရေးအခင်းကြောင့် ပြီးအောင်မကျင်းပရဘဲ ရွှေရတုပွဲပါ ရပ်လိုက်ရလို့ မိမိတို့ပွဲကို အပြည့်မဆင်နွှဲရဘဲ ဆန့်တငင်ငင်နဲ့ ပြီးခဲ့ကြရပါတယ်။

**ငွေကျပ်သိန်း ၆၃၀ အကုန်အကျခံကာ ဆောက်လုပ်**

၁၉၉၅ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှာ ရန်ကုန်တက္ကသိုလ်ရဲ့ (၇၅) နှစ်ပြည့် စိန်ရတုသဘင်ကိုတော့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (န ဝ တ) အစိုးရခေတ်မှာ တစ်ပတ်ကြာ ကျင်းပခဲ့ကြပါတယ်။ မိမိက ၁၉၈၁ ခုနှစ်မှာ သင်ကြားရေး ဆရာဝန်ဖြစ်နေတော့ စိန်ရတုပွဲကို ဆရာအနေနဲ့ ဆင်နွှဲရမှာဖြစ်ပေမယ့် အမ်အာရ်စီပီ (MRCP) အတွက် ယူကေနိုင်ငံကို ပညာတော်သင်သွားနေတဲ့ကာလနဲ့တိုက်ဆိုင်သွားလို့ ပွဲနဲ့လွဲခဲ့ရပါတယ်။ အဲဒီတုန်းက စိန်ရတုအထိမ်းအမှတ်အဖြစ် ရန်ကုန်တက္ကသိုလ် (ယခု ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်) ဝင်းအတွင်းမှာ စိန်ရတုခန်းမကို ငွေကျပ်သိန်း ၆၃၀ အကုန်အကျခံကာ ဆောက်လုပ်ခဲ့တယ်လို့ မှတ်သားမိပါတယ်။ အဲဒီအချိန်က ရာဇူးရဲ့ ပါမောက္ခချုပ်က ဆရာကြီးဒေါက်တာထွန်းမောင်ဖြစ်ပြီး မိမိတို့ဆေးတက္ကသိုလ်(၁) ရန်ကုန်ရဲ့ ပါမောက္ခချုပ်က ပါမောက္ခဒေါက်တာမြဦးနဲ့ မော်ကွန်းထိန်းက ဒေါ်ခင်ဆွေအေးပါ။

ဆေးတက္ကသိုလ်(၁) ရန်ကုန်အနေနဲ့ ၁၉၉၅ ခုနှစ် အောက်တိုဘာလကစပြီး ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင် အကြိုလှုပ်ရှားမှုတွေ စတင်ဆောင်ရွက်ခဲ့ပါတယ်။ အောက်တိုဘာလ ၅ ရက်နေ့မှာ ဆေးကောလိပ်ခေတ် ဆေးပညာမဟာဌာနခေတ်တွေက ကျောင်းသားဟောင်းကြီးတွေနဲ့ ဆေးတက္ကသိုလ်(၁) ရန်ကုန် မျိုးဆက်သစ်ကျောင်းသားဟောင်းတွေ တွေ့ဆုံပွဲ၊ သက်ကြီးကျောင်းသားဟောင်း (ဆရာဝန်)ကြီးတွေကို ပူဇော်ကန်တော့ပွဲတို့ကို ပြုလုပ်ကျင်းပခဲ့ပါတယ်။ သမိုင်းဝင်ဓာတ်ပုံတွေပြပွဲကို ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ ဆေးတက္ကသိုလ် (မန္တလေး) အားလုံး ပူးပေါင်းဆောင်ရွက်ပြီး ခမ်းနားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပခဲ့ပါတယ်။ ဆေး(၁) ရဲ့ မျိုးဆက်သစ်ကျောင်းသား ကျောင်းသူတွေအနေနဲ့ တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲနဲ့ လှယဉ်ကျေးမယ်ပြိုင်ပွဲများမှာ ပါဝင်ဆင်နွှဲခဲ့ကြပါတယ်။ ဆေးတက္ကသိုလ်(၁) ကျောင်းသူလေး လှိုင်ထိပ်ထားခင်က နောက်ဆုံး ဆန်ခါတင်အဆင့်အထိပါရှိကာ ဆုတွေရရှိခဲ့ပါတယ်။

**ဆုံးဖြတ် အတည်ပြုခဲ့**

အခု ၂၀၂၀ ပြည့်နှစ် နှစ်တစ်ရာပြည့် အခမ်းအနားကတော့ ပြည်သူရွေးကောက်တင်မြှောက်ထားတဲ့ ဒီမိုကရေစီ ပြည်သူ့အစိုးရခေတ်မှာကျရောက်နေပါတယ်။ ဒီလို ထူးခြားမွန်မြတ်လှတဲ့ ရာပြည့်ပွဲတော်ကြီးကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဗဟိုကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူကာ ၂၀၂၀ ပြည့်နှစ် တစ်နှစ်လုံးလိုလို အစီအစဉ်အခမ်းအနား အမျိုးမျိုး စဉ်ဆက်မပြတ်လုပ်သွားဖို့ ၂၀၁၉ ခုနှစ် အောက်တိုဘာလမှာ ကျင်းပခဲ့တဲ့ ရန်ကုန်တက္ကသိုလ်နှစ် (၁၀၀) ပြည့်၊ ရာပြည့်သဘင်အခမ်းအနားကျင်းပရေး ဦးစီးကော်မတီအစည်းအဝေး (၁/၂၀၁၉)မှာ ဆုံးဖြတ်အတည်ပြုခဲ့ကြပါတယ်။

ဒီသမိုင်းဝင်ရာပြည့်ပွဲတော်မှာတော့ မိမိက ဆေးတက္ကသိုလ်(၁)ရန်ကုန်ရဲ့ သက်တော်ရှည် ဂုဏ်ထူးဆောင် ပါမောက္ခဖြစ်နေပါပြီ။ ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ရဲ့ ပါမောက္ခချုပ်က ဒေါက်တာဖိုးကောင်းဖြစ်ပြီး မိမိတို့ဆေးတက္ကသိုလ်(၁) ရန်ကုန်ရဲ့ ပါမောက္ခချုပ်က ပါမောက္ခ ဒေါက်တာ ဇော်ဝေစိုးပါ။ မော်ကွန်းထိန်းက ဒေါ်မြမြမူပါ။ နောက်ထပ်ဂုဏ်ယူစရာတစ်ခုက မိမိတို့ဆေးတက္ကသိုလ်(၁) ရန်ကုန်ရဲ့ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးက မြန်မာတစ်ပြည်လုံးမှာရှိတဲ့ တက္ကသိုလ် (ကောလိပ်) အားလုံးရဲ့ ပါမောက္ခချုပ်များကောင်စီမှာ (Rectors Council) ဥက္ကဋ္ဌတာဝန်ကို မဲစနစ်နဲ့ ရွေးချယ်တင်မြှောက်ခံထားရလို့ တာဝန်ထမ်းဆောင်နေရခြင်းပါပဲ။

**ဆောင်ရွက်လုပ်ကိုင်နိုင်မှုမရှိသေး**

အခု ၂၀၁၉ နှစ်ကုန်မှာ တရုတ်နိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့က အစပြုခဲ့ပြီး ကမ္ဘာ့ကပ်ရောဂါ ( Pandemic) အသွင်ဖြစ်နေတဲ့ ကိုဗစ်-၁၉ ရောဂါဆိုးကြီးကြောင့် ကမ္ဘာ့နိုင်ငံအနှံ့အပြား ဒီရောဂါဆိုးကြီးကို ထိန်းချုပ်၊ ကာကွယ်၊ စောင့်ကြည့်ကုသမှုတွေ အဆင့်ဆင့်ကို သတိကြီးစွာလုပ်နေကြရတာမို့ နိုင်ငံတိုင်းလိုလိုမှာ လူမှုရေး၊ ပညာရေး၊ ဘာသာရေး၊ ဆက်သွယ်ရေး ဘက်ပေါင်းစုံထိခိုက်နစ်နာ ယုတ်လျော့မှုတွေ ကြုံတွေ့နေကြရတာမှာ မိမိတို့နိုင်ငံလည်းအပါအဝင်ပါ။ ဒါကြောင့် ဒီနှစ်အဖို့ အခုအထိ ရာပြည့်ပွဲတော်အတွက် အစီအစဉ်အတိုင်း ဆောင်ရွက်လုပ်ကိုင်နိုင်မှုမရှိသေးပါဘူး။

အခု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင်ဦးစီးပြီး ဝန်ကြီးဌာန အသီးသီး ၊ လူမှုရေး အဖွဲ့အစည်းအစုံနဲ့ ပြည်သူလူထုတစ်ရပ်လုံးက ဒီ ကိုဗစ်-၁၉ ရောဂါဆိုးကြီးကို ကာကွယ်၊ ထိန်းသိမ်း၊ စောင့်ရှောက်ကုသမှုတွေကို အဘက်ဘက်က မလစ်ဟင်းရအောင် အထူးသတိထားကြပ်မတ်ဆောင်ရွက်နေမှုကြောင့် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုတွေ တွေ့နေရသလို နိုင်ငံတကာရဲ့ ဂုဏ်ပြုချီးကျူးမှုတွေလည်း ရရှိနေတဲ့အချိန်ပါ။

ဒီ ကိုဗစ်-၁၉ ရောဂါဆိုးကြီးအကြောင်း ဘယ်သူမှ ကံသေကံမ အသေအချာ မပြောနိုင်သေးလို့ နှစ်တစ်ရာပြည့်မြောက်တဲ့ ဒီဇင်ဘာလမှာ ရာပြည့်ပွဲတော်ကို ဘယ်အဆင့်လောက်အထိ စည်စည်ကားကားသိုက်သိုက်မြိုက်မြိုက် ကျင်းပနိုင်မလဲဆိုတာကို ဒီဆောင်းပါးရေးတဲ့ ဇူလိုင်လလယ်အထိ ခန့်မှန်း ဆုံးဖြတ်လို့မရသေးပါဘူး။ မိမိအနေနဲ့ မိမိတို့ အမိဆေးတက္ကသိုလ်ရဲ့ မူလမိခင်ကြီးဖြစ်တဲ့ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ကြုံတောင့်ကြုံခဲ ရာပြည့်ပွဲတော်ကြီးအတွက် ရန်ကုန်တက္ကသိုလ်ကြီးက မြစ်ဖျားခံပေါက်ဖွားလာခဲ့တဲ့ မိမိတို့ဆေးလောကရဲ့ ကြီးပြင်းတိုးတက် အရွယ်ရောက်လာမှုလေးတွေကို မှတ်တမ်းမှတ်ရာအဖြစ် ကျန်အောင် ဂုဏ်ပြုရေးသားရင်း အမိရန်ကုန်တက္ကသိုလ်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့အဓွန့်ရှည်ပါစေကြောင်း ဆုတောင်းပတ္ထနာပြုလိုက်ရပါကြောင်း။ ။

**ကျမ်းကိုး ။ ဆေးတက္ကသိုလ်(၁) နှင့် ရန်ကုန်ဝိဇ္ဇာ / သိပ္ပံတက္ကသိုလ် နှစ်လည် မဂ္ဂဇင်းများ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လှူဒါန်းမှုများအား လက်ခံ

**နေပြည်တော် ဇူလိုင် ၂၂**
Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ အတွင်းရေးမှူး (၂)၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ အလှူရှင်များက Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီထံသို့ လှူဒါန်းမှု များအား လက်ခံသည်။

ရှေးဦးစွာ ခိုလုံလီရှောတိုင်းရင်းသားများ ယဉ်ကျေးမှု အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ သူရဲကောင်း မှတ်တမ်းဝင် သီဟသုဓမ္မ မဏိဇောတဓရ ဦးကျော်မြင့်က အလှူရှင်များကိုယ်စား လှူဒါန်းရသည့် အကြောင်းရင်းများကို ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားချိန်တွင် နိုင်ငံအကျိုးအတွက် စုစည်း ညီညွတ်စွာဖြင့် ဆောင်ရွက်နေမှုများနှင့် လှူဒါန်းမှုများ အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ လှူဒါန်းမှု များသည် ယခု ကိုဗစ်-၁၉ ဖြစ်စဉ်တွင် လူနာများအတွက် အသုံးပြုနိုင်မည်သာမက ရေရှည်တွင် ကျန်းမာရေးစနစ် ပိုမိုကောင်းမွန်စေမည့် အရင်းအနှီး အထောက်အပံ့များ ဖြစ်သဖြင့် အကြိမ်ကြိမ်အကျိုးရှိနေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

လှူဒါန်းမှုအခမ်းအနားတွင် ခိုလုံလီရှောတိုင်းရင်းသား များယဉ်ကျေးမှုအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ သူရဲကောင်းမှတ်တမ်းဝင် သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်မြင့်နှင့်ဇနီး သီရိ သုဓမ္မသီဂိ ဒေါ်ဝင်းမြင့်တို့က ငွေကျပ်သိန်း ၁၃၆၀ တန်ဖိုးရှိ ပိုးသတ်သန့်စင်ဆေးဖျန်းယာဉ်၊ ဆိုင်ကယ်၊ ပိုးသတ်ဆေးရည်နှင့် တစ်ကိုယ်ရေသုံး ကာကွယ်ရေး ပစ္စည်းများ၊ တယ်လီနော မြန်မာက ငွေကျပ် ၆၄၂၆၈၅၇၂ ဒသမ ၆၆၊ တယ်လီနောမြန်မာ သုံးစွဲသူမိဘပြည်သူများ ၏ စာတိုတစ်စောင် အလှူငွေတစ်ထောင် အစီအစဉ်က ငွေကျပ် ၅၇၃၁၄၂၇ ဒသမ ၂၄၊ Connell Bros.Co. (Singapore) Pte Ltd.(Myanmar Branch) က အမေရိကန် ဒေါ်လာ ၈၀၀၀ တန်ဖိုးရှိ Hand sanitizer ၁၀၀၀၊ DOW Chemical (Myanmar) Ltd. က အမေရိကန်ဒေါ်လာ ၈၀၀၀ တန်ဖိုးရှိ Hand sanitizer ၁၀၀၀၊ မိဘဆွေမျိုးများ အမှူးထား၍ မောင်သျှိုင်းထက်အောင် (၂၂)နှစ်ပြည့် မွေးနေ့ အလှူငွေကျပ်သိန်း ၁၀၀ နှင့် ကဏ္ဍအသီးသီးရှိ ဆေးဝါး တက္ကသိုလ်ကျောင်းဆင်းများက ငွေကျပ် ၄၃ ဒသမ ၁ သိန်းတို့အား လှူဒါန်းခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းတို့ က လက်ခံခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ် သည်။



ဆက်လက်၍ ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း ဥက္ကဋ္ဌ ဦးခင်စိုးနှင့် အသင်းဝင်များက Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသား အဆင့်ဗဟိုကော်မတီထံသို့ ငွေကျပ် ၃၄၅၁၄၂၀၀ တန်ဖိုးရှိ မြေပဲဆီနှင့် နေကြာဆီအမျိုးမျိုး ၁၀၀၁၄ ဘူးအား လှူဒါန်းမှု များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီတို့ Video Conferencing အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ အဖွဲ့အစည်းတစ်ခုဖြစ်သည့် US-ASEAN Business Council (US-ABC) အကြား ကိုဗစ်-၁၉ နှင့် ဆက်စပ်၍ ခရီးသွားလုပ်ငန်းဆိုင်ရာ အလေ့အကျင့် ကောင်းများ ပူးပေါင်းဖလှယ်ရေးနှင့် ကိုဗစ်-၁၉ အလွန် ခရီးသွားလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေးလုပ်ငန်း စဉ်များတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများတွင် ကိုဗစ်-၁၉ သက်ရောက်မှုများ လျှော့ချရန်ရည်ရွယ်ကျင်းပ သည့် အစည်းအဝေးကို ယနေ့တွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၌ Video Conferencing ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီး ဌာနမှ ဒုတိယဝန်ကြီး ဦးတင်လတ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။



အစည်းအဝေးတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံတွင် လက်ရှိ ကိုဗစ်-၁၉ ဖြစ်ပေါ်မှုအခြေအနေ၊ ကိုဗစ်-၁၉ ကြောင့် ခရီးသွားလုပ်ငန်းကဏ္ဍအပေါ် သက်ရောက်မှုများကို လေ့လာဆန်းစစ်မှုများ ဆောင်ရွက်နေမှုနှင့် ဆိုးကျိုး သက်ရောက်မှုများ လျှော့ချနိုင်ရေးအတွက် နိုင်ငံတော်၏ COVID-19 Economic Relief Plan နှင့် ဝန်ကြီးဌာန၏ COVID-19 Myanmar Tourism Strategic Road Map အရ Stimulus Package နှင့် ချေးငွေပံ့ပိုးပေးမှု၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ WHO၊ UNWTO နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့၏ လမ်းညွှန်မှုနှင့် အညီ ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ် နိုင်ရေး စီစဉ်ဆောင်ရွက်နေမှုအခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှုနှင့် ကာကွယ်မှုကောင်းမွန်သည့် ဒေသတွင်းနိုင်ငံများနှင့် Travel Bubble/Travel Corridor အကောင်အထည်ဖော်ရန် ညှိနှိုင်းဆောင်ရွက်နေမှုနှင့် ဝန်ကြီးဌာန၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများကို ဆွေးနွေးပြောကြားသည်။

အစည်းအဝေးသို့ US-ABC ၏ တာဝန်ရှိသူများနှင့် အတူ အဖွဲ့ဝင်ကုမ္ပဏီများဖြစ်ကြသော Agoda၊ Expedia Group၊ Google၊ Marriott International နှင့် Visa တို့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပြီး ဆက်စပ် နိုင်ငံများအတွင်း ကဏ္ဍအလိုက်ဆောင်ရွက်ခဲ့သည့် ကိုဗစ်- ၁၉ ဆိုင်ရာ အတွေ့အကြုံကောင်းများနှင့် လက်ရှိဆောင်ရွက် နေမှု အခြေအနေများအပါအဝင် မြန်မာနိုင်ငံ၏ခရီးသွား လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းများအရ ဟိုတယ်၊ ခရီးသွားလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက် လိုသည်များနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းများ ပြန်လည် ဖွင့်လှစ်မည့်အခြေအနေများကို ပြန်လည်ဆွေးနွေးမေးမြန်း ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးနှင့် ကိုဗစ်-၁၉ အလွန် မြန်မာနိုင်ငံ၏ ခရီးသွား လုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေးအတွက် ဒစ်ဂျစ်တယ် နည်းပညာ အခြေခံသော လူ့စွမ်းအားအရင်းအမြစ်မြှင့်တင် ရေး၊ ဈေးကွက်မြှင့်တင်ရေး၊ Digital Payment ဖြင့် ငွေပေးချေရေးနှင့် အွန်လိုင်းခရီးသွားဝန်ဆောင်မှုလုပ်ငန်း များ လိုင်စင်ရယူရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်း ဆောင်ရွက်သွားမည့်အခြေအနေများကို ဆွေးနွေးညှိနှိုင်းခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

**နေပြည်တော် ဇူလိုင် ၂၂**
နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားတိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရာတွင် စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအား တိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင် အေးချမ်းသာယာရေး၊ စက်ရုံ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေး အကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝမှန်မှန်ကန်ကန် ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိ သည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် အမျိုးသား ၅၇၄၆ ဦး၊ အမျိုးသမီး ၉၅၂၀ တို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ် စုစုပေါင်း ၁၅၂၆၆ ဦး ချုပ်ဆိုခဲ့သည်။ အလုပ်ရှင်/အလုပ်သမားအငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိဆောင်ရွက် ခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်း လက်ခံရရှိမှု ၂၃၁ မှုတွင် အခြားဌာနသို့ လွှဲပြောင်းမှု ငါးမှု၊ ကျေအေးမှု ၂၄ မှု၊ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု ၅၃ မှု၊ ပိတ်သိမ်းမှု ၂၂ မှု၊ ငွေကြေးအကျိုးခံစားခွင့် ၇၉ မှု နှင့် လက်ကျန်အမှု ၄၈ မှုတို့ဖြစ်ပြီး ငွေကြေးအကျိုးခံစားခွင့်ရှိသူ ၇၆၅ ဦးအား ငွေကျပ် ၃၅၈ ၅၉၈၆၂၄ ကို ခံစားခွင့်ရရှိစေခဲ့သည်။

**သိန်းပေါင်း ၅၀၀၀ ကျော် ခံစားခွင့်ပေး**

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများ ပြည်သူအလုပ်ပိတ်ရက်အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကိုငွေကြေးဖြင့် ခံစားခွင့် ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူအလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များ ရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၅၀၀၀ ကျော်ကို ခံစားခွင့်ပေးနိုင်ခဲ့သည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့် အလုပ်ရှင်၊ အလုပ် သမား အငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက်ရာ၌ ခုံသမာဓိအဖွဲ့တွင် ၃၃ မှုနှင့် ခုံသမာဓိကောင်စီတွင် ၂၂ မှုကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သောစက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေး နှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များ အလိုက် ငွေကျပ် သိန်းပေါင်း ၇၇၀၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံ အလုပ်သမား ၁၁၃၀ အတွက် ဆေးဖိုးကုန်ကျငွေကျပ်သိန်း ၁၃၀၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။

အာမခံအလုပ်သမားများအား ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်း အလုပ်သမား ဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှု အခြေအနေများမှာ အလုပ်သမားဆေးရုံကြီး သုံးရုံ (ပြင်ပလူနာ ၆၄၄၆ ဦး၊ အတွင်းလူနာ ၄၆၃ ဦး တွင် ၆၉၀၉ ဦး၊ လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်း၊ ဌာနကြီးဆေးခန်း ၅၉ ခန်းနှင့် လူမှုဖူလုံရေး- ကဲဝဲလ်ဆေးခန်း ၁၂ ခန်းနှင့် PPS စနစ်ဖြင့် စာချုပ်ချုပ်ဆိုထားသည့်ဆေးခန်း ခုနစ်ခန်းတို့မှ ဆေးကုသပေးမှုအနေဖြင့် ၈၈၈၅၆ ဦး၊ လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသမှု ၁၃ ကြိမ်မှ ၁၃၆ ဦးတို့ကို ဆောင်ရွက်ပေး နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# JMC အဆင့်ဆင့် အရပ်သားကိုယ်စားလှယ်များ၏ နဝမအကြိမ် မျက်နှာစုံညီအစည်းအဝေး ကျင်းပ



**ရန်ကုန် ဇူလိုင် ၂၂**

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အဆင့်ဆင့် အရပ်သားကိုယ်စားလှယ်များ၏ နဝမအကြိမ် မျက်နှာစုံညီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် ကျင်းပသည်။

**တတ်နိုင်သလောက်အကောင်းဆုံးလုပ်နေ**

ရှေးဦးစွာ အရပ်သားကိုယ်စားလှယ်များ မျက်နှာစုံညီအစည်းအဝေး၏ သဘာပတိ JMC-U ဒုတိယဥက္ကဋ္ဌ(၂) သိက္ခာတော်ရ ဆရာတော် စောမက် သယူးအေးက အဖွင့်အမှာစကားပြောကြားရာတွင် “နှစ်နှစ်နီးပါးကြာ ကျင်းပ နိုင်ခြင်းမရှိသည့် JMC-U အစည်းအဝေးကို ပြီးခဲ့သည့် ဇူလိုင်လဆန်းတွင် နေပြည်တော်၌ ကျင်းပခဲ့ရကြောင်း၊ အဆိုပါ အခင်းအကျင်းများကြားတွင် အရပ်သားကိုယ်စားလှယ်များအနေဖြင့် မိမိတို့ တတ်နိုင်စွမ်းရှိသလောက် အကောင်းဆုံးလုပ်နေကြောင်း၊ JMC အဆင့်ဆင့်တွင်ရှိသည့် အရပ်သားကိုယ်စား လှယ်များသည် ယခုကာလအတွင်း သက်ဆိုင်ရာ လက်နက်ကိုင်အဖွဲ့အစည်း များအကြား စေ့စပ်ညှိနှိုင်းရေးခရီးစဉ် ၁၂ ကြိမ်ရှိကြောင်း၊ တုံ့ဆိုင်းနေဆဲကာလ ၌ပင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအပေါ်တွင် ပြည်သူများ စိုးရိမ်ကြောင့်ကြမှု လျော့ပါးရေးအတွက် လူထုရှင်းလင်းပွဲ ၅၄ ကြိမ် ပြုလုပ်နိုင်ခဲ့ကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအကြား JMC ဆိုင်ရာအကြောင်း ရှင်းလင်းတင်ပြခြင်း ဆွေးနွေးပွဲ ငါးကြိမ် ကျင်းပခဲ့ပြီး အရပ်ဘက်လူမှုအဖွဲ့အစည်း ၁၄၈ ဖွဲ့မှ ကိုယ်စားလှယ် ၃၆၁ ဦး တက်ရောက် ပါဝင်ဆွေးနွေးမှုများရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အကြား JMC ဆိုင်ရာအကြောင်း ရှင်းလင်းခြင်း သုံးကြိမ်ရှိခဲ့ပြီး JMC ဆိုင်ရာ ပညာရှင်စကားဝိုင်း နှစ်ကြိမ် ပြုလုပ်နိုင်ခဲ့ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဆိုင်ရာ JMC-S တွင် JMC ဆိုင်ရာသင်တန်း ၁၅ ကြိမ် ပြုလုပ်နိုင်ခဲ့ကြောင်း၊ ထို့ပြင် အားကစားပြိုင်ပွဲ နှစ်ကြိမ်နှင့် JMC ဆိုင်ရာ အသိပညာပေးပြခန်း ဖွင့်လှစ်မှု ၁၃ ကြိမ် လုပ်ဆောင်ခဲ့ကြောင်း။

ထို့အတူ ပြီးခဲ့သည့် ဇူလိုင်လ ပထမပတ်တွင် ကျင်းပခဲ့သည့် JMC-U (၁၉) ကြိမ်မြောက် အစည်းအဝေးတွင် JMC ဆိုင်ရာလုပ်ငန်းများ အဆင်ပြေစွာ လည်ပတ်နိုင်ရေးအတွက် အရပ်သား JMC အဆင့်ဆင့်ကိုယ်စားလှယ်များ တင်ပြသည့် အဆိုပြုချက် ၂၁ ချက်အနက် ၁၂ ချက်ကို ဆွေးနွေးအတည်ပြုနိုင်ခြင်း သည် အရပ်သားကိုယ်စားလှယ်များ၏ ကြိုးပမ်းမှုရလဒ်ဟု ကောက်နုတ်တင်ပြ လိုပါကြောင်း၊ ထို့ကြောင့် JMC အဆင့်ဆင့် အရပ်သားကိုယ်စားလှယ်များ၏ ပါဝင်ရုန်းကန်မှုသည် ရပ်တန့်သွားရန် ရှိမည်မဟုတ်ကြောင်း၊ အရပ်သား ကိုယ်စားလှယ်များအနေဖြင့် ရှေ့ဆက်သွားမည့် ခရီးစဉ်တွင် မိမိကိုယ်ကို ယုံကြည်စိတ်ချမှုရှိရန် တွန်းအားပေးလိုကြောင်း၊ လက်နက်ကိုင် အဖွဲ့အစည်း နှစ်ခုအကြားတွင် ရုန်းကန်ရသည့်အခါ၌ တစ်ခါတစ်ရံ အခက်အခဲများ ရှိပါ ကြောင်း၊ မိမိကိုယ်ကို ယုံကြည်စိတ်ချနိုင်မှသာ မိမိတို့ အရပ်သားကိုယ်စားလှယ် များသည် နှစ်ဖက်အဖွဲ့အစည်းများအကြား ကြားခံအနေဖြင့် ရုန်းကန်နိုင်မည် ဖြစ်ပါကြောင်း၊ မိမိတို့၏ စွမ်းအင်မြှင့်တင်ရေးကို စဉ်ဆက်မပြတ်လုပ်ဆောင်ရန် လိုအပ်ပြီး နည်းပညာအထောက်အကူပြုရုံး (TSC)မှ ပံ့ပိုးကူညီမှုများ ပေးနိုင် မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် အရပ်သားကိုယ်စားလှယ်များ မျက်နှာစုံညီအစည်းအဝေး၏ သဘာပတိအဖွဲ့ဝင်နှင့် JMC-U ကော်မတီဝင်များဖြစ်ကြသည့် ဦးမောင်မောင်ငြိမ်း နှင့် သူရဦးဘိုနီတို့က အဖွင့်အမှာစကားများ ဆက်လက်ပြောကြားသည်။

ယနေ့ အစည်းအဝေးသို့ JMC အဆင့်ဆင့်မှ အရပ်သားကိုယ်စားလှယ် ၃၅ ဦး တက်ရောက်ခဲ့ကြပြီး အစည်းအဝေးတွင် ရှမ်း၊ တနင်္သာရီ၊ ကရင်၊ မွန်၊ ပဲခူးတို့မှ JMC-S (ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ) အရပ်သားကိုယ်စားလှယ် များက ၎င်းတို့၏ ဆောင်ရွက်ချက်များကို တင်ပြခြင်းနှင့် ဆွေးနွေးမှတ်တမ်း တင်ခြင်း၊ လင်းခေးနှင့် ဖာပွန်တို့မှ JMC-L (ဒေသန္တရအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ) အရပ်သားကိုယ်စားလှယ် များက တင်ပြခြင်းနှင့် ဆွေးနွေးမှတ်တမ်းတင်ခြင်း၊ အဋ္ဌမအကြိမ် JMC အရပ်သားကိုယ်စားလှယ်များ၏ မျက်နှာစုံညီအစည်းအဝေး ဆုံးဖြတ်ချက်မှတ် တမ်းများနှင့် (၁၉) ကြိမ်မြောက် JMC-U အစည်းအဝေးဆုံးဖြတ်ချက်များကို ဆောင်ရွက်ထားရှိမှုများအား နည်းပညာအထောက်အကူပြုရုံးအဖွဲ့(TSC) က ပြန်လည်တင်ပြခြင်း၊ အရပ်သားကိုယ်စားလှယ်များ၏ လုပ်ငန်းလမ်းညွှန်အား ဆွေးနွေးခြင်း၊ အထွေထွေဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ချက်များအား အတည်ပြု ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အရပ်သားကိုယ်စားလှယ်များ၏ မျက်နှာစုံညီအစည်းအဝေးကို ဇူလိုင် ၂၂ ရက်မှ ၂၃ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်သည်။

LCM ဖွဲ့စည်းရေး နှင့် JMC-L များ ထပ်မံတိုးချဲ့ဖွဲ့စည်းရေးနှင့်ပတ်သက်၍ JMC-U အရပ်သားကိုယ်စားလှယ် ကော်မတီဝင် ဦးကိုကိုကြီးက “ဒေသခံ အရပ်သားစောင့်ကြည့်သူ (LCM) ထားဖို့အတွက် အခက်အခဲဖြစ်သွားတာက ဆိုင်းငံ့ကာလကြောင့်ပါ။ ဆိုင်းငံ့ကာလ ၁ နှစ်နဲ့ ၁၀ လအကြာ ပြီးခဲ့တဲ့ ဇူလိုင် လဆန်းမှာတော့ စုံညီအစည်းအဝေး JMC-U ကို ပြန်လည်ကျင်းပနိုင်တယ်။ အဲဒီကနေ နောက်ထပ် နှစ်ဖက်ဆွေးနွေးမှု (bilateral) တွေ ပြီးသွားရင် ဒေသခံ အရပ်သားစောင့်ကြည့်သူတွေ ဖွဲ့စည်းနိုင်မှာပါ။ JMC-L က ဖာပွန်နဲ့ လင်းခေးမှာ ဖွဲ့ထားပါတယ်။ JMC-L တွေ ဆက်လက်ဖွင့်လှစ်ဖို့ လျာထားတာတွေရှိပါတယ်။ ဆွေးနွေးညှိနှိုင်းမှုတွေ ရပ်တန့်သွားတဲ့အတွက်ကြောင့် ဒါတွေကို ဆိုင်းငံ့ထားတာ ပါ။ ဒါကလည်း ကျွန်တော်ပြောခဲ့တဲ့ စုံညီအစည်းအဝေးနဲ့ bilateral အစည်း အဝေးပေါ်မှာပဲ မူတည်နေပါတယ်”ဟု ပြောသည်။

JMC အဆင့်ဆင့်၏ အဋ္ဌမအကြိမ်မြောက် အရပ်သားကိုယ်စားလှယ် မျက်နှာစုံညီအစည်းအဝေးကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်က ထားဝယ် မြို့တွင် ကျင်းပခဲ့ပြီး အရပ်သားကိုယ်စားလှယ် မျက်နှာစုံညီအစည်းအဝေးကို လေးလ တစ်ကြိမ် ကျင်းပရန် သတ်မှတ်ခဲ့ကြသည်။ ထိုသို့ သတ်မှတ်ခဲ့ပြီးနောက် နဝမအကြိမ်မြောက် အစည်းအဝေးကို ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ တွင် ဧပြီ ၂ ရက်မှ ၄ ရက်အထိ ကျင်းပရန် လျာထားခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ယနေ့တွင် ပြန်လည်ကျင်းပခဲ့ရခြင်းဖြစ်သည်။

**သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# ကျောင်းကုန်းမြို့နယ်၌ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများ ညှိနှိုင်းဆွေးနွေး



**ကျောင်းကုန်း ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အေးချမ်း သာယာခန်းမ၌ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်/ကျေးကော်မရှင် အဖွဲ့ခွဲများ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက မှန်ကန်တိကျသော စာရင်း ကို လိုချင်သည့်အတွက် တွေ့ဆုံခြင်းဖြစ် ကြောင်း၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများကို လည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် မှာကြားထားကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်စုမြတ်ထိုက်က မဲစာရင်းပြုစုရာတွင် လိုက်နာရမည့် အချက်အလက်များကို ပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲ ဒုတိယ ဦးစီးမှူး ဦးအောင်ကိုကိုလတ်က မဲဆန္ဒရှင် စာရင်း ကြော်ငြာသင်ပုန်းတွင် ပထမအကြိမ် ကပ်ထားမှုအား ရှင်းလင်းပြောကြားသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# လက်ပံတန်းမြို့နယ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးဧက ၁၅၀ စိုက်ပျိုး

**လက်ပံတန်း ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၌ ကိုဗစ်ကာလစီးပွားရေးကုစားမှု အစီအစဉ်အရ ကောက်စိုက်စက်ဖြင့် မိုးစပါးဧက ၁၅၀ စိုက်ပျိုးလျက်ရှိကြောင်း သာယာဝတီခရိုင် စက်မှုလယ်ယာ ဦးစီးဌာနမှ သိရသည်။

လက်ပံတန်းမြို့နယ် ကြို့ပင်စခန်းကျေးရွာ၊ ဝွေးတောက်ကွင်းကျေးရွာ၊ မင်းလမ်းကျေးရွာ တို့တွင် စက်မှုလယ်ယာဦးစီးဌာနက ဆောင်ရွက်သော စနစ်ကျလယ်ယာမြေများမှ တစ်ရွာလျှင် ဧက ၅၀ နှုန်းဖြင့် ကိုဗစ်ကာလစီးပွားရေးကုစားမှုအစီအစဉ်အရ ကောက်စိုက်စက်ဖြင့် မိုးစပါးများ စိုက်ပျိုးလျက်ရှိရာ ၈၇ ရာခိုင်နှုန်း စိုက်ပျိုးပြီးကြောင်း သိရသည်။

ကောက်စိုက်စက်ဖြင့် စိုက်ပျိုးသည့်အတွက် မျိုးသက်သာခြင်း၊ ပျိုးသက်နုနုတွင် အခုနုတ် အခုစိုက်သည့်အတွက် ကောက်ပင်လှန်ရက် စောင့်စရာမလိုကြောင်းနှင့် စက်ဖြင့် စိုက်ပျိုးသည့် အတွက် ကောက်ပင်တစ်တန်းနှင့် တစ်တန်းကြား ၁၁ လက်မနီးပါးခြားထားရာ ကြားပေါင်းလိုက် ကိရိယာများ သုံးနိုင်ခြင်းကြောင့် ပေါင်းသတ်ဆေးသုံးရန်မလိုသည့်အတွက် မြေဆီလွှာပျက်စီးမှု သက်သာစေပြီး ဒေသခံပြည်သူ ၁၈၀၀ ကို အလုပ်အကိုင်များ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသော စပါးစိုက်ခင်း ဧကများတွင် ကြားပေါင်းလိုက် တမန်း နှိုးစက် (Power Weeder) ဖြင့် ပေါင်းလိုက်လျက်ရှိကြောင်း စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်ထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပွင့်ဖြူငါးလုပ်ငန်းစခန်း၌ အခြေခံငါးမွေးမြူခြင်းသင်တန်းဖွင့်လှစ်

**ပွင့်ဖြူ ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန မင်းဘူးခရိုင်ငါးလုပ်ငန်း ဦးစီးဌာနက ကြီးမှူးကျင်းပသည့် အခြေခံငါးမွေးမြူခြင်းဆိုင်ရာ သင်တန်းကို ပွင့်ဖြူမြို့နယ် ပွင့်ဖြူငါးလုပ်ငန်းစခန်း၌ ကျင်းပသည်။ အခမ်းအနားတွင် မင်းဘူးခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးတင်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး စလင်းမြို့နှင့် ပွင့်ဖြူမြို့နယ်တို့မှ ငါးမွေးတောင်သူ သင်တန်းသား ၁၀ ဦးအား စခန်း တာဝန်ခံ ဦးညဏ်ဝင်းက စာတွေ့လက်တွေ့ ပို့ချပေးခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

**ကိုရိုနာဗိုင်းရပ်စ် (COVID- 19) ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

# စာကြေးမုံနှင့် သတင်းစာစာအုပ်စင်ကဏ္ဍ

မောင်ဖေလှိုင်

**"သတင်းစာ စာအုပ်ခန်းဆိုတာ စာအုပ်သတင်းဖော်ပြရုံ သက်သက်မျှသာ ဖြစ်ပါတယ်။ စာအုပ်တစ်အုပ်ကို အကျိုးအကြောင်း ပယ်ပယ်နယ်နယ် ဗန်းခင်းပြဖို့ နေရာလည်းမရှိပါဘူး။ အချိန်လည်းမရှိပါဘူး။ နို့ပေမယ့် စာအုပ်တစ်အုပ်ဟာ စေတနာမမှန်ဘူး။ လမ်းမမှန်ဘူးဆိုရင်တော့ အဲဒီစာအုပ်မျိုးကိုတော့ ထောက်ပြခဲ့တဲ့ အကြိမ်ပေါင်းများစွာ ရှိခဲ့ပါတယ်။"**

အထက်ပါစကားရပ်သည် ဆရာကြီးမောင် (ငွေဥဒေါင်း)၏ စာအုပ်စင်ကဏ္ဍနှင့်ပတ်သက်၍ ၎င်း၏ အမြင်ကို ဖွင့်ဟထားခဲ့ခြင်းဖြစ်ပါ၏။

၁၉၅၇ ခုနှစ် ဧပြီလ၌ ဆရာအောင်ဗလ(ကြေးမုံ ဦးသောင်း) တည်ထောင်ခဲ့သော ကြေးမုံသတင်းစာနှင့် အတူ စာအုပ်စင်ကဏ္ဍဖြစ်သော "စာကြေးမုံ"ကို "ကြီးမောင်" အမည်ဖြင့် စတင်ရေးသားခဲ့သူမှာ ဆရာငွေဥဒေါင်းပင် ဖြစ်ပါသည်။

### ဘဝအဖုံဖုံဖြတ်သန်းခဲ့ရသူ

ဆရာ့ကို ဗုဒ္ဓစာပေရသမြောက်စွာရေးသားနိုင်သူ စာရေးဆရာ ငွေဥဒေါင်းအဖြစ်သာမက စာအုပ်စင်ကဏ္ဍ ရေးသားသူ သတင်းစာဆရာ ကြီးမောင် အဖြစ်လည်း လူသိများလှပါ၏။ ဆရာသည် ရဟန်းဘောင်ဝင်ခဲ့ဖူးသကဲ့သို့ သစ်တောဝန်ထမ်း၊ ဆိပ်ကမ်းတာလီ စာရေးအဖြစ်လည်း ဘဝအဖုံဖုံဖြတ်သန်းခဲ့ရသူလည်း ဖြစ်ပါသည်။

ဟသ်ာတခရိုင် အဖျောက်မြို့ ဇာတိဖြစ်သူ ဆရာကြီးမောင်ကို အဘဦးဒေါန(ပန်းပဲဆရာ)၊ အမိဒေါ်သက်တင်တို့က ၁၉၁၅ ခုနှစ် ဇန်နဝါရီလ ၂၃ ရက် (ဗုဒ္ဓဟူးနေ့) က မွေးဖွားခဲ့ပါ၏။ မဟော်သဓာသတင်းစာ (၁၉၃၂)၊ ဗန္ဓုလဂျာနယ် (၁၉၃၅) တို့၌ အယ်ဒီတာအဖွဲ့ဝင် အဖြစ် လုပ်ကိုင်ခဲ့သော ဆရာသည် ၁၉၄၇ ခုနှစ် ဩဂုတ်လထုတ် ရှုမဝမဂ္ဂဇင်း၌ "မောက်သာမောက်" အမည်ရှိ ဆောင်းပါးကို "ငွေဥဒေါင်း" အမည်ဖြင့် စတင်ရေးသားခဲ့သူဖြစ်ပါ၏။

စာအုပ်စင်ကဏ္ဍတွင် အထင်ကရ ပုဂ္ဂိုလ်ဖြစ်ခဲ့သူ ဆရာကြီးမောင်သည် ကြေးမုံသတင်းစာ၌ 'ကြီးမောင်'၊ မဏ္ဍိုင်သတင်းစာ၌ 'စာကြမ်းပိုး'၊ ဟံသာဝတီသတင်းစာ၌ 'မောင်ဝိဇ္ဇာ' အမည်များဖြင့် စာအုပ်စင်ကဏ္ဍကို ရေးသားခဲ့ရာ ကြေးမုံသတင်းစာ 'စာကြေးမုံ' ရေးသားသူ အဖြစ်ပို၍ လူသိများခဲ့ပါ၏။

သံမဏိရှည်ကြာ ရေးသားခဲ့သော 'စာကြေးမုံ' နှင့် ပတ်သက်၍ ဆရာကြီးမောင်က ဤကဲ့သို့ ဖွင့်ဟစကား ပြောခဲ့ဖူးပါသည်–

"၁၉၅၇ ခုနှစ် ကြေးမုံသတင်းစာ စတင်ထုတ်ဝေတဲ့အခါ 'စာကြေးမုံ' ပေါ်ပေါက်လာတာပါပဲ ။ အစစအရာရာ ခေတ်မီစွာနဲ့ အသစ်အဆန်းတီထွင်ချင်ကြတဲ့ ကြေးမုံအဖွဲ့က သူတို့သတင်းစာရဲ့ ရုပ်ရှင်ကြေးမုံ၊ အားကစားကြေးမုံ စတဲ့ အခန်းများနဲ့အတူ စာအုပ်ကြေးမုံ စာကြေးမုံ အခန်းဖွင့်ပြီး ကျွန်တော့်ကို တာဝန်ပေးခဲ့တာပါပဲ"

### ရင်းနှီးခွင့်ရခဲ့

မိမိအထွေထွေနေ့စား ဘဝဖြင့် ၁၉၇၃ ခုနှစ် နှစ်ဆန်း ကြေးမုံသတင်းစာ၌ စတင်ခြေချသောအခါ ကြေးမုံ အယ်ဒီတာ ဖြစ်သော ဆရာကြီးမောင်နှင့်မဆုံဖြစ်ခဲ့ရပါချေ။ ဆရာက မန္တလေး ဟံသာဝတီ၌ ပြောင်းရွှေ့ ထမ်းဆောင်ခါစအချိန် ဖြစ်ပြီး အယ်ဒီတာဦးသန်းဖေက ၎င်းအစား ဝင်ရောက် နေချိန်ဖြစ်ပါ၏။ ဆရာသက်ပြည့်ပင်စင်ယူပြီးနောက်ပိုင်း ရန်ကုန်သို့လာရောက်သည့်အခါ ဆရာဦးသိန်းတန် (မအူပင်လွင်ဦး)နှင့်ဆက်စပ်၍ ဆရာအား သိရှိရင်းနှီးခွင့်ရခဲ့ပါသည်။

၁၉၇၃–၇၈ ကာလ၌ မန္တလေးဟံသာဝတီသတင်းစာ အပြင် ရန်ကုန်၌ နိုင်ငံပိုင်လုပ်သား ပြည်သူ့နေ့စဉ် (မြန်မာနှင့်အင်္ဂလိပ်)၊ ဗိုလ်တထောင်၊ မြန်မာ့အလင်း၊ ဂါဒီးယန်း အင်္ဂလိပ်သတင်းစာများ ထုတ်ဝေနေချိန်ဖြစ်ပါ၏။ ထိုစဉ်က စာကြေးမုံကဲ့သို့ လုပ်သားပြည်သူ့နေ့စဉ်၌ "နိုင်ပြည်သူ"၊ မြန်မာ့အလင်းသတင်းစာ၌ "ဟာရိတ" တို့က စာအုပ်စင် ကဏ္ဍ ရေးသားနေကြပါ၏။

ဆရာကြီးမောင်သည် ၁၉၄၈ ခုနှစ်တွင် "သမာဓိ" သတင်းစာ၌ "မောင်ဝိဇ္ဇာ" အမည်ဖြင့် စာအုပ်စင်ကဏ္ဍကို စတင်ရေးသားခဲ့ရာ ၂၈ နှစ်အကြာ မန္တလေးဟံသာဝတီ သတင်းစာ "စာအုပ်ကမ္ဘာ" ကဏ္ဍ၌ မောင်ဝိဇ္ဇာအမည်ကို ထပ်မံအသုံးပြု ရေးသားခဲ့ခြင်းဖြစ်ပါသည်။ ထိုစဉ်က ဟံသာဝတီသတင်းစာ အယ်ဒီတာချုပ်သည် ဆရာဦးဝင်းတင်ဖြစ်၍ ၁၉၆၉ ခုနှစ်၌ မန္တလေး၌ ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့သော ဟံသာဝတီသတင်းစာကို ၁၉၇၈ ခုနှစ် ဇူလိုင်လ ၃၁ရက်နေ့တွင် နိုင်ငံတော်အစိုးရက ပိတ်သိမ်းခဲ့ပါသည်။

စာအုပ်ခန်းကဏ္ဍကို ဆရာကြီးမောင်က "သမာဓိ" သတင်းစာ၌ စတင်ရေးသားခဲ့ပြီး ဦးအုန်းခင်၏ ဗမာ့ခေတ်ကို ကူးပြောင်းခဲ့ပါ၏။ မောင်ဝိဇ္ဇာကို နှစ်ခြိုက်၍ ဗမာ့ခေတ် ကခေါ်ခဲ့ခြင်းဖြစ်ပါ၏။ ဗမာ့ခေတ်သတင်းစာ၌ "မောင်ဖတ်" ဆိုသည့် ကလောင်အမည်ဖြင့် ဆရာကရေးသားခဲ့ပြီး "ဂျာနယ်ကျော်တင့်ဆွေ"၏ စာအုပ် "သတင်းစာဆရာ" အမည်ရှိ စာအုပ်နှင့်ပတ်သက်၍ သဘောထားကွဲကာ ဗမာ့ခေတ်၌ နှစ်ဝက်မျှသာ ဆရာရေးသားခဲ့ပေသည်။

### သဘောထားကွဲကြ

ယင်းကဲ့သို့ သဘောထားကွဲခဲ့ရခြင်းနှင့်ပတ်သက်၍ ဆရာကြီးမောင်က "သတင်းစာလောကနဲ့ ပုံနှိပ်လုပ်ငန်း အကြောင်းရေးတဲ့စာအုပ်မျိုး ကျွန်တော်တို့စာအုပ်လောကမှာ မရှိသလောက် ရှားပါးခဲ့ပါတယ်။ ဒီစာအုပ်ဟာ ကျွန်တော်တို့အတိုင်းအတာနဲ့ စာအုပ်ကောင်းတစ်အုပ်ပါ။ အဲဒီစာအုပ်ကို လှလှပပရေးလိုက်တော့ ရေးရကောင်းလားလို့ သဘောထားကွဲကြပါတယ်။ ဖောင်းတော်ညိတ် စိတ်တော်မသိတဲ့အဖြစ်ပေါ့" ဟူ၍ ဖွင့်ဟခဲ့ပါ၏။

ဆရာသည် ဗမာ့ခေတ်မှ "ရောင်ခြည်ဂျာနယ်" ကို ကူးခဲ့ပြန်ပါ၏။ ထိုဂျာနယ်သည် စာအုပ်စင်ကဏ္ဍအတွက် ကလောင်အမည် တပ်ခွင့်မပေးသော်လည်း စာမူခ မြက်မြက်စက်စက်ချီးမြှင့်ခဲ့သော ဂျာနယ်ဖြစ်ပြီး သက်တမ်း မရှည်ခဲ့ပါချေ။

ရောင်ခြည်ဂျာနယ်မှတစ်ဆင့် "မြဝတီမဂ္ဂဇင်း"သို့ ရောက်ခဲ့ပြန်ရာ ထိုစဉ်က အယ်ဒီတာချုပ်အဖြစ် သူရိယဦးသိမ်းမောင်က တာဝန်ယူနေပြီး စာအုပ်ခန်းကို ၎င်းကိုယ်တိုင်လည်းရေးသားကာ ဆရာမာဃစသည့် တိုက်ထိုင် အယ်ဒီတာများပါ ပါဝင်ရေးသားခဲ့ကြကြောင်း သိရပါ၏။ ဆရာသည် စာကြေးမုံရေးနေရာမှ မဏ္ဍိုင်သတင်းစာသို့ ခြောက်လမျှ ရွှေ့ပြောင်းရေးခဲ့ပါသေးသည်။

ဆရာကြီးမောင်သည် ငွေဥဒေါင်းကလောင်အမည်ဖြင့် အမျိုးသားစာပေဆု (စာပဒေသာ) စတုတ္ထဆုကို "သီးခြားစာဝင်္ကဘာ" စာအုပ်အတွက် ၁၉၆၅ ခုနှစ်က ရရှိခဲ့ပြီး "ဗုဒ္ဓစာပန်းချီ" စာအုပ်ဖြင့် ၁၉၆၆ ခုနှစ်အတွက် အမျိုးသားစာပေဆု တတိယဆုဆွတ်ခူးခဲ့သော စာရေးဆရာလည်း ဖြစ်ပေရာ "ဗုဒ္ဓစာပန်းချီ"သည် ဆရာ၏ ဂန္ထဝင်လက်ရာအဖြစ် လူကြိုက်များနှစ်ခြိုက်ကာ အတွဲခြောက်အထိ ထုတ်ဝေခဲ့ရပါ၏။

### ပွင့်ပွင့်လင်းလင်းဆွေးနွေး

စာအုပ်စင်ကဏ္ဍနှင့်ပတ်သက်၍ ဆရာကြီးမောင်က "စာအုပ်များရဲ့အားနည်းမှု၊ ချွတ်ယွင်းမှု၊ မစွမ်းသန်မှုတွေကို အများသိကြသလို ကျွန်တော်တို့လည်း သိတာပါပဲ။ မြင်တာပါပဲ။ ကျွန်တော်တို့ စာအုပ်လုပ်ငန်းဟာ ကမ္ဘာ့စာအုပ်လုပ်ငန်းများနဲ့ယှဉ်လိုက်ရင် အခုမှ နမောတသစရုံပဲ ရှိပါသေးတယ်။ စာအုပ်တွေချို့ယွင်းသလို စာရေးဆရာတွေရဲ့ အားနည်းချက်တွေလည်း များစွာရှိပါတယ်။ မွန်မွန်ရည်ရည် ပြောင်ပြောင်မြောက်မြောက်ဆိုတဲ့ စာအုပ်မျိုးက ရာခိုင်နှုန်းအင်မတန်နည်းပါတယ်။ အဲဒီအမြင်တွေကို ထိုင်စောင့်ပြောချင်တဲ့စိတ် မရှိပါဘူး။" ဟူ၍ မန္တလေးဟံသာဝတီသတင်းစာတိုက် ဘိုးဝဇီရခန်းမ၌ကျင်းပခဲ့သော စာတမ်းဖတ်ကြားပွဲ၌ ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ဖူးပါသည်။

ဆရာကြီးမောင်(ငွေဥဒေါင်း)သည် တောင်ကြီးမြို့တွင် ၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့က အသက် ၈၂ နှစ်အရွယ်၌ ကွယ်လွန်ခဲ့ပါ၏။ လူပင်သေသော်ငြား ဆရာ၏ စာပေလက်ရာ "ဗုဒ္ဓစာပန်းချီ"သည်ကား မွှေးပျံ့ သင်းကြိုင်ဆဲ ဖြစ်ပါသတည်း။ ။


**စာကိုး– မောင်ခေတ်ထွန်း၏"စာဆိုနှင့်စာ"(ဒုတိယတွဲ)**



ဆရာ ကြီးမောင်(ခေါ်)ငွေဥဒေါင်း




ဆရာငွေဥဒေါင်း၏ ဗုဒ္ဓစာပန်းချီမျက်နှာဖုံး
(ပဉ္စမတွဲ၊ ဒုတိယအကြိမ်)


ဘုရားပွင့်ခိုက်
လှူလိုက်ရသောလုပ်အား

ကြီးမောင်

၁၉၆၉ ခုနှစ် ဧပြီ ၃၀ ရက်ထုတ် ကြေးမုံသတင်းစာ၌ ရေးသားဖော်ပြခဲ့သော ဆရာ ကြီးမောင်၏ "ဘုရားပွင့်ခိုက် လှူလိုက်ရသောလုပ်အား" ဆောင်းပါး

**❂ ၁၉၅၇ ခုနှစ် ဧပြီလ၌ ဆရာအောင်ဗလ(ကြေးမုံ ဦးသောင်း) တည်ထောင်ခဲ့သော ကြေးမုံသတင်းစာနှင့်အတူ စာအုပ်စင်ကဏ္ဍဖြစ်သော "စာကြေးမုံ" ကို "ကြီးမောင်" အမည်ဖြင့် စတင်ရေးသားခဲ့သူမှာ ဆရာငွေဥဒေါင်းပင်ဖြစ်**

**❂ ဆရာ့ကို ဗုဒ္ဓစာပေရသမြောက်စွာရေးသားနိုင်သူ စာရေးဆရာ ငွေဥဒေါင်း အဖြစ်သာမက စာအုပ်စင်ကဏ္ဍရေးသားသူ သတင်းစာဆရာ ကြီးမောင် အဖြစ်လည်း လူသိများ**

---

## ချင်းတွင်း၊ ဧရာဝတီ မြစ်ရေ အခြေအနေ

နေပြည်တော် ဇူလိုင် ၂၂

**ချင်းတွင်းမြစ်ရေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် နှစ်စင်တီမီတာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက် ၃ ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဖောင်းပြင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**ဧရာဝတီမြစ်ရေ**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃ ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဆိပ်သာမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# အမေရိကန်၏ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု အကောင်းဆုံးအခြေအနေမရောက်မီ အဆိုးဆုံးအခြေအနေဖြင့် ရင်ဆိုင်ရလိမ့်မည်ဟု သမ္မတ ထရမ့်ပြောကြား



**ဝါရှင်တန် ဇူလိုင် ၂၂**

အမေရိကန်နိုင်ငံတွင် ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုသည် အကောင်းဆုံးအခြေအနေသို့ မရောက်ရှိမီ အဆိုးဆုံးအခြေအနေဖြင့် ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဇူလိုင် ၂၁ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ၏ ဒေသတချို့တွင် ကူးစက်ဖြစ်ပွားမှုလျော့နည်းလျက်ရှိသော်လည်း ဒေသတချို့တွင် ကူးစက်ဖြစ်ပွားမှုမြင့်တက်လျက်ရှိကြောင်း ထရမ့်က သတင်းထောက်များအား ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံတွင် လူဦးရေ ၃ ဒသမ ၈ သန်းကျော်သည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုခံခဲ့ရကြောင်းနှင့် ၁၄၁၀၀၀ ကျော်မှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးခဲ့ကြောင်းလည်း ဂျွန်ဟော့ကင်းတက္ကသိုလ်က ပြောကြားခဲ့သည်။ လက်ရှိအနေအထားအရ ကူးစက်ဖြစ်ပွားမှုအမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

အမေရိကန်သမ္မတထရမ့်သည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို နှာခေါင်းစည်းများက ထိန်းချုပ်နိုင်စွမ်းရှိကြောင်း သိရှိသော်လည်း ပြည်သူများအား နှာခေါင်းစည်းဝတ်ဆင်ရန် တိုက်တွန်းခဲ့ခြင်းမရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**



# ထိုင်း အလုပ်သမားဝန်ကြီးနှင့် ဝန်ကြီးချုပ်ရုံး ဝန်ကြီးတို့ ရာထူးမှ နုတ်ထွက်

**ဗန်ကောက် ဇူလိုင် ၂၂**

လွန်ခဲ့သော ရက်သတ္တပတ်က ထိုင်းအစိုးရအဖွဲ့ ဝန်ကြီးလေးဦး ရာထူးမှ နုတ်ထွက်ခဲ့ပြီးနောက် နောက်ထပ်ဝန်ကြီးနှစ်ဦး ရာထူးမှ နုတ်ထွက်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အလုပ်သမားရေးရာဝန်ကြီး ချာတူမွန်ဂို ဆိုနာကူက ရာထူးမှ နုတ်ထွက်စာကို ဇူလိုင် ၂၀ ရက်တွင် ဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာထံ တင်သွင်းခဲ့သည်။ ဝန်ကြီး ချာတူမွန်ဂို ဆိုနာကူသည် ခိုင်လုံသည့်အကြောင်းပြချက်မရှိဘဲ ရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သောလက အာဏာရပါတီအတွင်း ရာထူးပြောင်းလဲမှုများ ပြုလုပ်ရာတွင် ဝန်ကြီး ချာတူမွန်ဂို ဆိုနာကူက ၎င်း၏ရာထူးနေရာအား စွန့်လွှတ်ခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်–၁၉ ကူးစက်ပျံ့နှံ့နေစဉ် အလုပ်အကိုင်ရှားပါးမှု ပြဿနာများကို ကိုယ်တွယ်ဖြေရှင်းပေးရန် ဝန်ကြီး ချာတူမွန်ဂို ဆိုနာကူအနေဖြင့် နှောင့်နှေးကြန့်ကြာမှုများရှိသည့်အတွက် ဝေဖန်မှုများနှင့်ရင်ဆိုင်နေရသည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

အလားတူ ဝန်ကြီးချုပ်ရုံးဝန်ကြီး တီဝမ် လစ်တာပန်လေ့ကလည်း ဇူလိုင် ၂၀ ရက်တွင် ရာထူးမှ နုတ်ထွက်စာကို ဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာထံ တင်သွင်းခဲ့သည်။

နိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာစေရန် ဖိအားများနှင့် ရင်ဆိုင်နေရချိန်တွင် လွန်ခဲ့သောရက်သတ္တပတ်က ဒုတိယဝန်ကြီးချုပ် တစ်ဦးနှင့် ဝန်ကြီးသုံးဦး ရာထူးမှ နုတ်ထွက်ခဲ့ကြသည်။ အဆိုပါဒုတိယဝန်ကြီးချုပ်နှင့် ဝန်ကြီးသုံးဦးသည် နိုင်ငံ၏စီးပွားရေးဆိုင်ရာ မူဝါဒများအပေါ် အဓိကစောင့်ကြည့်ရသည့်အဖွဲ့ဝင်များဖြစ်သည်။

လက်ရှိအချိန်တွင် ဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာသည် ၎င်း၏ အစိုးရအဖွဲ့ဝင်များအား အစားထိုးပြောင်းလဲခန့်အပ်ရန် လုပ်ဆောင်နိုင်ဖွယ်ရှိသည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုလျော့ကျလာသည့်အတွက် လေးလကြာချမှတ်ထားသည့် ခရီးသွားလာခွင့်ပိတ်ပင်မှု နီပေါဖြေလျှော့

**ခတ္တမန္ဒူ ဇူလိုင် ၂၂**

နီပေါအစိုးရသည် မကြာသေးမီရက်ပိုင်းအတွင်းက ကိုဗစ်–၁၉ ရောဂါ ကူးစက်မှု လျော့ကျလာသည့်အတွက် စီးပွားရေးလုပ်ငန်းများအားလုံးနီးပါးကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့သည့်အပြင် လေးလကြာချမှတ်ထားခဲ့သည့် ခရီးသွားလာခွင့်ဆိုင်ရာပိတ်ပင်မှုများကိုလည်း ပြန်လည်ဖြေလျှော့ပေးရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ခရီးသွားလာခွင့်ဆိုင်ရာ ပိတ်ပင်မှုများကို ဖြေလျှော့ပေးရေးအတွက် နီပေါနိုင်ငံဝန်ကြီးများအဖွဲ့ အစည်းအဝေးက ဇူလိုင် ၂၁ ရက်ညပိုင်းတွင် ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်ကြောင်း နီပေါအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူနှင့် ဘဏ္ဍာရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ယူဘာရက်ခါတီဝါဒါက ပုံမှန်ပြုလုပ်မြဲဖြစ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

နီပေါအစိုးရသည် မတ် ၂၄ ရက်တွင် နိုင်ငံတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုနှင့်စပ်လျဉ်းသည့် ခရီးသွားလာခွင့်ဆိုင်ရာကန့်သတ်ချက်များကို ချမှတ်ခဲ့ခြင်းဖြစ်ပြီး ဇွန်လကတည်းက ခရီးသွားလာခွင့်ဆိုင်ရာ ကန့်သတ်ချက်များကို တဖြည်းဖြည်းဖြေလျှော့ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နီပေါနိုင်ငံတွင် ဇူလိုင် ၃ ရက်က တစ်ရက်တာကာလအတွင်း ကိုဗစ်–၁၉ ကူးစက်ခံရသူ ၇၄၀ ရှိခဲ့ရာမှ ဇူလိုင် ၂၁ ရက်တွင် ကူးစက်ခံရသူ ၁၅၁ အထိ သိသိသာသာ လျော့ကျခဲ့ပြီးနောက် နီပေါနိုင်ငံဝန်ကြီးများအဖွဲ့က နိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ ရောဂါနှင့်စပ်လျဉ်းသည့် ခရီးသွားလာခွင့်ဆိုင်ရာ ကန့်သတ်ချက်များကို ပြန်လည်ဖြေလျှော့ပေးရေး ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ နီပေါနိုင်ငံတွင် ဇူလိုင် ၂၁ ရက်အထိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ စုစုပေါင်း ၁၇၉၉၄ ဦးရှိခဲ့ကြောင်း နီပေါနိုင်ငံ ကျန်းမာရေးနှင့် လူဦးရေဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**



# ကိုလံဘီယာ စစ်ဘက်ရဟတ်ယာဉ်ပျက်ကျမှုတွင် ကိုးဦး သေ၊ ခြောက်ဦး ဒဏ်ရာရ

**ဘိုဂိုတာ ဇူလိုင် ၂၂**


ကိုလံဘီယာ စစ်ဘက်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ ကိုးဦး သေဆုံးခဲ့ပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း ကိုလံဘီယာစစ်ဘက်က ဇူလိုင် ၂၁ ရက်တွင် ပြောကြားခဲ့သည်။

"လူကိုးဦးရဲ့အလောင်းတွေကို ကျွန်တော်တို့ တွေ့ရှိခဲ့ပါတယ်" ဟု ကိုလံဘီယာစစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက တွစ်တာ၌ ရေးသားခဲ့သည်။ လူ ၁၇ ဦးပါ UH–60 ဘလက်ဟော့ခ် ရဟတ်ယာဉ်၏ အပျက်အစီးများကို ကိုလံဘီယာနိုင်ငံအရှေ့တောင်ပိုင်း အင်နီရီဒါမြစ်တစ်လျှောက် ဇူလိုင် ၂၀ ရက် အစောပိုင်းက တွေ့ရှိခဲ့သည်။ ရဟတ်ယာဉ်ပေါ်၌ ကိုလံဘီယာစစ်ဘက်မှ ၁၇ ဦး လိုက်ပါလာခဲ့သည်ဟု ရဟတ်ယာဉ်ပျက်ကျရာ ဧရိယာမှ တာဝန်ရှိသူများက ပြောကြားကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက အစောပိုင်းတွင် ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။

ဒဏ်ရာရရှိသူများကို အနီးအနားရှိ ဆေးရုံတစ်ခုသို့ ဆေးကုသမှုများလုပ်ဆောင်ရန် ပို့ဆောင်ခဲ့ပြီး အထူးကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့က ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေနေကြောင်း ထုတ်ပြန်ချက်က ဆိုသည်။ အဆိုပါ ရဟတ်ယာဉ်သည် မပျက်ကျမီ လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုကို တိုက်ခိုက်ချေမှုန်းသည့် စစ်ဘက်စစ်ဆင်ရေးတစ်ခုတွင် ပါဝင်ခဲ့ကြောင်း ကိုလံဘီယာစစ်ဘက်ကွပ်ကဲရေးဌာန၏ ပြောကြားချက်အရ သိရသည်။

ကိုလံဘီယာစစ်ဘက်၏ လေကြောင်းပျံသန်းရေးဌာနက ရဟတ်ယာဉ်ပျက်ကျရသောအကြောင်းရင်း စုံစမ်းစစ်ဆေးရန် အခင်းဖြစ်ရာနေရာသို့ ကျွမ်းကျင်သူများ စေလွှတ်ခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ကျော်ထိုက်စိုး**




# နိုဘယ်လ်ဆုပေးပွဲအခမ်းအနား ယခုနှစ် ကျင်းပမည်မဟုတ်ဟု နိုဘယ်လ်ဖောင်ဒေးရှင်းပြောကြား

**စတော့ဟုမ်း ဇူလိုင် ၂၂**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် ဆွီဒင်အစိုးရက နှစ်စဉ်ကျင်းပမြဲဖြစ်သည့် နိုဘယ်လ်ဆုပေးပွဲအခမ်းအနားကို ယခုနှစ်ကျင်းပရန် ဖျက်သိမ်းကြောင်း ဆုံးဖြတ်ခဲ့သည်ဟု နိုဘယ်လ်ဖောင်ဒေးရှင်းက ယနေ့ ပြောကြားခဲ့သည်။

နိုဘယ်လ်ဆုပေးပွဲကို နှစ်စဉ် ဒီဇင်ဘာလ၌ စတော့ဟုမ်းမြို့တွင် ကျင်းပလျက်ရှိသည်။ အဆိုပါအခမ်းအနားသို့ ဧည့်ပရိသတ်များစွာနှင့် တော်ဝင်မိသားစုဝင်များပါ တက်ရောက်လေ့ရှိသည်။

ယခုနှစ်အတွက် ဆုရရှိသူများအား ရွေးချယ်ရန် အလွန်ခက်ခဲပါကြောင်းနှင့် ရောဂါဖြစ်ပွားနေသည့်အချိန်တွင် ခရီးသွားလာမှုများကို ရှောင်ကြဉ်သင့်သည့်အတွက် ယခုနှစ်ဆုပေးပွဲကို ကျင်းပရန် ပယ်ဖျက်ခဲ့ခြင်းဖြစ်သည်ဟု နိုဘယ်လ်ဆုပေးပွဲကျင်းပရေးဖောင်ဒေးရှင်းက ပြောကြားခဲ့သည်။

သို့သော် ယခုနှစ်အတွက် နိုဘယ်လ်ဆုရသူများစာရင်းကို အောက်တိုဘာ ၅ ရက်တွင် ကြေညာမည်ဖြစ်ကြောင်း အဆိုပါဖောင်ဒေးရှင်းက ဆိုသည်။

ဒီနှစ်ဟာ ဆုရွေးချယ်ဖို့ အလွန်ခက်ခဲပါတယ်။ လူတိုင်းဟာ ဗိုင်းရပ်စ်ကာကွယ်တားဆီးဖို့ ကြိုးစားလုပ်ဆောင်နေတာကို နေရာတိုင်းမှာတွေ့မြင်နေရပါတယ်ဟု ဖောင်ဒေးရှင်း အမှုဆောင်ဒါရိုက်တာ လားစ်ဟိုက်ကန်စတန်က ၎င်း၏ထုတ်ပြန်ချက်တွင် ရေးသားခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– အောင်ကျော်ကျော်**

# အီရန် ကျန်းမာရေးဝန်ထမ်း ၁၃၈ ဦး ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကွယ်လွန်

**တီဟီရန် ဇူလိုင် ၂၂**
အီရန်နိုင်ငံတွင် ဖေဖော်ဝါရီလအတွင်း ကိုရိုနာဗိုင်းရပ်စ် ပထမဆုံး တွေ့ရှိပြီးနောက် အဆိုပါကပ်ရောဂါကြောင့် ယနေ့အထိ ကျန်းမာရေးဝန်ထမ်း ၁၃၈ ဦး ကွယ်လွန်ခဲ့ကြောင်း သိရသည်။

အသက်ဆုံးရှုံးခဲ့သူ ကျန်းမာရေးဝန်ထမ်း ၆၀ ရာခိုင်နှုန်းခန့်မှာ ဆရာဝန်များဖြစ်ပြီး ၂၀ ရာခိုင်နှုန်းမှာ သူနာပြုများဖြစ်ကြောင်း ISNA သတင်းဌာနက အီရန်ကျန်းမာရေးကောင်စီ ပြည်သူ့ဆက်ဆံရေးမန်နေဂျာ ဟော်စိန်ကာမန်ပူအား ကိုးကား၍ ဖော်ပြခဲ့သည်။ သေဆုံးသူများ၏ ၁၉ ရာခိုင်နှုန်းမှာ ခေတ္တခဲ့ခန်းဝန်ထမ်းများ ဖြစ်သည်။ အီရန်နိုင်ငံတွင် လက်ရှိအချိန်ထိ ကိုရိုနာဗိုင်းရပ်စ် ကူးစက်သူ ၂၇၈၈၂၇ ဦးနှင့် သေဆုံးသူ ၁၄၆၃၄ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

ဒေသတွင်း၌ ကိုဗစ်-၁၉ ရောဂါ ပထမဆုံးကြုံတွေ့ခဲ့ရသော နိုင်ငံတစ်ခုဖြစ်သည့် အီရန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပထမဆုံး လူနှစ်ဦးသေဆုံးမှုမှာ ဖေဖော်ဝါရီ ၁၉ ရက်တွင် တီဟီရန်မြို့တော်၏တောင်ဘက် ကီလိုမီတာ ၁၄၀ ခန့်အကွာ ကွမ်မြို့တော်၌ ဖြစ်ပွားခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ် ပထမလှိုင်းဖြစ်ပွားချိန် ဧပြီ ၄ ရက်က ၁၅၈ ဦး သေဆုံးကာ တစ်ရက်အတွင်း လူအသေအပျောက် အမြင့်ဆုံးရက်ဖြစ်ခဲ့ပြီး မေ ၂၅ ရက်တွင် အနိမ့်ဆုံးအဆင့်အဖြစ် သေဆုံးသူ ၃၄ ဦးအထိ လျော့နည်းသွားခဲ့သည်။ ဇွန်လအတွင်း အာဏာပိုင်များက အသွားအလာကန့်သတ်မှုများ ဖြေလျှော့ခဲ့ခြင်းကြောင့် ဇူလိုင်လတွင် နေ့စဉ်ကူးစက်မှုနှင့် သေဆုံးမှုများ ပြန်လည်မြင့်တက်လာခဲ့သည်။

ဗိုင်းရပ်စ် ကူးစက်မှုနှုန်းထိန်းချုပ်ရန် ဇူလိုင် ၅ ရက်မှစ၍ အများပြည်သူပိုင်နေရာများတွင် နှာခေါင်းစည်းဝတ်ဆင်ခြင်းအပါအဝင် ကျန်းမာရေးအရ မဖြစ်မနေလိုက်နာရမည့် ကျန်းမာရေးလမ်းညွှန်ချက်များ ထုတ်ပြန်ခဲ့သည်။ **ကိုးကား-အနာဒိုလူ၊ ဘာသာပြန်-ကျော်ထိုက်စိုး**



# ထိုင်းအစိုးရက ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ အရေးပေါ်ဥပဒေအား ဩဂုတ်လကုန်အထိ သက်တမ်း ထပ်တိုး

**ဗန်ကောက် ဇူလိုင် ၂၂**
ထိုင်းအစိုးရသည် နိုင်ငံရပ်ခြားမှ ဝင်ရောက်လာသော ထိုင်းပြည်သူများနှင့် နိုင်ငံခြားသားများမှ တစ်ဆင့် ကိုဗစ်-၁၉ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်သည့်အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ အရေးပေါ်ဥပဒေကို ဩဂုတ် ၃၁ ရက်အထိ သက်တမ်းထပ်တိုးလိုက်ကြောင်း သိရသည်။



ထိုင်းဝန်ကြီးချုပ် ပရာယုချန်အိုချာ ကိုယ်တိုင်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသော ထိုင်းအစိုးရ၏ ကိုဗစ်-၁၉ ရောဂါ အခြေအနေ စီမံခန့်ခွဲရေးဗဟိုဌာနသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် ပြီးခဲ့သည့်မတ်လက အရေးပေါ်ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းထားပြီး နိုင်ငံအတွင်း ရောဂါကူးစက်မှု ဆက်လက်ထိန်းချုပ်ရန် လိုအပ်သေးသောကြောင့် ယင်းဥပဒေကို ဩဂုတ် ၃၁ ရက်အထိ သက်တမ်းထပ်တိုးလိုက်ခြင်းဖြစ်ကြောင်း ကိုဗစ်-၁၉ ရောဂါ အခြေအနေစီမံခန့်ခွဲရေး ဗဟိုဌာနပြောရေးဆိုခွင့်ရှိသူ တာဝီ ဆီးလ်ဘ် ဗီဆာနူယိုသင်က ပြောကြားသည်။

ထိုင်းအစိုးရ၏ ကိုဗစ်-၁၉ ရောဂါ အခြေအနေ စီမံခန့်ခွဲရေးဗဟိုဌာနသည် အစပိုင်းက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်ဥပဒေကို ယခုလကုန်တွင် အဆုံးသတ်ရန် စီစဉ်ထားသော်လည်း ကိုဗစ်-၁၉ ရောဂါ မထိန်းချုပ်နိုင်သေးသည့် ပြည်ပနိုင်ငံများမှ ထိုင်းပြည်သူများနှင့် နိုင်ငံခြားသားအများအပြား ထပ်မံဝင်ရောက်လျက်ရှိသောကြောင့် ယင်းဥပဒေကို နောက်ထပ်တစ်လ သက်တမ်းတိုးရခြင်းဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

သို့ဖြစ်ရာ ထိုင်းအစိုးရသည် လက်ရှိပြဋ္ဌာန်းထားသည့် ဥပဒေအောက်ရှိ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ အစီအမံများဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်သွားမည် ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ထပ်လောင်းပြောကြားသည်။

ကူးစက်ရောဂါ ထိန်းချုပ်ရေးအစီအမံများနှင့်ပတ်သက်သော စည်းမျဉ်းစည်းကမ်းများသည် လက်ရှိဖြစ်ပွားနေသော ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုကို ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း မရှိသဖြင့် အရေးပေါ်ဥပဒေကို ဆက်လက်ကျင့်သုံးရန် ထိုင်းဝန်ကြီးချုပ် ပရာယုက တိုက်တွန်းခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

# အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်၌ မိုးကြိုးပစ်မှုကြောင့် တစ်ရက်အတွင်း ၁၈ ဦးထက်မနည်းသေဆုံး

**နယူးဒေလီ ဇူလိုင် ၂၂**
အိန္ဒိယနိုင်ငံအရှေ့ဘက် ဘီဟာပြည်နယ်၌ ပြည်သူ ၄၀၀၀၀၀၀ ကျော် ရေဘေးဒုက္ခခံနေကြစဉ် မိုးကြိုးပစ်ခံရမှုကြောင့် တစ်ရက်အတွင်း ၁၈ ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ယနေ့ပြောကြားသည်။

မိုးကြိုးပစ်မှုကြောင့် ဘီဟာပြည်နယ် ဘန်ကာ၊ ဂျာမွီ၊ နာလန်ဒါ၊ နာဝါဒါ၊ ဂါယာ၊ ဘာဂါလ်ပူရ်၊ ဂျယ်ဟာနာဘတ်၊ လာခီဆာရိုင်းနှင့် အရှေ့ချမ်ပရန် စသည့် ခရိုင်ကိုးခု၌ တစ်ရက်အတွင်း ၁၈ ဦး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဘီဟာပြည်နယ် သဘာဝဘေး စီမံခန့်ခွဲရေးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

ဘီဟာပြည်နယ်တစ်ဝန်း၌ ပြီးခဲ့သည့် သီတင်းပတ်များက ဖြစ်ပွားခဲ့သည့် မိုးကြိုးပစ်ခံရမှုများနှင့် မိုးသက်မုန်တိုင်းများကြောင့် ယနေ့အထိ သေဆုံးသူပေါင်း ၂၀၀ ရှိလာကြောင်း သိရသည်။ အဆိုပါ သေဆုံးသူများသည် မိုးကြိုးပစ်ခံရမှု ဖြစ်ပွားခဲ့ချိန်က ၎င်းတို့၏ ယာခင်းများ၌ အလုပ်လုပ်နေကြစဉ် သို့မဟုတ် သစ်ပင်များ အောက်၌ ခိုလှုံနေကြစဉ် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ထပ်မံပြောကြားသည်။

တစ်ချိန်တည်းမှာပင် ဘီဟာပြည်နယ်ဝန်ကြီးချုပ် ဘီဟာနီတစ်ကူမာက ပြည်နယ်အတွင်း မိုးကြိုးပစ်မှုကြောင့် သေဆုံးသူများ၏ မိသားစုဝင်များနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း ထုတ်ဖော်ပြောကြားပြီး သေဆုံးသူ မိသားစုဝင်များအား နစ်နာကြေးထောက်ပံ့ပေးရန် ကြေညာလိုက်သည်။

ထို့အပြင် ကူမာက ပြည်နယ်အတွင်း ဆိုးရွားသောရာသီဥတု အခြေအနေ ဖြစ်ပွားစဉ်အတွင်း သတိထားကြရန်နှင့် မိုးကြိုးပစ်ခံရမှုနှင့် မိုးသက်မုန်တိုင်း ဖြစ်ပွားစဉ် အပြင်ထွက်ခြင်းမှ ရှောင်ရှားကြရန် ဒေသခံပြည်သူများအား တိုက်တွန်းထားကြောင်း သိရသည်။

ထို့အပြင် ဆိုးရွားသော ရာသီဥတုကာလအတွင်း သဘာဝဘေးဒဏ်စီမံခန့်ခွဲရေးရုံးမှ ထုတ်ပြန်သည့် သတိပေးချက်များကို လုံးဝလိုက်နာကြရန်လည်း ပြည်သူများကို တိုက်တွန်းထားကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

# ခရိုအေးရှားဝန်ကြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**ဇာဂရက်ဘ် ဇူလိုင် ၂၂**
ခရိုအေးရှားနိုင်ငံ၏ ပြည်သူ့အုပ်ချုပ်ရေးဝန်ကြီး အိုင်ဗင်မာလယ်နီကာသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း ခရိုအေးရှားအစိုးရက ယမန်နေ့က ကြေညာခဲ့သည်။

ခရိုအေးရှားဝန်ကြီးချုပ် အန်ဒရက်ဂျ်ပလင်ကိုဗစ်ခ်၏ ဝန်ကြီးအဖွဲ့သစ်တွင် ဝန်ကြီးတစ်ဦးအဖြစ် ၎င်း၏ တာဝန် ဝတ္တရားများကို ဆက်လက်ထမ်းဆောင်မည့် မာလယ်နီကာသည် ကိုဗစ်-၁၉ ရောဂါ လက္ခဏာခံစားခဲ့ပြီးနောက် ဇူလိုင် ၂၀ ရက်က မြို့တော်ဇာဂရက်ဘ်တွင် ရောဂါစမ်းသပ်စစ်ဆေးမှု ခံယူခဲ့ခြင်းဖြစ်သည်။



လောလောဆယ် ဝန်ကြီးသည် ကျန်းမာတည်ငြိမ်လျက်ရှိပြီး သီးခြားခွဲ၍ နေရသည့်နေရာမှ ၎င်း၏ရုံးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဝန်ကြီး အိုင်ဗင်မာလယ်နီကာသည် ဇူလိုင် ၁၆ ရက်က ကျင်းပသော အစိုးရအစည်းအဝေးတစ်ရပ်၌ အစိုးရအဖွဲ့ဝင်များနှင့် နောက်ဆုံး ထိတွေ့ဆက်ဆံခဲ့သည်။ သို့သော် ဝန်ကြီးအိုင်ဗင်မာလယ်နီကာအနေဖြင့် ဝန်ကြီးချုပ်အပါအဝင် အခြားဝန်ကြီးများနှင့် အနီးကပ်ထိတွေ့ဆက်ဆံခြင်း မရှိသောကြောင့် ဝန်ကြီးချုပ်နှင့် အခြားဝန်ကြီးများသည် သီးခြားခွဲ၍ နေရန်မလိုကြောင်း ခရိုအေးရှားအစိုးရက သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အိုင်ဗင်မာလယ်နီကာသည် ခရိုအေးရှားနိုင်ငံ၌ ပါလီမန်ရွေးကောက်ပွဲများ ကျင်းပခဲ့ပြီးနောက် သီတင်းပတ် နှစ်ပတ်ခန့်အကြာ ယနေ့ကျင်းပပြုလုပ်သော ပါလီမန်အစည်းဝေးသို့ တက်ရောက်ခြင်းမရှိကြောင်း သိရသည်။ ၁၉၈၅ ခုနှစ်က မွေးဖွားသည့် အိုင်ဗင်မာလယ်နီကာသည် ၂၀၁၉ ခုနှစ်မှ စ၍ ခရိုအေးရှားနိုင်ငံ၏ ပြည်သူ့အုပ်ချုပ်ရေးဝန်ကြီးအဖြစ် ယနေ့အထိ တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၁၅၁၆၇၈၇၈ ဦး

သေဆုံးသူ
၆၂၁၄၆၃ ဦး

ပြန်လည်ကျန်းမာလာသူ
၉၁၆၆၀၈၁ ဦး

# တူရကီသမ္မတ အာဒိုဂန်နှင့် ဂျာမနီဝန်ကြီးချုပ် မာကယ်လ်တို့ ဆီးရီးယားနှင့် လစ်ဗျားအရေး ဖုန်းဖြင့် ဆွေးနွေး

**အန်ကာရာ ဇူလိုင် ၂၂**
တူရကီနှင့် ဂျာမနီခေါင်းဆောင်တို့က ဆီးရီးယားနှင့် လစ်ဗျားနိုင်ငံဆိုင်ရာ တိုးတက်မှုအခြေအနေများအပြင် ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးကိုလည်း ဆွေးနွေးခဲ့ကြကြောင်း တူရကီ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ယနေ့ ပြောကြားသည်။

တူရကီသမ္မတ ရီစက်တေယက်အာဒိုဂန်နှင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်လ်တို့က ဖုန်းပြောဆိုမှုအတွင်း နှစ်နိုင်ငံဆက်ဆံရေး၊ စီးပွားရေးနှင့် ခရီးသွားလုပ်ငန်းတို့ကိုလည်း ဆွေးနွေးခဲ့ကြောင်း အဆိုပါဌာနက ပြောကြားသည်။ ၂၀၁၉ ခုနှစ် ဧပြီလနောက်ပိုင်း စစ်ဘုရင်ခါလီဖာဟတ်ဖ်တာ၏ တပ်ဖွဲ့များက ထရီပိုလီမြို့တော်နှင့် လစ်ဗျားနိုင်ငံ အနောက်မြောက်ပိုင်းရှိ အခြားဒေသများတွင် တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ရာ အမျိုးသမီးနှင့် ကလေးငယ်များအပါအဝင် လူ ၁၀၀၀ ကျော် သေဆုံးခဲ့သည်။

သို့သော်လည်း မကြာသေးမီက လစ်ဗျားအစိုးရက သိသာထင်ရှားသော အောင်မြင်မှုများ ရရှိခဲ့ပြီး ဟတ်ဖ်တာတပ်ဖွဲ့များကို ထရီပိုလီမြို့ပြင်နှင့် မဟာဗျူဟာအရ အရေးပါသော တာဟူနာမြို့တော်မှ မောင်းထုတ်နိုင်ခဲ့သည်။ ဟတ်ဖ်တာတပ်ဖွဲ့များကို ရုရှား၊ ပြင်သစ်၊ အီဂျစ်နှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့က ထောက်ခံအားပေးခဲ့သည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-ကျော်ထိုက်စိုး



တူရကီသမ္မတ ရီစက်တေယက်အာဒိုဂန်



ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်လ်

# တိုကျို အိုလံပစ်အားကစားပြိုင်ပွဲ ကျင်းပရေးအတွက် စစ်တမ်းများကောက်ယူ

**တိုကျို ဇူလိုင် ၂၂**
ကမ္ဘာတစ်ဝန်း၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့လျက်ရှိရာ တိုကျိုအိုလံပစ်နှင့် ပါရာလံပစ်အားကစားပြိုင်ပွဲများ ကျင်းပခြင်းနှင့်ပတ်သက်ပြီး စစ်တမ်းတစ်ရပ် ကောက်ယူခဲ့ကြောင်း သိရသည်။ အဆိုပါစစ်တမ်းတွင် ပြည်သူ ၁၃၀၀ ခန့်က ပြိုင်ပွဲများကျင်းပခြင်းနှင့်ပတ်သက်ပြီး ၎င်းတို့၏ ထင်မြင်ယူဆချက်များ ပြောကြားခဲ့ကြသည်။




ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲ ကျင်းပရန် တစ်နှစ်ရွှေ့ဆိုင်းခဲ့ပြီးနောက် လာမည့်နှစ် ဇူလိုင်လတွင် ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါစစ်တမ်းအရ ပြိုင်ပွဲကျင်းပမှုကို စိတ်ဝင်စားသူ ၇၁ ရာခိုင်နှုန်းရှိပြီး အဆိုပါအရေအတွက်သည် မတ်လနှောင်းပိုင်းက ကောက်ယူခဲ့သည့် စစ်တမ်းထက် ၉ ရာခိုင်နှုန်း လျော့ကျသွားကြောင်း တွေ့ရှိရသည်။

ပြိုင်ပွဲအား စီစဉ်ထားသည့်ရက်အတိုင်း ကျင်းပရန် သင့်၊ မသင့်နှင့်ပတ်သက်ပြီး စစ်တမ်းကောက်ယူခဲ့ရာ ၃၅ ရာခိုင်နှုန်းသည် ပြိုင်ပွဲအား သတ်မှတ်ထားသောအချိန်ထက် လအနည်းငယ် နောက်ဆုတ်ကျင်းပသင့်သည်၊ ၃၁ ရာခိုင်နှုန်းက အားကစားပြိုင်ပွဲအား ဖျက်သိမ်းသင့်သည်ဟု တုံ့ပြန်ပြောကြားခဲ့ကြောင်း သိရသည်။ ထို့ပြင် ၂၆ ရာခိုင်နှုန်းသည် သတ်မှတ်ထားသည့်အတိုင်း အားကစားပြိုင်ပွဲအား ကျင်းပသင့်သည်ဟု ပြန်လည်ဖြေကြားခဲ့သည်။

အားကစားပြိုင်ပွဲအား ပယ်ဖျက်သင့်သည်ဟု ဖြေကြားခဲ့သူများအနက် ၅၄ ရာခိုင်နှုန်းက ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုသည် ဆက်လက်ပျံ့နှံ့နိုင်ဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။ ၁၄ ရာခိုင်နှုန်းသည် နိုင်ငံအတွင်း ရောဂါကူးစက်မှုများ ပိုမိုမြင့်တက်လာမည်ကို စိုးရိမ်ခြင်းကြောင့် အားကစားပြိုင်ပွဲကို ပယ်ဖျက်ရန် ပြောကြားခြင်းဖြစ်သည်ဟု ဆိုသည်။ နောက်ထပ် ၁၄ ရာခိုင်နှုန်းသည် ရောဂါဖြစ်ပွားနေစဉ်တွင် အားကစားပြိုင်ပွဲတွင် အသုံးပြုမည့် ကုန်ကျစရိတ်များကို ရောဂါကာကွယ်ရေး လုပ်ငန်းစဉ်များတွင် အသုံးချသင့်သည်ဟု ပြောကြားခဲ့သည်။

အားကစားပြိုင်ပွဲကို လအနည်းငယ်ရွှေ့ဆိုင်းကျင်းပသင့်သည်ဟု ဖြေကြားခဲ့သူများအနက် ၃၈ ရာခိုင်နှုန်းသည် အားကစားသမားများ၏ ကြိုးစားအားထုတ်မှုများကို ချီးကျူးထောမနာပြုသင့်ကြောင်း၊ ၂၁ ရာခိုင်နှုန်းသည် အားကစားပြိုင်ပွဲများကြည့်ရှုရန် မျှော်လင့်စောင့်စားလျက်ရှိကြောင်းနှင့် ၁၈ ရာခိုင်နှုန်းသည် အားကစားပြိုင်ပွဲကျင်းပရေးအတွက် အချိန်နှင့် ငွေကြေးများကို စနစ်တကျ သုံးစွဲသင့်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

စီစဉ်ထားသည့်အတိုင်း အားကစားပြိုင်ပွဲအား ကျင်းပရန် ဖြေကြားခဲ့သူများအနက် ၄၁ ရာခိုင်နှုန်းသည် အားကစားသမားများ၏ ကြိုးစားယှဉ်ပြိုင်မှုများကို ကြည့်ရှုရန် ဆန္ဒပြင်းပြလျက်ရှိသည်ဟု ဖြေကြားခဲ့သည်။

ပွဲကြည့်ပရိသတ်မပါဘဲ အားကစားပြိုင်ပွဲများ ကျင်းပမည့်အစီအစဉ်နှင့်ပတ်သက်ပြီး ၄၂ ရာခိုင်နှုန်းက ထောက်ခံကြသော်လည်း ၅၃ ရာခိုင်နှုန်းက ဆန့်ကျင်လျက်ရှိကြောင်း စစ်တမ်းအရ သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အောင်ကျော်ကျော်



# ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုမြင့်တက်လာသည့်အတွက် နှာခေါင်းစည်းမဝတ်မနေရအမိန့် ဩစတြေးလျ ထုတ်ပြန်မည်

**မဲလ်ဘုန်း ဇူလိုင် ၂၂**
ဩစတြေးလျနိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုမြင့်တက်လာသည့်အတွက် ဇူလိုင် ၂၄ ရက်မှစတင်ကာ ဈေးဝယ်စင်တာများ၊ ဘဏ်များနှင့် စာတိုက်ရုံးများတွင် နှာခေါင်းစည်းမဝတ်မနေရအမိန့်တစ်ရပ်ကို ထပ်မံထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံသည် ဧပြီလအတွင်းက နှာခေါင်းစည်း မဝတ်မနေရအမိန့်ကို စတင်ခဲ့ခြင်းဖြစ်ပြီး ကူးစက်မှုအရေအတွက် လျော့ကျလာခဲ့သည့်အတွက် ဇွန်လလယ်ပိုင်းတွင် အဆိုပါစည်းမျဉ်းများကို ဖြေလျှော့ပေးခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ဆံပင်ညှပ်ဆိုင်များ၊ ဆေးရုံများ၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင်မူ နှာခေါင်းစည်းများ ဝတ်ဆင်ရမည့်အမိန့် ဆက်လက်အသက်ဝင်နေဆဲဖြစ်ကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံတွင် နေ့စဉ်ကူးစက်ခံရသူအရေအတွက် စုစုပေါင်း ၁၆၀ အထိရှိလာခြင်းနှင့်အတူ ယခုလအတွင်း ကူးစက်ခံရသူမြင့်တက်လာခြင်းကြောင့် ဇူလိုင် ၂၁ ရက်မှစတင်ကာ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကန့်သတ်ချက်များကို တစ်ကျော့ပြန်လည်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ဩစတြေးလျနိုင်ငံသည် နိုင်ငံ၏စီးပွားရေးပြန်လည်ဦးမော့လာစေရေးအတွက် ခရီးသွားလာခွင့်ဆိုင်ရာ ကန့်သတ်ချက်အစီအမံများကို စောစီးစွာ ဖြေလျှော့ပေးခဲ့သည့် ဥရောပ၏ ပထမဆုံးသော နိုင်ငံလည်းဖြစ်သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

# ဖိလစ်ပိုင် အကျဉ်းထောင်များ၌ ကိုဗစ်-၁၉ ကူးစက်မှုမဖြစ်ပွားစေရန် အကျဉ်းသား ၂၂၀၀၀ နီးပါး လွတ်ငြိမ်းသက်သာခွင့်ပေး

**မနီလာ ဇူလိုင် ၂၂**
ဖိလစ်ပိုင်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမြင့်တက်လျက်ရှိရာ အကျဉ်းထောင်များအတွင်း ကူးစက်မှုများ မဖြစ်ပွားစေရန် အစိုးရက အကျဉ်းသား ၂၁၈၅၈ ဦးအား လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့ကြောင်း ပြည်ထဲရေးနှင့် ဒေသန္တရအစိုးရဝန်ကြီး အီဒူရာဒိုအာနိုက ယနေ့ ပြောကြားခဲ့သည်။


မတ် ၁၇ ရက်မှ ဇူလိုင် ၁၃ ရက်အထိ နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင် ၄၇၀ မှ အကျဉ်းသား ၂၁၈၅၈ ဦးအား လွှတ်ပေးခဲ့ပြီးဖြစ်ကြောင်း ဝန်ကြီး အီဒူရာဒိုအာနိုက ဆိုသည်။ ယင်းတို့အနက် ၄၀၉ ဦးသည် သက်ကြီးရွယ်အိုများဖြစ်ပြီး ၆၂၁ ဦးသည် ကျန်းမာရေးမကောင်းသူများဖြစ်ကာ ၂၄ ဦးသည် ကိုယ်ဝန်ဆောင်မိခင်များဖြစ်သည်။

ဇူလိုင် ၁၅ ရက်အထိ အကျဉ်းထောင်များအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၈၀ စစ်ဆေးတွေ့ရှိခဲ့သည်။ ယင်းတို့အနက် အကျဉ်းသား ၁၂၆ ဦးနှင့် အကျဉ်းထောင်ဝန်ထမ်း ၅၄ ဦးတို့ပါဝင်ကြောင်း သိရသည်။

အကျဉ်းထောင်စီမံခန့်ခွဲမှုနှင့် ပြစ်မှုဆိုင်ရာ ဗျူရို (ဘီဂျေအမ်ပီ)က နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်များ၌ ဗိုင်းရပ်စ်ပိုး ရှိ၊ မရှိ ဆေးစစ်မှုများ လိုက်လံဆောင်ရွက်လျက်ရှိသည်။

အကျဉ်းထောင်များအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမဖြစ်ပွားစေရန် ထောင်ဒဏ်ခြောက်လမှ နှစ် ၂၀ အထိ အကျဉ်းကျခံရမည့် အကျဉ်းသားများအား လျှော့ပေါ့ပေးကာ တရားရုံးချုပ်က ပြစ်ဒဏ်ချမှတ်လျက်ရှိသည်။ ယင်းတို့အနက် သက်ကြီးရွယ်အို အကျဉ်းသားများနှင့် ကျန်းမာရေးမကောင်းသော အကျဉ်းသားများအား ဦးစားပေးလျှော့ပေါ့ပြစ်ဒဏ်များ ချမှတ်လျက်ရှိကြောင်း သိရသည်။

ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-အောင်ကျော်ကျော်



# ပန်းဘဲတန်းမြို့နယ်မှ လက်ကိုင်ဖုန်း ၃၈ လုံး ခိုးယူသူကို ဖမ်းဆီးရမိ



**ရန်ကုန် ဇူလိုင် ၂၂**

ပန်းဘဲတန်းမြို့နယ် (၂)ရပ်ကွက် အနော်ရထာလမ်းနှင့် (၂၅)လမ်းထောင့် သိမ်ကြီးဈေး(C)ရုံရှိ ဖုန်းအရောင်းဆိုင်မှ လက်ကိုင်ဖုန်း ၃၈ လုံး (တန်ဖိုးငွေကျပ် ၁၄၆၇၃၂၀၀) ပျောက်ဆုံးကြောင်း မန်နေဂျာဖြစ်သူ အမျိုးသမီးက ဇွန် ၂၇ ရက်တွင် ပန်းဘဲတန်း မြို့မရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့ကြောင်း သိရသည်။

**စစ်ဆေးပေါ်ပေါက်**

ရန်ကုန်အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးက အနီးကပ်ကြီးကြပ်၍ ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှတပ်ဖွဲ့ဝင်များနှင့် ပန်းဘဲတန်းမြို့နယ် ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များသည် အမှုမှတရားခံအား အမြန်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၂ ရက်တွင် ပန်းဘဲတန်းမြို့နယ် (၂)ရပ်ကွက်နေ အမျိုးသားတစ်ဦးက အွန်လိုင်းမှတစ်ဆင့် ပျောက်ဆုံးဖုန်းနှစ်လုံးအား ရောင်းချလာသဖြင့် ဝယ်ယူခဲ့ကြောင်း စုံစမ်းသိရှိရသဖြင့် အတည်ပြုစုံစမ်းခဲ့ရာ ကျိုက်ထိုမြို့နယ်ရှိ ဖုန်းအရောင်းဆိုင်တစ်ခုမှ အွန်လိုင်းမှတစ်ဆင့် ရောင်းချခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ အဆိုပါ ဖုန်းဆိုင်သို့ သွားရောက်စစ်ဆေးခဲ့ရာ အမျိုးသားတစ်ဦးက လာရောက်ရောင်းချသဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ဆိုင်ပိုင်ရှင်အား ဖုန်းများ ထပ်မံဝယ်ယူလိုကြောင်း အဆိုပါအမျိုးသားကို ဖုန်းဖြင့်ဆက်သွယ်စေခဲ့ရာ ဇူလိုင် ၁၅ ရက်က သထုံ-ကျိုက်ထိုကားဂိတ်တွင် အောင်ထွန်း (ခ)ကဲကဲ(ခ)မောင်ဇော်ကို ဖုန်းအလုံး ၂၀ လာရောက်ရောင်းချစဉ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးရမိသူ အောင်ထွန်း(ခ)ကဲကဲ(ခ)မောင်ဇော်အား အမှုဖြင့်တိုက်ဆိုင်စစ်ဆေးခဲ့ရာ ၎င်းသည် အဆိုပါပြစ်မှုအားကျူးလွန်ခဲ့ကြောင်း ထွက်ဆိုစစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှ သက်သေခံပစ္စည်းဖုန်းများအား ပြန်လည်သိမ်းဆည်းရရှိခဲ့ပြီးဖြစ်၍ ၎င်းအား ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# လှိုင်သာယာမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့၌ ဆိုင်ကယ်ခိုးသူအား ဖမ်းဆီးရမိ

**ရန်ကုန် ဇူလိုင် ၂၂**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနစုမှတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၈ ရက် ည ၇ နာရီခွဲတွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်အတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက်သတင်းများ စုံစမ်းဆောင်ရွက်နေစဉ် ဆိုင်ကယ်ခိုးမှုများကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ ဝေလင်း၊ သခင်ဖိုးလှကြီး(၃)လမ်း ရိုးကြီးကျေးရွာ ထန်းတပင်မြို့နယ်နေသူအား (၁၀)ရပ်ကွက် စစ်ကိုင်းလမ်းမကြီးပေါ်၌ တွေ့ရှိစစ်ဆေးရာ ၎င်းသည် ၂၀၂၀ ပြည့်နှစ် ဇွန်လမှ ဇူလိုင်လအထိ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့အတွင်း လှည့်လည်သွားလာ၍ ဆိုင်ကယ် ငါးစီးကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ အမှုဖွင့်အရေးယူခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှ သက်သေခံပစ္စည်း ဆိုင်ကယ်ငါးစီးကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ခိုးမှုကျူးလွန်သူ ဝေလင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ကျောက်တံခါးမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ နှစ်ဦးသေဆုံး

**ကျောက်တံခါး ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် တောကျွဲအင်း (ခ) အောင်မြင်မြို့တွင် ယနေ့နံနက် ၃ နာရီခန့်က ဆိုင်ကယ်နှင့် ၁၂ ဘီးယာဉ်တိုက်မှုဖြစ်ပွားကာ အမျိုးသားနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်တံခါးမြို့နယ် တောကျွဲအင်း (ခ) အောင်မြင်မြို့ အောင်မင်္ဂလာကျေးရွာအနီး ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဒုတိယရဲအုပ်ခင်မောင်ဆန်းနှင့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးမိုင်တိုင် ၁၁၂/၆ နှင့် ၁၁၂/၇ အကြားတွင် ဆိုင်ကယ်တစ်စီးနှင့်အတူ မြင့်စိုးအား ဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရှိခဲ့ရပြီး မိုင်တိုင်အမှတ် ၁၁၆/၀ အနီး ရပ်တန့်ထားသော ၁၂ ဘီးယာဉ်၏ စက်ခန်းအောက်တွင် လင်းထွန်း(ခ)ဝင်းဇော်ထွန်းမှာ ဒဏ်ရာများဖြင့် သေဆုံးနေကာ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

သို့ဖြစ်ပါ၍ ယာဉ်မောင်း(စုံစမ်းဆဲ)အား တောကျွဲအင်းနယ်မြေရဲစခန်းက အမှုဖွင့်ကာ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

# တောင်သာမြို့နယ်၌ မှုခင်းကျဆင်းရေး ယာဉ်များအား ရှောင်တခင်စစ်ဆေး



**နေပြည်တော် ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး တောင်သာမြို့နယ် ရုံးစည်ကြီးကျေးရွာ ရွာလယ်လမ်းမ၌ ရုံးစည်ကြီးရဲကင်းစခန်းမှူး ဒုတိယရဲအုပ် ငါးရယ် ဦးစီးသည့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယနေ့နံနက် ၉ နာရီက မှုခင်းလျော့နည်းကျဆင်းရေး၊ ခိုး၊ ဆိုး၊ လုယက်မှုများ မဖြစ်ပွားစေရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအား ရှောင်တခင်ပိတ်ဆို့စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

# မြို့နယ်အချို့မှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၃ ရက်မှ ၁၉ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၅၅ ဒသမ ၉၂၉၉ တန်၊ သစ်မာ ၂၂၃ ဒသမ ၄၀၄၂ တန်၊ အခြား ၇၂ ဒသမ ၈၄၈၂ တန် စုစုပေါင်း ၁၅၂ ဒသမ ၁၈၂၃ တန်၊ ပြစ်မှုကျူးလွန်သူ ၄၄ ဦး၊ ယာဉ်/ယန္တရား ၁၆ စီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ညီညီသန်း (နေပြည်တော်)

# ဟိုပန်နှင့် လားရှိုးမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



လျှိုလောက်ပေါင်းအား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၂၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ည ၇ နာရီတွင် ဟိုပန်မြို့နယ် ခြူးရွှေ ကျေးရွာသွားလမ်းမပေါ်တွင် လျှိုလောက်ပေါင်း မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ၎င်းထံမှ စိတ်ကြွဆေးပြား ၃၉၀၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေ ၆ နာရီက လားရှိုးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့ အမှတ်(၅)ရပ်ကွက် လမ်းမပေါ်တွင် အောင်ချစ်ဦး မောင်းနှင်ပြီး မအားပိုင် လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ မအားပိုင်ထံမှ ဘိန်းဖြူ သုည ဒသမ ၀၀၃ ကီလို၊ စိတ်ကြွဆေးပြား ၁၀၆၅ ပြားတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



## မိမိနေအိမ်တွင်နေထိုင်ရေးအစီအစဉ်ကို မြို့နယ်တွေအားလုံး ဖြေလျှော့ပေးနိုင်ပါပြီ ဈေးများလို အခြားသူများနဲ့ အချိန်ခပ်ကြာကြာ ထိတွေ့နိုင်တဲ့နေရာတွေမှာ Mask တပ်ဖို့ အထူးအရေးကြီး



Covid ရောဂါပြန့်ပွားမှုကို ကာကွယ်နိုင်ဖို့အတွက် နှစ်ပတ်တစ်ကြိမ် အခြေအနေတွေကိုသုံးသပ်ပြီး ဆက်လက်ထိန်းသိမ်းထားရမယ့် စည်းမျဉ်းတွေ၊ ဖြေလျှော့သင့်တာတွေ၊ မြှင့်တင်သင့်တာတွေကို ဆုံးဖြတ်ရပါတယ်။ ယခုလကုန်မှာ မိမိနေအိမ်တွင်နေထိုင်ရေး(Stay at Home) အစီအစဉ်ကို မြို့နယ်တွေအားလုံး ဖြေလျှော့ပေးနိုင်ပါပြီ။

လူစုလူဝေးဖြစ်စေနိုင်မဲ့ကိစ္စများကိုတော့ ဆက်လက်ပိတ်ပင်ထားပါတယ်။ ရောဂါ မပြန့်ပွားစေဖို့ ထိရောက်စွာ ဆောင်ရွက်နိုင်မယ်ဆိုပါက နောက် (၁)လ၊ (၂)လလောက်အတွင်းမှာ ဒုတိယအကြိမ် Covid လှိုင်းထခြင်းကို တားဆီးနိုင်မယ်လို့ မျှော်လင့်ရပါတယ်။ ရောဂါလက္ခဏာ လုံးလုံးမပြဘဲ ကူးစက်ခံနေရသူတွေ များတာကြောင့် အထူးသတိထားဖို့လိုပါတယ်။ ဈေးများလို အခြားသူများနဲ့ အချိန်ခပ်ကြာကြာ ထိတွေ့နိုင်တဲ့နေရာတွေမှာ Mask တပ်ဖို့ အထူးအရေးကြီးပါတယ်။ လက်ကို ခဏခဏ ဆေးဖို့လည်း မမေ့ပါနဲ့။ မပေါ့ဆပါနဲ့။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၂၉-၆-၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်ခ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၂-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၂-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၁၄၇)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၄၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၁၀) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခု၊

စုစုပေါင်း (၇၅၅)ခု အား ယနေ့ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂)ဦး တွေ့ရှိရပါသည်။

၂။ (၂၂-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၄၃) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၂၈၀) ဦးရှိပါသည်။ ၎င်းတို့အနက် (၂၆၉)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၁-၇-၂၀၂၀) ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီမှ (၂၂-၇-၂၀၂၀)ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၉) ဦး ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၂-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၂-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၄၇) ခု |
| (၂၂-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၄၂) ခု |
| (၂၂-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၁၀) ခု |
| (၂၂-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၂) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၂-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂) ဦး | (၃၄၃) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၂၈၀) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**(၂၂-၇-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု**
**ည (၈:၀၀) နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြုလူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားလာခဲ့ခြင်း ရှိ/မရှိ | ဆေးကုသမှုခံယူနေသည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 342 | ၂၇ နှစ် | ကျား | သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (ဖိလစ်ပိုင်) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (သင်္ဃန်းကျွန်းမြို့နယ်) |
| 343 | ၂၂ နှစ် | ကျား | [illegible]မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | မရှိ | ရှိ (ဖိလစ်ပိုင်) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (သင်္ဃန်းကျွန်းမြို့နယ်) |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၂-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၂၁-၇-၂၀၂၀)ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ ထပ်မံစစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၁၃၆) ခုတွင်-
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၂၂-၇-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၄၁) ဦးရှိပါသည်။

၃။ သို့ဖြစ်ပါ၍ (၂၁-၇-၂၀၂၀)ရက်နေ့တွင်-
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ (ပထမအသုတ်နှင့် ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၃၄၆)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၆၇)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) ဓာတ်ခွဲနမူနာ (၂၇၂)ခု စုစုပေါင်းဓာတ်ခွဲနမူနာ (၇၈၅)ခုအား စစ်ဆေးပြီးစီးခဲ့ပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၂၂-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၂၁-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၃၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ကမ္ဘောဇဘဏ်မှ ကိုဗစ်-၁၉ ကာလအတွင်း ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီသို့ ငွေကျပ်သိန်း ၅၀၀၀ တတိယအကြိမ် ပေးအပ်လှူဒါန်း




**တောင်ကြီး ဇူလိုင် ၂၂**

ကမ္ဘောဇဘဏ်မှ ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီသို့ ငွေကျပ် သိန်း ၅၀၀၀ တတိယ အကြိမ် လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါကော်မတီအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် ကမ္ဘောဇအုပ်စု အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညီမြင့်က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ကမ္ဘောဇဘဏ် နာယက ဦးအောင်ကိုဝင်းက ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီသို့ ငွေကျပ်သိန်း ၅၀၀၀ ကို ပေးအပ်လှူဒါန်းရာ ကော်မတီနာယက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်တို့က လက်ခံရယူကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် တောင်ကြီးမြို့ရှိ မိုးကုတ်ဝိပဿနာ တရားစခန်းကျောင်း၌ နေရပ်ပြန်ပြည်သူများအတွက် ဖွင့်လှစ်ထားသည့် ကန့်သတ်စောင့်ကြည့်စခန်းသို့ သွားရောက်၍ စောင့်ကြည့်ရေး ဝင်ရောက်နေသော ရှမ်းပြည်နယ်အတွင်းမှ နေရပ်ပြန်ပြည်သူများအနက် ကိုယ်ဝန်ဆောင်မိခင်များအား ပြည်နယ်ဝန်ကြီးချုပ်က စားနပ်ရိက္ခာထုပ်များနှင့် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ စီ ကိုလည်းကောင်း၊ ကမ္ဘောဇဘဏ် နာယက ဦးအောင်ကိုဝင်းက စောင့်ကြည့်လူနာ ၁၈၀ အတွက် စားနပ်ရိက္ခာထုပ်များနှင့် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ စီ တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်လှူဒါန်းသည်။

ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီသည် ကမ္ဘောဇဘဏ်၏ စုစုပေါင်းလှူဒါန်းငွေကျပ်သိန်း ၁၅၀၀၀ နှင့် အများပြည်သူများ၏ လှူဒါန်းငွေများဖြင့် ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားပေါင်းစုံ နေထိုင်ရာဒေသများသို့ စားနပ်ရိက္ခာများ ဆက်လက်ထောက်ပံ့ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်များအား စောင့်ကြည့်ရေးစခန်းများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများသို့ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို နေရာအရောက် ဆက်လက်ထောက်ပံ့ ပေးအပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အင်းစိန် ဗဟိုအကျဉ်းထောင်သို့ နှာခေါင်းစည်းများ လှူဒါန်း



**ရန်ကုန် ဇူလိုင် ၂၂**

ရန်ကုန်မြို့ အင်းစိန်ဗဟိုအကျဉ်းထောင်တွင် အကျဉ်းသားများ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် Grand Ruby Mountain Group Co., Ltd. က ယနေ့နံနက်ပိုင်းတွင် နှာခေါင်းစည်းအခုတစ်သောင်း သွားရောက်လှူဒါန်းသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ထိုသို့လှူဒါန်းရာတွင် ရန်ကုန်တိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဇော်ထံ Grand Ruby Mountain Group Co., Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်ကျော်မိုးက နှာခေါင်းစည်းများကိုပေးအပ်လှူဒါန်းပြီး ညွှန်ကြားရေးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

သတင်းနှင့်ဓာတ်ပုံ- မင်းသစ်(MNA)

# အိမ်တိုင်ရာရောက် အခြေခံစားသောက်ကုန်ရောင်းချမှု နည်းပါးလာ

**ရန်ကုန် ဇူလိုင် ၂၂**

ကိုဗစ် -၁၉ ရောဂါဖြစ်ပွားနေသည့်ကာလတွင် ပြည်သူများ အခြေခံစားသောက်ကုန်များကို လွယ်ကူစွာ ဝယ်ယူစားသုံးနိုင်စေရန် မတ် ၂၄ ရက်မှ စတင်ကာ We Love Yangon လူထုအခြေပြုပရဟိတအဖွဲ့မှ ပက်ကေ့ချ်အမျိုးအစား သုံးမျိုးဖြင့် ပို့ဆောင်ခရယူခြင်းမပြုဘဲ အိမ်တိုင်ရာရောက် လိုက်လံရောင်းချပေးခဲ့သည်။ ထိုသို့ရောင်းချရာတွင်တစ်နေ့လျှင်ပက်ကေ့ချ် ၇၀၀၀၊ ၈၀၀၀ ခန့်အထိ ရောင်းချရကြောင်း We Love Yangon လူထုအခြေပြုပရဟိတအဖွဲ့ အထွေထွေအတွင်းရေးမှူး ဦးဇော်ဝင်းခိုင်ထံမှ သိရသည်။

**မှာယူမှုနည်းပါး**

ယခုအခါ စီးပွားရေးလုပ်ငန်းအချို့ ပုံမှန်လည်ပတ်နိုင်မှုကြောင့် အခြေခံစားသောက်ကုန်များမှာယူမှုမှာ ယခင်ကထက် နည်းပါးသွားသည်။ လွန်ခဲ့သည့်တစ်လ နှစ်လခန့်မှ စတင်၍ပက်ကေ့ချ်မှာယူမှုမှာ ၂၀၀၊ ၃၀၀ သာရှိပြီး တစ်ခါတစ်ရံ ပက်ကေ့ချ် ၁၀၀၊ ၂၀၀ သာမှာယူကြောင်း သိရသည်။ We Love Yangon လူထုအခြေပြုပရဟိတ အဖွဲ့အနေဖြင့် အခြေခံစားသောက်ကုန်များ လိုက်လံပို့ဆောင် ရောင်းချပေးသည့်အပြင် မိုးရာသီကာလသဘာဝ ဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်း များဆောင်ရွက်ခြင်း၊ ကျောင်းဝင်းအတွင်း ပိုးသတ်ဆေးဖျန်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးခြင်း ၊ သောက်သုံးရေ လှူဒါန်းခြင်း၊ အများပြည်သူသုံးရေကန်များ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်သူရ

**COVID-19 ရောဂါကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

**■ ကျောင်းများမှ**

ယခုရန်ပုံငွေကို ထောက်ပံ့ပေးအပ်ခဲ့ခြင်း ဖြစ်ပါတယ်။ ကလေးတွေ အသက်မွေးဝမ်းကျောင်း ပညာရပ်တွေ ဆက်လက်သင်ကြားနိုင်ဖို့လည်း ရည်ရွယ်ပါတယ်။ အသက်မွေးဝမ်းကျောင်းပညာရပ်တွေ ကလေးတိုင်း လက်လှမ်းမီဖို့က အရေးအကြီးဆုံးဖြစ်ပါတယ်"ဟု ပြောကြားသည်။

အဆိုပါထောက်ပံ့ပေးမှုသည် အီးယူက မြန်မာနိုင်ငံပညာရေးအတွက် ထောက်ပံ့သော ယူရိုငွေ ၂၂၁ သန်းအနက် တတိယအကြိမ်မြောက် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် အရည်အသွေးပြည့်မီသော ပညာရေးကို အားလုံး လက်လှမ်းမီနိုင်စေရန်အတွက် ထောက်ပံ့ပေးအပ်ခြင်းလည်းဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ယင်းအထောက်အပံ့သည် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအစီအစဉ်များ၊ ရခိုင်ပြည်နယ်တွင် ပညာရေးလက်လှမ်းမီမှုရရှိရေးနှင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲခြင်းတို့ အကြောင်းကို အီးယူနှင့် အစိုးရတို့ တွေ့ဆုံဆွေးနွေးခဲ့ကြသော ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲရေး မူဝါဒဆွေးနွေးပွဲအပြီး ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြင့်မောင်

## ကျောက်စာမဟုတ်တဲ့ ကြောက်စာ

အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့်
ရောဂါထွေပြား ခေါ်ဝေါ်ထားကြ
တခြားတစ်မျိုး ထပ်တိုးရောက်လာ
ကိုရိုနာ ......တဲ့။
ပါဝါပြင်းထန် ကူးစက်မြန်၍
အမှန်ရှုံ့မုန်း ရှောင်ပုန်းကြရှာ
လူတို့ရွာဝယ် ညင်သာရှုထုတ်
သည်အလုပ်၌ ဒိုင်ချုပ်ဖြစ်သူ
တွေးယူဆပေါင်း ကိုနှာခေါင်းပေ့ါ။
အပြောင်းအလဲ မထားဘဲနှင့်
တစ်ဦးတည်းလျှင် သုပဲလေယူ
တစ်ဖန်ရှုထုတ် သည်အလုပ်တွင်
ဘုရင်တစ်ဆူ မင်းမူကေရာဇ် အမှန်ဖြစ်ခဲ့။
သူ့ရဲ့နှာခေါင်း ထိုအကြောင်းက
ဆပေါင်းများစွာ ကူးစက်လာပုံ
အစုံတွေ့ရှိ မိခဲ့တရားခံ
သိကြပြန်သော် အမြန်ပိတ်ဆို့
ထိန်းဖို့လုပ်ပါ ရှုရာအကြောင်း
ယင်းနှာခေါင်းအား ချုပ်ထားအမြန်
ပြစ်ဒဏ်သင့်စေ အမိန့်ချကြ
လောကေလောက ဘဝများစွာ
ရှိကြရာတွင် လေသာလေအေး
ရှုပေးမှလျှင် အသက်ရှင်ကြ
ပိတ်ပါနှာခေါင်း ဒေါသပေါင်းသော်
အကြောင်းမသင့် တွက်ချင့်၍သာ
ပိတ်စလွှာဖြင့် စည်းကာထားလျှင်
လေဝင်နည်းသွား ရောဂါများလည်း
ပယ်ရှားနိုင်မှာ သေအချာဟု
တွေးကာအမှန် ထိုအကြံက
သဏ္ဌာန်ပြောင်းပြီး နှာခေါင်းစည်းတွေ
ဖြစ်လာပေ၏။
တစ်ထွေဆီးတား လူအများထု
ညီစွာပြုသော် အမှုထွေလာ
ကိုရိုနာလည်း ရှောင်ခွာပြေးရန်
ဟန်တပြင်ပြင် ဉာဏ်ဆင်ရကြောင်း
သိကောင်းခေတ္တ ပျော်ကြရ၏။
ဘဝအတွင်း ဘေးရန်ကင်းကွာ
ရှိမှသာလျှင် ဘဝင်အေးစွာ ပျော်ရွှင်ပါလိမ့်
တစိမ့်စိမ့်လေးတွေးမိသည်။

(ဘယ်မှမသွားနိုင်တော့တဲ့ အိမ်ထဲကုပ်နေရတဲ့ အကောင်တွေလည်း ကိုရိုနာအကြောင်းကြီးကြောင့် နှာခေါင်းစည်းဘဝ ရောက်ကြရပါတယ်။ ကူးစက်ရောဂါဟာ တယ်မြန်တယ်သွက် တကယ်ထက်ပါလားလို့ တွေးရင်း ...... ကဗျာလေးတစ်ပုဒ် တွေးကာရေးဖြစ်သွားပါတယ်ဗျာ။)

ဗိုလ်ကလေးတင့်အောင်

# ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ နှစ်ဦးထပ်မံတွေ့ရှိ၊ ရောဂါပိုးရှိသူ စုစုပေါင်း ၃၄၃ ဦး ရှိပြီ

**နေပြည်တော် ဇူလိုင် ၂၂**
ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူနှစ်ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၄၃ ဦးရှိပြီဖြစ်ပြီး ပိုးတွေ့ရှိသူနှစ်ဦးမှာ ဖိလစ်ပိုင်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများဖြစ်သည်။

ရောဂါပိုးတွေ့ရှိသူ ၃၄၃ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ၂၈၀၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၂၆၉ ဦးနှင့် ဇူလိုင် ၂၀ ရက် မွန်းတည့် ၁၂ နာရီမှ ဇူလိုင် ၂၂ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၉ ဦး ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၀၅၆၃၅ | ၃၄၃ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၈၀ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၆၅၈၂

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၆၇ ဦး ( အသွားအလာ ဆက်သွယ်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၆၅ | ၅ |
| ၂ | ရခိုင် | ၁၅ | |
| ၃ | ချင်း | ၁၂ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၄ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ကရင် | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| စုစုပေါင်း | | ၃၄၃ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၂-၇-၂၀၂၀ ရက် ည (၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၄၀၄၀၇၂၀ | ၁၈၈၈၄၂၀ | ၁၄၅၁၂၅ |
| ဘရာဇီး | ၂၁၆၇၉၈၈ | ၁၄၆၅၉၇၀ | ၈၁၆၂၈ |
| အိန္ဒိယ | ၁၂၁၆၉၆၅ | ၇၆၉၉၇၉ | ၂၉၄၇၄ |
| ရုရှား | ၇၈၉၁၉၀ | ၅၇၂၀၅၃ | ၁၂၇၄၅ |
| တောင်အာဖရိက | ၃၈၁၇၉၈ | ၂၀၈၁၄၄ | ၅၃၆၈ |
| ပီရူး | ၃၆၂၀၈၇ | ၂၄၈၇၄၆ | ၁၃၅၇၉ |
| မက္ကဆီကို | ၃၅၆၂၅၅ | ၂၂၇၁၆၅ | ၄၀၄၀၀ |
| ချီလီ | ၃၃၄၆၈၃ | ၃၀၆၈၁၆ | ၈၆၇၇ |
| စပိန် | ၃၁၃၂၇၄ | စိစစ်ဆဲ | ၂၈၄၂၄ |
| ဗြိတိန် | ၂၉၅၈၁၇ | စိစစ်ဆဲ | ၄၅၄၂၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၉၁၇၅၁ | ၅၀၂၅၅ | ၄၄၅၉ |
| ဖိလစ်ပိုင် | ၇၂၂၆၉ | ၂၃၆၂၃ | ၁၈၄၃ |
| စင်ကာပူ | ၄၈၇၄၄ | ၄၄၇၉၅ | ၂၇ |
| မလေးရှား | ၈၈၃၁ | ၈၅၆၆ | ၁၂၃ |
| ထိုင်း | ၃၂၆၁ | ၃၁၀၅ | ၅၈ |
| ဗီယက်နမ် | ၄၀၈ | ၃၆၅ | ၀ |
| မြန်မာ | ၃၄၃ | ၂၈၀ | ၆ |
| ကမ္ဘောဒီးယား | ၁၉၇ | ၁၄၀ | ၀ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| လာအို | ၁၉ | ၁၉ | ၀ |

○ ရှေ့ဖုံးမှ
သပိတ်ကျင်းမြို့နယ်မှ နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်မှ တစ်ဦး၊ နေပြည်တော်မှ ငါးဦး၊ ချင်းပြည်နယ် ဖလမ်းမြို့နယ်မှ တစ်ဦးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ မြို့နယ်များမှ ၄၉ ဦးတို့ဖြစ်ကြပြီး ၎င်းနေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်–၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ပြန်လည်ရောက်ရှိစေနိုင်ရေးအတွက် မော်တော်ယာဉ်များစီစဉ်ပေးပြီး လားရှိုးမြို့သို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၅၃၃ ဦးနှင့် အမျိုးသမီး ၆၀၅၉ ဦးတို့ဖြစ်ပြီး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၁၃၅၉၂ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

၎င်းနေရပ်ပြန်ပြည်သူများသည် တရုတ်နိုင်ငံတွင် မိုးကာစက်ရုံနှင့် အခြားစိုက်ပျိုးသီးနှံခြံလုပ်ငန်းများတွင် သွားရောက်အလုပ်လုပ်ကိုင်နေသည့်သူများဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# သံတောင်ကြီးမြို့၌ မိုးစပါးနှင့် ကိုဗစ်–၁၉ အထူးချေးငွေထုတ်ပေး

**သံတောင်ကြီး ဇူလိုင် ၂၂**
ကရင်ပြည်နယ်အတွင်း မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေနှင့် ကိုဗစ်–၁၉ အထူးချေးငွေများအား ၂၀၂၀ ပြည့်နှစ် ဇွန်လမှ စတင်ထုတ်ချေးပေးလျက်ရှိပြီး မိုးစပါးချေးငွေအဖြစ် လယ်တစ်ဧကအတွက် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးရာမှ ကိုဗစ်–၁၉ ကြောင့် တောင်သူများ ထိခိုက်မှုအား ကုစားနိုင်ရေးအတွက် လယ်/ယာ တစ်ဧကလျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် ထပ်မံထုတ်ချေးပေးလျက်ရှိသည်။

**ကွင်းဆင်းထုတ်ပေး**

ကရင်ပြည်နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေထုတ်ပေးမှုအား ဇူလိုင် ၂၂ ရက်မှ ၂၄ ရက်အထိ သံတောင်ကြီးမြို့နယ်ရှိ လိပ်သို၊ ရာဒို၊ ဘောဂလိမြို့နယ်ခွဲများရှိ တောင်သူများထံ ကွင်းဆင်း၍ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်ထိုမြို့နယ်၌ Cash For Work စီမံကိန်းကျေးရွာအဆင့် စီမံခန့်ခွဲမှုသင်တန်း ဖွင့်လှစ်

**ကျိုက်ထို ဇူလိုင် ၂၂**
ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (COVID–19 Economic Relief Plan –CERP) အရ ကျေးလက်ဒေသနေ မိသားစုများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ Cash For Work စီမံကိန်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ Cash For Work စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အဆိုပါစီမံကိန်းလုပ်ငန်း ဆောင်ရွက်မည့် ကျေးရွာရှစ်ရွာ၏ ကော်မတီဝင် ၅၈ ဦးကို မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ယနေ့ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# စာပေဗိမာန်တမ်းချင်း

**လေ့လာသူတစ်ဦး**

၁၉၅၅ ခုနှစ်တွင် ကျွန်တော်ခုနစ်နှစ်သားအရွယ်ရှိပါပြီ။ အတန်းပညာအားဖြင့် သိပ်မရှိသေးပါ။ ဘုန်းတော်ကြီး သင်ကျောင်းမှာတက်ရ၍ ဒုတိယတန်းရောက်ပြီလို့တော့ ဆိုနိုင်ပါသည်။ သို့သော် စာအတော်လေးဖတ်နိုင်ပြီ။ မနက်ဘက်တွင် ဗုဒ္ဓစာပေကို သင်ယူရသည်။ နေ့ဘက်တွင် အတန်းပညာ သင်ယူရသည်။

ကာလအားဖြင့် လွတ်လပ်ရေးရပြီးစဖြစ်၏။ သို့ရာတွင် ကျေးလက်ဒေသသည် လွတ်လပ်ရေး၏ အရသာမည်သို့ဟူ၍မသိရ။ နေ့ဘက်တွင်မှာပင် ကျီးလန့်စာစားရသလို။ ညဘက်အကြောင်းကိုဖြင့် မေး၍မရတော့။

**ပြေးကာလွှားကာ၊ ပုန်းကာ ရှောင်ကာ**

ရှောင်စုံသောင်းကျန်းသူတို့က ကျေးလက်တွင် မင်းမူနေကြ၏။ သောင်းကျန်းသူတို့ ဝင်လာလိုက်၊ အစိုးရတပ်တွေက တိုက်ထုတ်လိုက်နှင့် ပြေးကာလွှားကာ၊ ပုန်းကာ ရှောင်ကာ ဘဝမှာ ပြည်သူတို့ ကျင်လည်ကြရသည်။ ဘဝအမောကား ပြော၍မကုန်။ ပြောရင်းမော၍ မောရင်း ပြောရသော ဘဝများပင်။

စာသင်ကျောင်းများ မရှိမဟုတ်။ ရှိ၏။ နည်းသည်။ ရှိသောကျောင်းတွင် တက်သော ကျောင်းသားဦးရေကား လက်ချိုးရေနိုင်၏။ အမှောင်ခေတ်ဟုဆိုက မလွန်။ ထို့ထက်မှောင်မိုက်သည်ကား တခြားမဟုတ်။ စာမတတ်သူတွေ ပေါနေသောကြောင့်ပင်။ စာကြည့်တိုက်ဆိုသည်ကား ရေပေါ်က အရုပ်လေးများသာတည်း။

ဤအမှောင်ထုကိုခွင်းမည့် အလင်းတန်းတစ်ခု ပေါ်ထွက်ခဲ့သည်။ ဘုန်းတော်ကြီး၏ စာအုပ်စင်မှ စာအုပ်လေးများကို ဖတ်ခွင့်ရသောကြောင့်ဖြစ်သည်။ စဖတ်ရသည့်စာအုပ်ကား “ကုလားမခြေထောက်နှင့် သနားစရာကောင်းသော မောင်နှမ”ပုံပြင်စာအုပ်ဖြစ်ပါသည်။ ထိုခေတ်အခေါ် သုံးမတ်တန်စာအုပ် ဖြစ်ပါသည်။ စာအုပ်၏ အဖုံးတွင် “အမှောင်ခွင်း၍ အလင်းဆောင်အံ့” ဟူသော စာသားကို ဖတ်ရသည်။ ဤစာသား၏အောက်တွင်မူ အနက်နှင့်အဖြူပါ ဖွင့်ထားသောစာအုပ်ပုံကို ကလောင်တံတစ်ချောင်းက ထိုးဖောက်ထားသောပုံ ပါရှိသည်။ ထိုပုံ၏အောက်တွင်မူ “ဘာသာပြန်စာပေအသင်း” ဟူ၍ ပါရှိသည်။ မည်သို့အဓိပ္ပာယ် ဆောင်လေသနည်း။ ကျွန်တော်မသိ။ သိဖို့မလို။ စာဖတ်ဖို့သာ မဟုတ်ပါလော။

ပရိတ်ကြီး (၁၁) သုတ်ဖြင့် ကျင်လည်ခဲ့ရသူအဖို့ ပေါ့ပေါ့ပါးပါး ပုံပြင်ကိုဖတ်ရ၍ စာပေအရသာကို ခံစားနိုင်သည်။ ထိုမှတစ်ဆင့် “ကလေးများအဖို့ ပုံဝတ္ထုများ”၊ “ရှိတ်စပီးယားပုံပြင်များ” ကိုပါ ဖတ်လာရသည်။ နမူနာပြောခြင်းဖြစ်ပါသည်။ “လမ်းမတော် ဖိုးတုတ်” ကဲ့သို့သော တစ်မတ်တန်၊ ငါးမူးတန် စာအုပ်များမှာ လက်ကမချချင်လောက်အောင် ဆွဲဆောင်ခဲ့သည်။

ကျွန်တော့်အိမ်ဝန်းကျင်တွင် အခြားမိသားစု များစွာ ရှိကြသည်။ သူတို့ကား စာမတတ်။ ကျွန်တော် စာအုပ်လေးများရလာလျှင် ကိုယ်တိုင်လည်းဖတ်သည်။ သူတို့ကိုလည်း ဖတ်ပြသည်။ နောင်တော့ သူတို့ကိုယ်တိုင် ဖတ်ချင်လာသည်။ ကျောင်းတက်ရမှန်း သိလာကြသည်။ စာသင်ယူကြသည်။ “အမှောင်ခွင်း၍ အလင်းဆောင်အံ့” ဟူသော ဆောင်ပုဒ်သည် ထိုသူတို့အား တကယ်ပင် အလင်းဆောင်ပေးခဲ့လေပြီ။

ထိုစဉ်ကတည်းက “ဘာသာပြန်စာပေအသင်း” ကို အကျွမ်းဝင်ခဲ့သည်။ စင်စစ်ဘာသာပြန်စာပေ အသင်းကြီးကား တခြားမဟုတ်။ ယနေ့ ကျွန်တော်တို့သိနေသည့် “စာပေဗိမာန်” ပင်တည်း။ စာပေဗိမာန်တွင် သမိုင်းကြောင်း ရှိသည်။

မြစ်ဖျားခံရာမှာ ၁၉၄၇ ခုနှစ် ဇွန်လ ၆ ရက်နေ့က ရန်ကုန်မြို့ ပြည်လမ်းရှိ ဆိုရန်တိုဗီလာ (Sorrento Villa) အဆောက်အအုံတွင် ကျင်းပခဲ့သည့် စစ်ပြီးခေတ် မြန်မာနိုင်ငံပြန်လည်ထူထောင်ရေးညီလာခံကဟု ဆိုရပါမည်။ မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ယင်းညီလာခံကြီးတွင် နောက်ဆုံးမိန့်ခွန်းကို ပြောကြားခဲ့သည်။ “ပြည်သူအများအတွက် အရေးတကြီး လိုအပ်သည့်စာအုပ်များ၊ အသုံးကျမည့်စာအုပ်များကို ဘာသာပြန်ပြီး ပုံနှိပ်ထုတ်ဝေရန် ဘာသာပြန်ဌာနကြီးတစ်ခုဖွင့်ရမည်” ဟူ၍ အမြော်အမြင်ကြီးစွာ လမ်းညွှန်ခဲ့သည်။

ဤလမ်းညွှန်ချက်ကို အကောင်အထည်ဖော်လိုက်သဖြင့် “မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကြီး”ပေါ်ထွန်းခဲ့သည်။ အင်္ဂလိပ်ဘာသာအားဖြင့်Burma Translation Society (BTS) ဟူ၍ဖြစ်သည်။ ယင်း ဘာသာပြန်စာပေအသင်းကြီး တည်ထောင်ရန် ဆုံးဖြတ်လိုက်သည့်နေ့မှာ ၁၉၄၇ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့ဖြစ်သည်။ နှစ်ပေါင်း ၇၀ ကျော်ခဲ့ပြီ။

၁၉၄၈ ခုနှစ် ရောက်သည့်အခါ ပြည်လမ်းရှိ ဆိုရန်တိုဗီလာ အဆောက်အအုံသို့ ပြောင်းခဲ့သည်။ အမည်ကိုလည်း “စာပေဗိမာန်” ဟူ၍ ပြောင်းလဲခဲ့သည်။ အင်္ဂလိပ်ဘာသာဖြင့်သုံးရန် လိုအပ်သည့်အခါ Palace of Literature ဟု ရေးကြသည်။ ယခုတော့ အသံဖလှယ်၍ Sarpay Beikman ဟု ယနေ့တိုင် တွင်နေပါတော့သည်။

**စာစဉ်သုံးမျိုး**

ထိုနှစ်မှစ၍ လူထုအလင်းစာစဉ်၊ လူထုအိတ်ဆောင်စာစဉ်၊ လူထုတက္ကသိုလ်စာစဉ်ဟူ၍ စာစဉ်သုံးမျိုးကို ထုတ်ဝေခဲ့သည်။ ကမ္ဘာ့ဗဟုသုတနှင့် ကမ္ဘာ့ယဉ်ကျေးမှု အရပ်ရပ် ဖတ်ရှုနားလည်နိုင်ရန် ဘာသာပြန်၍ လူထုအလင်းစာစဉ်မှ ထုတ်ဝေသည်။ ကမ္ဘာနှင့် မြန်မာတို့၏ မျက်မှောက်အခြေအနေအား ဖော်ထုတ်သည့်စာအုပ်များကို လူထုအိတ်ဆောင်စာစဉ်က ထုတ်ဝေသည်။ လူထုတက္ကသိုလ်စာစဉ်က ပညာအခြေခံအသင့်အတင့်ရှိပြီးသူတို့အတွက် ဆက်လက်ဖတ်ရှုလေ့လာနိုင်သည့် စာအုပ်စာတမ်းများကို ထုတ်ဝေသည်။

၁၉၅၄ ခုနှစ်တွင် (က-ကုံ) မြန်မာ့စွယ်စုံကျမ်းအတွဲ (၁) ကို စတင်ထုတ်ဝေနိုင်ခဲ့ပြီး အစဉ်လိုက် ထုတ်ဝေလာခဲ့ရာ ၁၉၇၆ ခုနှစ်တွင် (အ-အွန်) အတွဲ (၁၅) ကို ထုတ်ဝေခဲ့ပြီး မြန်မာ့စွယ်စုံကျမ်းကြီးထုတ်ဝေမှုကို အဆုံးသတ်ခဲ့သည်။

၁၉၅၀ ပြည့်လွန်နှစ်က ထုတ်ဝေခဲ့သည့် နှစ်ငါးဆယ် ကမ္ဘာ့ရေးရာ၊ ယဉ်ကျေးမှုရေးရာ၊ လူမှုရေးရာ၊ သိပ္ပံရေးရာ စသည်တို့မှာ စာဖတ်ပရိသတ်တို့၏ အသည်းစွဲဖြစ်ခဲ့ရသည်။ ထိုခေတ် ထိုကာလက ပညာရှင်ကြီးများ၏ အားထုတ်မှုက အံ့မခန်းဟုဆိုရလောက်သည်။ သည်လို လက်ရာမျိုးများကို အမှန်တကယ် ခံစားတမ်းတမိ၏။ လွမ်းလောက်ပေသည်။

**တွန်းတွန်းတိုက်တိုက်နေရာယူ**

၁၉၆၆ ခုနှစ်တွင် ကျွန်တော်အစိုးရအမှုထမ်း စဖြစ်သည်။ ၁၉၆၇ ခုနှစ်တွင် ရန်ကုန်မြို့သို့ ပြောင်းရွှေ့ခွင့်ရခဲ့သည်။ တောသားမြို့ရောက်လာခြင်းပင်။ ကံကောင်းခြင်းများစွာက စာပေဗိမာန်ရုံးကြီးနှင့် နီးအောင် ပို့ဆောင်ပေးလိုက်ခြင်းဖြစ်သည်။ ကျွန်တော့်ရုံးသည် (၃၇) လမ်း အလယ်ဘလောက်တွင် ရှိသည်။ စာပေဗိမာန်ကြီးက (၃၇) လမ်း အောက်ဘလောက်တွင် ရှိသည်။ ရုံးလုပ်ငန်းပါးသည်နှင့် စာပေဗိမာန် စာကြည့်တိုက်ကြီးပေါ် ပြေးတက်လိုက်၊ စာစောင်အစုံဖတ်လိုက်နှင့် ပျော်မွေ့လှပါဘိ။ စာပေဗိမာန်၏ လှေကားထစ်တို့သည် ကျွန်တော့်ခြေရာများကြောင့် ပို၍ ပြောင်ဝင်းသွားသည်ဟုပင် စိတ်တွင်ထင်ရလေသည်။ ထိုအချိန် က စာဖတ်ခန်းတွင် စာဖတ်သူတို့ ပြည့်နေသည်။ တွန်းတွန်း တိုက်တိုက်ပင် နေရာယူရသည်။ ဤအခြေအနေမျိုးကို တမ်းတမိပြန်သည်။ အောက်မေ့ရလေသည်။

**၁၉၅၆ ခုနှစ် မတ်လ ၅ ရက်နေ့တွင် စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်ကို ဖွင့်လှစ်ခဲ့၊ ပြည်သူ့စာကြည့်တိုက်ဟူ၍ ထိုစဉ်က ရှားရှားပါးပါးတစ်ခုပင်၊ မြန်မာနှင့် အင်္ဂလိပ်စာအုပ်ပေါင်း ခုနစ်သောင်းကျော်ရှိပြီး တစ်နေ့လျှင် စာဖတ်သူ ၁၀၀ကျော်နှင့် စာအုပ်ငှားသူ ၁၀၀ ကျော်ခန့်ရှိသည်ဟု သိရ၊ ၂၀၀၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် အီလက်ထရောနစ်စာကြည့်တိုက်နှင့် ကလေးစာကြည့်တိုက်တို့ကို တိုးချဲ့ဖွင့်လှစ်ခဲ့၊ သို့တိုင် ယခင် စာဖတ်သူဦးရေကို မမီသေး…**

၁၉၅၆ ခုနှစ် မတ်လ ၅ ရက်နေ့တွင် စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်ကို ဖွင့်လှစ်ခဲ့သည်။ ပြည်သူ့စာကြည့်တိုက်ဟူ၍ ထိုစဉ်က ရှားရှားပါးပါးတစ်ခုပင်။ မြန်မာနှင့် အင်္ဂလိပ်စာအုပ်ပေါင်း ခုနစ်သောင်းကျော်ရှိပြီး တစ်နေ့လျှင် စာဖတ်သူ ၁၀၀ ကျော်နှင့် စာအုပ်ငှားသူ ၁၀၀ ကျော်ခန့်ရှိသည်ဟု သိရသည်။ ၂၀၀၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် အီလက်ထရောနစ်စာကြည့်တိုက်နှင့် ကလေးစာကြည့်တိုက်တို့ကို တိုးချဲ့ဖွင့်လှစ်ခဲ့သည်။ သို့တိုင် ယခင် စာဖတ်သူဦးရေကို မမီသေး။

၁၉၆၀ ပြည့်နှစ်က စတင်ထူထောင်ခဲ့သော “စာပေဗိမာန် စာအုပ်အသင်း” သည် ကျွန်တော် ရန်ကုန်ရောက်သည့်နှစ်က အရှိန်အဟုန်ရနေပြီ။ ခုနစ်ကျပ်လား၊ ၁၀ ကျပ်လား ပေးရသည်ဟု ထင်မိသည်။ တစ်နှစ်စာကို ဤမျှသော အသပြာပေးပြီး တစ်နှစ်လုံးထွက်သမျှ (နီးပါး) အကုန်ရသည်။ တန်လိုက်သည်ဖြစ်ခြင်း။ နှစ်ကုန်ခါနီးတွင် ဘယ်မှုနှင့်မှမတူဘဲ တစ်မူထူးခြားစွာ ထုတ်ဝေသော ပြက္ခဒိန်ကို လက်ဆောင်ရပြန်သည်။

၁၉၆၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် “ရွှေသွေးဂျာနယ်” ကို မူလတန်းအရွယ် ကလေးသူငယ်များအတွက် ရည်ရွယ်၍ ထုတ်ဝေခဲ့သည်။ သို့သော် ထိုစဉ်က ကျွန်တော်တို့လို လူငယ်တို့လည်း အကြိုက်တွေ့ခဲ့သည်။ လူကြီးတို့လည်း နှစ်သက်ခဲ့သည်။ မကြာမီ ၁၀ နှစ်လောက်အကြာတွင် အင်္ဂလိပ်ဘာသာနှင့်ပါ ထွက်ရှိလာတော့ အလွန်အောင်မြင်သည်ပေါ့။ စောင်ရေတစ်သိန်းကျော် နှစ်သိန်းနီးပါးပင် ရောက်ခဲ့သည်ဟု ဆိုသည်။

**သည်းပွတ်နှလုံးသိမ်းကျုံး**

သုံးလတစ်ကြိမ်ထုတ်ဝေခဲ့သည့် “ပညာလောကစာစောင်” နှင့် “သုတပဒေသာ” ဘာသာပြန်မဂ္ဂဇင်းတို့သည်လည်း စွဲမက်စရာဖြစ်ခဲ့သည်။ ယခင်က ထွက်ရှိခဲ့သည့် “စာပေဗိမာန်မဂ္ဂဇင်း”ကို မမီသည့်တိုင် စာချစ်သူတို့၏ သည်းပွတ်နှလုံးကို သိမ်းကျုံးနိုင်စွမ်းရှိသည်ထင်ရသည်။

ရန်ကုန်ရွှေမြို့တော်ကြီးကိုရောက်ခါစ၊ “ဗိုလ်” လိုလေး မတောက်တစ်ခေါက်ရ၊ “ဗိုလ်” စာလေးတွေ ဖတ်ရတော့ စာပေဗိမာန်က ထုတ်ဝေသည့် OM စာစောင်သည်လည်းကောင်း၊ နောင် သူ့အစားထုတ်ဝေသည့် Spectrum စာစောင်တို့ကား ဂုဏ်ထည်လွှန်းပေစွ။ ဤစာအုပ်တို့ကို ကိုင်သွားရုံနှင့် ဘေးလူတို့က အထင်တကြီး ငေးကြည့်ရလောက်သည်။

၁၉၈၃ ခုနှစ်က ကျင်းပခဲ့သည့် “စာနယ်ဇင်းစုံ ခေတ်ကြေးမုံ” ပြပွဲကြီးကား ခမ်းနားလှသည်။ တိုးမပေါက်အောင် စည်ကားနေသည့်မြင်ကွင်းကို ယနေ့တိုင် မမေ့နိုင်အောင်ပင်။ စာတမ်းဖတ်ပွဲများကို၁၉၆၅ ခုနှစ် “ကလေးစာပေ နှီးနှောဖလှယ်ပွဲ” မှ စတင်ခဲ့ကြောင်း သိရသည်။ ရန်ကုန်ရောက်သည့်နှစ်မှစ၍ မပျက်မကွက် တက်ဖြစ်သည်။ ယခုဆိုရသော် ဘာသာရပ်စာတမ်းပေါင်း ၃၀ နီးပါးလောက် ရှိပြီထင့်။

စာပေဆုနှင်းသဘင်များကလည်း စွဲမက်ဖွယ်ပင်။ ရန်ကုန်တိုင်းအတွင်းရှိ စာပေလောကသားများကို ဖိတ်ကြားသည်။ ဖိတ်စာလေးကိုင်၍တက်ရသော အရသာကား အဘယ်အရာနှင့်မျှ နှိုင်း၍မရ။ ပွဲအပြီး ယဉ်ကျေးမှုဝန်ကြီးဌာနမှတင်ဆက်သည့် အငြိမ့်သော်လည်းကောင်း၊ ဇာတ်ကြီးသော်လည်းကောင်း ဖျော်ဖြေမှုတို့သည် ကျွန်တော်တို့အား စာပေအနုပညာရေယာဉ်ကြောတွင် စီးမျောသွားစေသည်။

အတိတ်က ရွှေထီးဆောင်းခဲ့ရသည်တို့ကို တမ်းတနေမိသည်ကား တခြားမဟုတ်။ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၁၁ ရက်နေ့ထုတ် ကြေးမုံတွင် “ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် 'စာပေဗိမာန်' စာပေအတိုင်ပင်ခံအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်” ဟူသော ခေါင်းစဉ်ဖြင့် သတင်းလေးတစ်ပုဒ် ဖတ်လိုက်ရသောကြောင့်ပင်။ ပြည်ထောင်စုဝန်ကြီး၏ မှာကြားချက်အရ ထိုအဖွဲ့သည်စာပေဗိမာန်၏ အနာဂတ်ခရီးတွင် အကြံဉာဏ်ပေးခြင်း၊တိုက်တွန်းနှိုးဆော်ခြင်း၊ လုပ်ငန်းများတွင် ပါဝင်ကြီးကြပ် လမ်းညွှန်ပေးခြင်းတို့ကို လုပ်ဆောင်ပေးကြရန် တိုက်တွန်းထားသည်။

ဤတိုက်တွန်းချက်သည် ကျွန်တော့်အား စာပေဗိမာန်တွင်ရှိခဲ့သည့် “သုခမိန်အဖွဲ့ငယ်”များအကြောင်းကို သတိရစေသည်။ ဆေးပညာဘာသာရပ်ဆိုင်ရာ သုခမိန်အဖွဲ့ငယ်၊ အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ သုခမိန်အဖွဲ့ငယ်၊ စိုက်ပျိုးရေးဘာသာရပ်ဆိုင်ရာ သုခမိန်အဖွဲ့ငယ် စသည်ဖြင့် အဖွဲ့ငယ်ခြောက်ဖွဲ့ခန့် ရှိခဲ့ဖူးသည်။ သုခမိန်အဖွဲ့ငယ်တစ်ခုတွင် ပါဝင်သော ပညာရှင်တို့မှာ ရန်ကုန်တက္ကသိုလ်မှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ အစိုးရဌာနများမှ ပညာရှင်များ၊ အရာရှိကြီးများ ဖြစ်ကြသည်။

စာရေးဆရာတက္ကသိုလ်ခင်မောင်ဇော်နှင့် ကျွန်တော်များစွာ ရင်းနှီးခဲ့သည်။ ဆရာသည် ၁၉၅၅ ခုနှစ်က စာပေဗိမာန်တွင် စာပြုအဖြစ် အမှုထမ်းခဲ့သည်။ သူ၏အတွေ့အကြုံများကို “ချင်းတွင်း” စာစောင်တွင် ပြန်လည်ရေးသားခဲ့သည်။ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလထုတ် “ချင်းတွင်း” တွင် “စာပေဗိမာန်နှင့် ဝေါဟာရဘာဏ်” ခေါင်းစဉ်ဖြင့် ရေးရေးက ဆရာကြီးတို့အဘယ်မျှ ကြိုးပမ်းခဲ့ကြသည်ကို ဆရာ၏ မူရင်းစာသားအတိုင်း ဖော်ပြလိုက်ပါသည်-

“သုခမိန်အဖွဲ့ကြီး အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးကြသော ပညာရှင်တို့မှာ အတော်ပင်စုံသည်။ ဘူမိဗေဒ ပါမောက္ခ ဒေါက်တာသာလှ၊ ရန်ကုန်တက္ကသိုလ်မှ အင်ဂျင်နီယာ မဟာဌာနမှူး ပါမောက္ခ မစ္စတာတန်ဘလို၊ သင်္ချာ ပါမောက္ခ ဦးအောင်လှ၊ ရူပဗေဒပါမောက္ခ ဒေါက်တာမောင်မောင်ခ၊ ရက္ခဗေဒ ပါမောက္ခ ဒေါက်တာကိုကိုလေး၊ မြန်မာစာပါမောက္ခ ဦးဖေမောင် (တက္ကသိုလ်မောင်သန့်စင်)၊ တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန စာတည်းမှူး ဦးဝန် (မင်းသုဝဏ်)၊ တက္ကသိုလ်ပိဋကတ်တိုက်မှူး ဦးသိန်းဟန် (ဇော်ဂျီ)၊ တက္ကသိုလ်ပြင်ပ အစိုးရဌာနများမှ ပညာရှင်များဖြစ်ကြသော မိုးလေဝသညွှန်ကြားရေးဝန် ဒေါက်တာဘိုးအေး၊ ပြည်သူ့အိုးအိမ်အင်ဂျင်နီယာချုပ် ဦးကျော်စိန်၊ စိုက်ပျိုးရေးညွှန်ကြားရေးဝန် ဦးသာမြတ်၊ ကာလသားရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာသိန်းမောင်၊ ဆရာဝန်ကြီး ဒေါက်တာဝဏ္ဏ၊ ယဉ်ကျေးမှုဗိမာန်အထူးအရာရှိ ဦးသန်းထွဋ် (တိုက်စိုး)၊ ဒေါက်တာစိန်သန်း (သူရိယကန္တိ)၊ ဦးမောင်မောင် (မွန်းခတု)” စသူတို့ဖြစ်ကြသည်။

**ဝေါဟာရဆယ်လုံး**

“ဆရာဦးဖေမောင်တင်အပါအဝင် ပညာရှင်ကြီး ၃၀ ခန့်မှ အစည်းအဝေးစားပွဲရှည်ကြီးအပေါ် စာအုပ်၊ စာရွက်စာတမ်းများတင်ကာ ကုလားထိုင်များပေါ်ထိုင်လျက် ဝေါဟာရစာလုံးများကို အကြိတ်အနယ်ဆွေးနွေးကြသည်။ မြန်မာပြန်ထားသော ဝေါဟာရစာလုံးတစ်လုံး အဓိပ္ပာယ်အမှန်ဖြစ်ရန် ယင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက် (definition) ကို အင်္ဂလိပ်ဘာသာဖြင့် အလွတ်ရွတ်ပြီး ဆွေးနွေးကြသည်။ အထူးသဖြင့် ပါမောက္ခဦးအောင်လှနှင့် ပါမောက္ခဒေါက်တာသာလှတို့နှစ်ဦးမှာ သူ့ဟာမှန်သည်၊ ငါ့ဟာမှန်သည်ဟု ငြင်းကြရင်း ရန်ဖြစ်လုမတတ် ငြင်းခုံကြသဖြင့် စားပွဲရှည်ကြီးထိပ်၌ထိုင်နေသော ဆရာကြီး ဦးဖေမောင်တင်က ကြားဝင်၍ ဖျန်ဖြေပေးရသည်။ ဤသို့ အချိန်ယူ၍ အကြိတ်အနယ်ဆွေးနွေးကြသဖြင့် သုံးနာရီကြာအောင် ကျင်းပသောဆွေးနွေးပွဲကြီး ပြီးဆုံးသည့်အခါ ဝေါဟာရ ၁၀ လုံးလောက်သာ အတည်ပြုနိုင်ခဲ့သည်။

စာရှုသူအနေဖြင့် မပြောတတ်။ ကျွန်တော့်အဖို့တော့ ပညာရှင်ကြီးများ၏ အားထုတ်ပုံကို ရုပ်ရှင်ကြည့်နေရဘိ အလား ပေါ်လွင်သည်။ ယခုသော်ကား ထိုပုဂ္ဂိုလ်ကြီးများ မရှိတော့။ သို့သော် သူတို့၏ပုံရိပ်တို့ကို ထားခဲ့သည်။ သူတို့ လုပ်ရပ်တို့ကို အမွေပေးခဲ့သည်။

အဟောင်းတို့ချုပ်ငြိမ်းရာ အသစ်တို့နေရာယူကြ၏။ စာပေဗိမာန်သည်လည်း ဤသို့ဤနှယ်ပင်။ အဟောင်းတို့သည် အကောင်းလုပ်၍ ရှေ့ကသွားနှင့်ပြီ။ အသစ်တို့နေရာယူလာပြီ။ အသစ်အသစ်ဟူသည် တက်ကြွ၏။ လုပ်နိုင်၏။ သို့သော် အတွေ့အကြုံမရှိ။ စာပေဝမ်းစာပြည့်ဖို့ လိုသည်။

စာပေဗိမာန် စာပေအတိုင်ပင်ခံအဖွဲ့ဝင်တို့သည် သူတို့၏စာပေဝမ်းစာကို ဖြည့်ဆည်းပေးရပေတော့မည်။ စာပေသက်တော်ရှည်အမတ်ကြီးများဟု ဆိုရလောက်သော ဆရာကြီးစည်သူဒေါက်တာသော်ကောင်း၊ ဆရာကြီးဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ) တို့က အဖွဲ့ဝင်တို့ကို ဦးဆောင်မှုပေးကြပါမည်။ ဤသို့သော စာပေသက်တော်ရှည်တို့၏ အသက်သည် “ရှစ်”ထိပ်စည်းရောက်နေပြီ။ ဘဝနေညိုချိန် ရောက်နေပြီ။ ထိုသူတို့ထံမှ “အကောင်းဆုံး”ဆိုသည်ကို ရအောင်ယူထားရပါမည်။

ကမ္ဘာကျော်ကဗျာဆရာကြီး Alfred Lord Tennyson က သူ၏ “စမ်းချောင်းကလေး”ကဗျာတွင် “လာသူတို့လာ၍ သွားသူတို့ သွားနှင့်ကြပြီ။ သို့သော် စမ်းချောင်းလေးငါသည်ကား ထာဝရစီးမြဲ စီးဆင်းနေဆဲပါ” ဟု ဆိုခဲ့၏။ ခေတ်တွေပြောင်း၍ စနစ်တွေပြောင်းခဲ့ပြီ။ စာပေဗိမာန်၏ စာပေရေစီးကြောင်းကား တသွင်သွင်စီးနေရပေမည်။

စာပေဗိမာန်၏ အတိတ်ရွှေခေတ်ကို လွမ်းချင်စဖွယ် တမ်းတမိသည်။ အမှောင်ခွင်း၍ အလင်းဆောင်မည့်သူတွင် အလင်းရောင်ထာဝရ ထွန်းလင်းနေရမည်။ ဤသို့..... ဤသို့ တမ်းတမိလေသောကြောင့် ဤစာကို “စာပေဗိမာန်တမ်းချင်း”ဟု ဆိုရချေမည်တမုံ့။ ။

**စာကိုး။ ။ စာပေဗိမာန်သမိုင်းအကျဉ်း (၁၉၅၂)**

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**(ယမန်နေ့မှအဆက်)**

(ဂ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) ၏ ရည်ရွယ်ချက်များအလို့ငှာ မြန်မာနိုင်ငံရှိ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ထုခွဲရောင်းချခြင်းမှ အမြတ်အစွန်းတွင် အောက်ပါတို့ပါဝင်သည် –

(၁) မြန်မာနိုင်ငံရှိ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို သုံးနှစ်အောက်လျော့နည်းသည့် ကာလအတွက် ရယူပိုင်ဆိုင်ထားသည့်ပုဂ္ဂိုလ်က ယင်းမရွှေ့မပြောင်းနိုင်သောပစ္စည်း၏ သတ်မှတ်ကာလအတွင်း သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းဝယ်ခွင့်တစ်ရပ် သို့မဟုတ် အခြားအကျိုးစီးပွားကို ထုခွဲရောင်းချခြင်းမှ အမြတ်အစွန်း၊

(၂) ပြည်တွင်းနေ သို့မဟုတ် ပြည်ပနေကုမ္ပဏီရှိ အဖွဲ့ဝင်အကျိုးစီးပွားတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းအထက်ကို ယင်းကုမ္ပဏီက သုံးနှစ်အောက်လျော့နည်းသောကာလအတွက် ရယူပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံရှိ မရွှေ့မပြောင်းနိုင်သောပစ္စည်းမှ တိုက်ရိုက်ဖြစ်စေ၊ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသည့် တရားဝင်ရပ်တည်မှု ရှိသည့်ပုဂ္ဂိုလ်များမှ တစ်ဆင့်သွယ်ဝိုက်၍ဖြစ်စေ ရရှိလာခြင်းဖြစ်လျှင် ယင်းအဖွဲ့ဝင်အကျိုးစီးပွားကို ထုခွဲရောင်းချခြင်းမှ အမြတ်အစွန်း။

(ဃ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ရင်းနှီးမြှုပ်နှံမှုမှ ဝင်ငွေတွင်ပါဝင်သည့် မြန်မာနိုင်ငံရှိ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ထုခွဲရောင်းချခြင်းမှ အမြတ်အစွန်းသည် ယင်းမရွှေ့ မပြောင်းနိုင်သောပစ္စည်းကို ထုခွဲရောင်းချသည့် အခွန်နှစ်အတွင်း ရရှိလာခြင်းဖြစ်ပြီး အမြတ်အစွန်း ငွေကြေးပမာဏသည် ယင်းမရွှေ့မပြောင်းနိုင်သောပစ္စည်းကို ထုခွဲရောင်းချခြင်းအတွက် အဖိုးစားနားက ထုခွဲရောင်းချသည့်အချိန်ရှိ ယင်းမရွှေ့မပြောင်း နိုင်သောပစ္စည်း၏ ကုန်ကျစရိတ်ထက် ကျော်လွန်သော ငွေကြေးပမာဏ ဖြစ်သည်။

**ကင်းလွတ်ခွင့်ပြုသည့် ဝင်ငွေ**

၁၉။ (က) ဇယား (၃) တွင် ဖော်ပြထားသည့် ငွေကြေးပမာဏများသည် ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ ကင်းလွတ်ခွင့်ပြုသည့် ဝင်ငွေဖြစ်သည်။

(ခ) ငွေကြေးပမာဏ တစ်ရပ်ရပ်ကို ကင်းလွတ်ခွင့်ပြုသည့် ဝင်ငွေအဖြစ် သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ အခြားဥပဒေတစ်ရပ်ရပ် သို့မဟုတ် သဘောတူညီချက်တစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေတွင် အလားတူခွင့်ပြုထားခြင်း မရှိပါက ဥပဒေအရ အကျိုးသက်ရောက်မှု မရှိစေရ။

(ဂ) ပုဒ်မခွဲ (ခ) တွင် မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ အထူးစီးပွားရေးဇုန်ဆိုင်ရာဥပဒေတစ်ရပ်ရပ်နှင့် အဆောက်အအုံများဆိုင်ရာဥပဒေတစ်ရပ်ရပ်တို့တွင် ဝင်ငွေခွန်နှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်များ ပြဋ္ဌာန်းပါရှိလျှင် ယင်းပြဋ္ဌာန်းချက်များနှင့်အညီ ခံစားခွင့်ရှိစေရမည်။

**အပိုင်း (၃)**

**ခွင့်ပြုနိုင်သည့် နုတ်ပယ်ခြင်းများ**

**ခွင့်ပြုနိုင်သည့် နုတ်ပယ်ခြင်းများ**

၂၀။ (က) ပုဒ်မ ၂၁ နှင့် မဆန့်ကျင်စေဘဲ ပုဂ္ဂိုလ်တစ်ဦးအား အခွန်နှစ်တစ်နှစ်အတွက် ယင်း ပုဂ္ဂိုလ်၏ လုပ်ငန်းမှဝင်ငွေ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုမှ ဝင်ငွေမှ အောက်ပါငွေကြေး ပမာဏများအား နုတ်ပယ်ခွင့်ပြုသည်–

(၁) ယင်းလုပ်ငန်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုမှ စည်းကြပ်ထိုက်သောဝင်ငွေတွင် ပါဝင်သည့် သို့မဟုတ် ပါဝင်လာမည့် ငွေကြေးပမာဏများကို ရရှိအောင် ဆောင်ရွက်ရာ၌ ယင်းနှစ်အတွင်း ထိုပုဂ္ဂိုလ်က ကျခံခဲ့ရသည့် အတိုင်းအတာအထိဖြစ်သော အသုံးစရိတ် သို့မဟုတ် အရှုံးနှင့်

(၂) ဤဥပဒေအရ ယင်းလုပ်ငန်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ ထိုပုဂ္ဂိုလ်အား နုတ်ပယ်ခွင့်ပြုသည့် အခြားမည်သည့်ငွေကြေးပမာဏမဆို။

(ခ) ပုဂ္ဂိုလ်တစ်ဦးအား အခွန်နှစ်တစ်နှစ်အတွက် ယင်းပုဂ္ဂိုလ်၏ လုပ်ငန်းမှဝင်ငွေမှ အောက်ပါငွေကြေးပမာဏများကို နုတ်ပယ်ခွင့်ပြုသည် –

(၁) ထိုပုဂ္ဂိုလ်က ယင်းနှစ်အတွင်း ထုခွဲရောင်းချလိုက်သည့် ယင်းလုပ်ငန်း၏ ရောင်းဝယ်ရန် ကုန်စည်များ၏ ပုဒ်မ ၃၈ အရ သတ်မှတ်သော ကုန်ကျစရိတ်၊

(၂) ထိုပုဂ္ဂိုလ်၏ ယင်းလုပ်ငန်း၏ တန်ဖိုးလျော့နိုင်သော ရရန်ပိုင်ခွင့်များနှင့် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ရရန်ပိုင်ခွင့်များ၏ တန်ဖိုးလျော့ခြင်းအတွက် ပုဒ်မ ၂၆ အရ သတ်မှတ်သော ယင်းနှစ်အတွက် နုတ်ပယ်ခွင့်ပြုသည့် ငွေကြေးပမာဏ၊

(၃) ပုဒ်မခွဲငယ် (၁) တွင် ပါရှိသည့် ရောင်းဝယ်ရန်ကုန်စည်များ မဟုတ်သော ယင်းလုပ်ငန်း၏ လုပ်ငန်းဆိုင်ရာရရန်ပိုင်ခွင့် တစ်ခုကို ထိုပုဂ္ဂိုလ်က ယင်းနှစ်အတွင်း ထုခွဲရောင်းချခြင်းမှ အရှုံး၊

(၄) ထိုပုဂ္ဂိုလ်က တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့်တစ်ရပ်ကို ပြင်ဆင်ရာ၌ သို့မဟုတ် တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရာ၌ ကုန်ကျသည့် အသုံးစရိတ်အတွက် ပုဒ်မ ၃၀ အရ သတ်မှတ်သော ယင်းနှစ်အတွက် နုတ်ပယ်ခွင့်ပြုသည့် ငွေကြေးပမာဏ၊

(၅) ထိုနှစ်အတွင်း မည်သည့် အသားတင်နိုင်ငံခြားငွေလဲလှယ်မှု အရှုံးမဆို အတွက် ပုဒ်မ ၄၃ အရ သတ်မှတ်သော နုတ်ပယ်ခွင့်ပြုသည့် ငွေကြေးပမာဏ။

(ဂ) ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၃) ၏ ရည်ရွယ်ချက်များအလို့ငှာ လုပ်ငန်းဆိုင်ရာရရန်ပိုင်ခွင့် တစ်ခုကို ထုခွဲရောင်းချရာ၌ အရှုံးသည် ယင်းသို့ ထုခွဲရောင်းချသည့် အချိန်၌ရှိသည့် ယင်းရရန်ပိုင်ခွင့်၏ စာရင်းအရ လက်ကျန်တန်ဖိုးက ထုခွဲရောင်းချခြင်းအတွက် အဖိုးစားနား ထက်ကျော်လွန်သည့် ငွေကြေးပမာဏဖြစ်သည်။

(ဃ) ငွေကြေးပမာဏတစ်ရပ်သည် ပုဒ်မခွဲ (ခ) တွင်ဖြစ်စေ၊ ပုဒ်မ ၂၂၊ ၂၃၊ ၂၄ သို့မဟုတ် ၂၅ တွင်ဖြစ်စေ ပါဝင်သည့်ငွေကြေးပမာဏ တစ်ရပ်ရပ်၏ ရှင်းလင်းဖော်ပြချက်နှင့် ကိုက်ညီနေလျှင် ယင်းသို့ ကိုက်ညီနေသည့် ငွေကြေးပမာဏကို ထိုပုဂ္ဂိုလ်၏ လုပ်ငန်းမှ ဝင်ငွေမှ ပုဒ်မခွဲ (က) အရ နုတ်ပယ်ခွင့်မပြု။

(င) ဤဥပဒေတွင် အခြားနည်းဖြင့် ပြဋ္ဌာန်းထားခြင်းမရှိလျှင် ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ ငွေကြေးပမာဏတစ်ရပ်ကို ပုဂ္ဂိုလ်တစ်ဦးက မည်သည့်အချိန်၌ ကျခံရကြောင်းဆုံးဖြတ်ရာ၌ ဤအခန်း၏ အပိုင်း (၆) ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးရမည်။

**နုတ်ပယ်ခွင့်မပြုသော အသုံးစရိတ်များနှင့် အရှုံးများ**

၂၁။ (က) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က) တွင် မည်သို့ပင်ဆိုစေကာမူ၊ ထို့ပြင် ဤဥပဒေနှင့်လည်း မဆန့်ကျင်စေဘဲ အောက်ပါတို့အတွက် နုတ်ပယ်မှုများကို ခွင့်မပြုရ –

(၁) အိမ်တွင်း သို့မဟုတ် ကိုယ်ရေးကိုယ်တာနှင့် သက်ဆိုင်သည့် အတိုင်းအတာအထိဖြစ်သော အသုံးစရိတ် သို့မဟုတ် အရှုံး၊ ယင်းတွင် အိမ်တွင်း သို့မဟုတ် ကိုယ်ရေးကိုယ်တာ အသုံးစရိတ်အဖြစ် သုံးစွဲခဲ့သည့် အတိုင်းအတာအထိ ချေးငှားခဲ့သော ငွေကြေးနှင့်စပ်လျဉ်း၍ ကျခံခဲ့ရသည့် မည်သည့်အတိုးမဆို အပါအဝင်ဖြစ်သည်၊

(၂) အလုပ်အကိုင်မှ ဝင်ငွေရရှိရန် ဆောင်ရွက်ရာ၌ ဝန်ထမ်းတစ်ဦးက ကျခံခဲ့သည့်အသုံးစရိတ် သို့မဟုတ် အရှုံး၊

(၃) အမြတ်ဝေစု သို့မဟုတ် အခြားခွဲဝေပေးသည့် အမြတ်၊ မတည်ငွေရင်းမှ ပြန်လည်ထုတ်ယူသည့် ငွေကြေးပမာဏ တစ်ရပ်၊ သို့မဟုတ် မတည်ငွေရင်းအဖြစ် အသုံးပြုသည့် စုစုပေါင်းငွေကြေးပမာဏ၊

(၄) မတည်စရိတ် ဖြစ်သည့် သို့မဟုတ် မတည်စရိတ်၏ သဘောသဘာဝရှိသည့် အသုံးစရိတ် သို့မဟုတ် အရှုံး၊

(၅) ပေါ်ပေါက်ခြင်းမရှိသေးသော်လည်း အနာဂတ်အခွန်နှစ်တစ်နှစ်တွင် ပေါ်ပေါက် ရန် မျှော်လင့်ထားသည့် အသုံးစရိတ်များ သို့မဟုတ် အရှုံးများအတွက် သီးသန့် ရန်ပုံငွေ သို့မဟုတ် လျာထားငွေအဖြစ် ပုဂ္ဂိုလ်တစ်ဦးက ယင်း၏ ဘဏ္ဍာရေးဆိုင်ရာ စာရင်းများတွင် လွှဲပြောင်းလိုက်သည့် ငွေကြေးပမာဏ၊

(၆) အာမခံပေါ်လစီတစ်ရပ်အရ သို့မဟုတ် ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးဆိုင်ရာ သို့မဟုတ် အာမခံချက် (guarantee or surety) ဆိုင်ရာ ပဋိညာဉ်တစ်ရပ်အရ ပြန်လည်ရရှိနိုင်သည့် အတိုင်းအတာအထိဖြစ်သော အသုံးစရိတ် သို့မဟုတ် အရှုံး၊

(၇) အောက်ပါတစ်ခုခုကို တွက်ချက်ရာ၌ ထည့်သွင်းစဉ်းစားခဲ့ပြီးဖြစ်သည့် အသုံးစရိတ် သို့မဟုတ် အရှုံး –

(ကက) ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) အရ လုပ်ငန်းမှ ဝင်ငွေတွင် ပါဝင်သည့် လုပ်ငန်းဆိုင်ရာ ရရန်ပိုင်ခွင့် တစ်ခုကို ထုခွဲရောင်းချခြင်းမှ အမြတ်အစွန်း၊

( ခခ ) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃) အရနုတ်ပယ်မှုအဖြစ် ခွင့်ပြုသည့် လုပ်ငန်းဆိုင်ရာရရန်ပိုင်ခွင့် တစ်ခုကို ထုခွဲရောင်းချခြင်းမှ အရှုံး၊

(၈) မြန်မာနိုင်ငံတွင် ပေးဆောင်ခဲ့သည့် သို့မဟုတ် ပေးဆောင်ရန်ရှိသည့် ဝင်ငွေခွန် သို့မဟုတ် ပြည်ပနိုင်ငံတစ်ခု၌ ဝင်ငွေပေါ်တွင် ပေးဆောင်ခဲ့သည့် သို့မဟုတ် ပေးဆောင်ရန်ရှိသည့် အခွန်နှင့် ယင်းအခွန်ဆိုင်ရာတာဝန် တစ်ရပ်နှင့်စပ်လျဉ်း၍ ပေးရန်ရှိသည့် မည်သည့်ဒဏ်ကြေးငွေ သို့မဟုတ် နောက်ကျ ပေးသွင်းမှုအပေါ် အတိုးငွေမဆို၊

(၉) မြန်မာနိုင်ငံတွင်ဖြစ်စေ၊ အခြားနေရာတွင်ဖြစ်စေ ဥပဒေ သို့မဟုတ် စည်းမျဉ်း တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းအတွက် တပ်ရိုက်သည့် ငွေဒဏ် သို့မဟုတ် ဒဏ်ကြေးငွေ၊

(၁၀) အောက်ပါအတိုးတစ်ရပ်ရပ်မှအပ တွဲဖက်လုပ်ကိုင်သူတစ်ဦးသို့ ပေးခဲ့သည့် သို့မဟုတ် ပေးရန်ရှိသည့်အတိုး –

(ကက) ယင်းတွဲဖက်လုပ်ကိုင်သူ၏ စည်းကြပ်ထိုက်သော ဝင်ငွေတွင် ပါဝင်သည့် အတိုး၊

( ခခ ) အပြီးသတ်နုတ်ယူပေးသွင်းရမည့် ပေးချေမှုဖြစ်သည့် အတိုး၊

(၁၁) ပြည်ပနေတွဲဖက်လုပ်ကိုင်သူတစ်ဦးကို ပေးခဲ့သည့် သို့မဟုတ် ပေးရန်ရှိသည့် အောက်ပါအခြေအနေ တစ်ရပ်ရပ်တွင် အကျုံးမဝင်သော ငှားရမ်းခ၊ ခိုင်းကြေး၊ အာမခံပရီမီယံ၊ စီမံခန့်ခွဲမှုအခ၊ သို့မဟုတ် နည်းပညာအခ –

(ကက) ယင်း တွဲဖက်လုပ်ကိုင်သူ၏ စည်းကြပ်ထိုက်သော ဝင်ငွေတွင် ပါဝင်နေခြင်း၊

( ခခ ) အပြီးသတ်နုတ်ယူပေးသွင်းရမည့် ပေးချေမှုဖြစ်ခြင်း၊

(၁၂) ဝန်ထမ်းတစ်ဦးနှင့်စပ်လျဉ်း၍ အလုပ်ရှင်တစ်ဦး၏ အောက်ပါ ထည့်ဝင်ပေးမှုများ –

(ကက) အသိအမှတ်ပြုထားခြင်းမရှိသည့် ရန်ပုံငွေ တစ်ရပ်ရပ်သို့ ထည့်ဝင်မှု၊

( ခခ ) အသိအမှတ်ပြုထားသည့် ရန်ပုံငွေတစ်ရပ်သို့ ထည့်ဝင်မှုဖြစ်ပြီး ယင်း ထည့်ဝင်မှုသည် ယင်း အခွန်နှစ်အတွက် ဝန်ထမ်း၏ အလုပ်အကိုင်မှ ဝင်ငွေ၏ (၈) ရာခိုင်နှုန်းထက် ကျော်လွန်သော အတိုင်းအတာအထိ ထည့်ဝင်မှု၊

(၁၃) ပုဂ္ဂိုလ်တစ်ဦးက ယင်းအတွက် သို့မဟုတ် ယင်း၏ တွဲဖက်လုပ်ကိုင်သူအတွက် မလျော်ကန်သော အကျိုးခံစားခွင့် သို့မဟုတ် အားသာချက်ကို ရရှိစေရန် အလို့ငှာ ဆောင်ရွက်ပေးရန် သို့မဟုတ် ဆောင်ရွက်ခြင်းမပြုရန် ပြည်ပနိုင်ငံ၏ အများပြည်သူဆိုင်ရာအရာရှိအပါအဝင် အများပြည်သူဆိုင်ရာ အရာရှိတစ်ဦး သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးသို့ ပေးသည့် လာဘ်၊ ဆက်သွယ်ဆောင်ရွက်ပေးမှုအတွက် လက်သိပ်ထိုးပေးငွေ၊ သို့မဟုတ် အခြားစည်းရုံးသိမ်းသွင်းမှု တစ်ရပ်၊

(၁၄) တရားမဝင်သည့် လုပ်ဆောင်ချက်တစ်ရပ်ကို ဆောင်ရွက်ရာ၌ ကျခံခဲ့ရသည့် အသုံးစရိတ် သို့မဟုတ် အရှုံး၊

(၁၅) ပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ(ဂ) အရ နုတ်ပယ်နိုင်သည့် အကျိုးခံစားခွင့်မှအပ အလုပ်ရှင်တစ်ဦးက ဝန်ထမ်းများသို့ ပေးအပ်ခဲ့ပြီး မည်သည့်ဝန်ထမ်းများအတွက်ဟု သတ်မှတ်ဖော်ပြခြင်း မပြုနိုင်သည့် ငွေသားမဟုတ်သော အကျိုးခံစားခွင့်များ၏ ကုန်ကျစရိတ်။

(ခ) နုတ်ယူပေးသွင်းရမည့် ကိုယ်စားလှယ်ကို အခန်း(၉) အရ ၎င်း နုတ်ယူရန် လိုအပ်သည့်ပေးချေမှုတစ်ရပ်အတွက် နုတ်ပယ်မှု တစ်ရပ်ကို ခွင့်ပြုလျှင် နုတ်ယူထားသည့် ယင်း ငွေကြေးပမာဏအား ညွှန်ကြားရေးမှူးချုပ်ထံသို့ ပေးသွင်းသည့် အခွန်နှစ် မတိုင်မီ ယင်းနုတ်ပယ်မှုကို ခွင့်မပြု။

(ဂ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) ၏ ရည်ရွယ်ချက်များအလို့ငှာ အသုံးစရိတ်တစ်ရပ်သည် အောက်ပါ အခြေအနေတစ်ရပ်ရပ်တွင် အိမ်တွင်း သို့မဟုတ် ကိုယ်ရေးကိုယ်တာ အသုံးစရိတ်ဖြစ်သည်–

(၁) တစ်ဦးချင်း ပုဂ္ဂိုလ်တစ်ဦးသည် အသုံးစရိတ်ကို ယင်းကိုယ်တိုင်အတွက် အောက်ပါကိစ္စတစ်ရပ်ရပ်နှင့် ဆက်စပ်သည့် အတိုင်းအတာအထိ ကျခံခြင်းဖြစ်လျှင် –

**(ဆက်လက်ဖော်ပြပါမည်)**

# တိုင်းရင်းဆေးဝါးဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**(ယမန်နေ့မှအဆက်)**

(ထ) **တစ်ပိုင်တစ်နိုင်တိုင်းရင်းဆေးဝါးလုပ်ငန်း** ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ချက်များနှင့်အညီ အာဏာပိုင်အဖွဲ့က ခွင့်ပြုထားသည့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်း လုပ်ငန်းကို ဆိုသည်။

(ဒ) **အရည်အသွေးအာမခံချက်** ဆိုသည်မှာ တိုင်းရင်းဆေးဝါးထုတ်လုပ်သူ၊ ကျန်းမာရေးဖြည့်စွက်ဓာတ်စာ ထုတ်လုပ်သူ သို့မဟုတ် ပြည်ပမှ တာဝန်ခံတင်သွင်းသူမှ မိမိ၏ ဆေးဝါးတွင်ဖော်ပြသော ရောဂါတစ်မျိုးအတွက်ဖြစ်စေ၊ တစ်မျိုးထက်ပိုသော ရောဂါများအတွက်ဖြစ်စေ၊ အကျိုးသက်ရောက်မှုရှိ၍ စစ်မှန်ပြီး ဘေးဥပဒ်ကင်းကြောင်း အာမခံခြင်းကိုဆိုသည်။

(ဓ) **ကြော်ငြာခြင်း** ဆိုသည်မှာ အများပြည်သူ တွင်ကျယ်စွာ သိရှိနိုင်စေရန် တစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်းကိုဆိုသည်။

(န) **မူလဓာတ်ခွဲခန်း** ဆိုသည်မှာ ဆေးဝါးနမူနာများကို ဓာတ်ခွဲစစ်ဆေးနိုင်ရေးအတွက် အာဏာပိုင်အဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသော ဓာတ်ခွဲခန်းကိုဆိုသည်။

(ပ) **အယူခံဓာတ်ခွဲခန်း** ဆိုသည်မှာ ဆေးဝါးကိုစစ်ဆေးသော မူလဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက်ကို တစ်ဖက်ဖက်မှ ကျေနပ်မှုမရှိ၍ အယူခံဝင်ခြင်းကြောင့် ဆေးဝါးနမူနာကို ထပ်မံဓာတ်ခွဲစစ်ဆေးပြီး အပြီးသတ်အဆုံးအဖြတ်ပြုနိုင်ရန် အာဏာပိုင်အဖွဲ့က သီးခြားသတ်မှတ်ပေးသော ဓာတ်ခွဲခန်းကိုဆိုလိုသည်။

(ဖ) **တိုင်းရင်းဆေးဝါးကြီးကြပ်သူ** ဆိုသည်မှာ ဤဥပဒေပါ ဆေးဝါးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စနစ်တကျကြီးကြပ်ကွပ်ကဲနိုင်ရန် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီမှ ထုတ်ပေးသော တရားဝင်တိုင်းရင်းဆေးဆရာ မှတ်ပုံတင်လက်မှတ်(တဆ) ကိုင်ဆောင်သော တိုင်းရင်းဆေးပညာရှင်ကို ဆိုသည်။

(ဗ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဆိုသည်။

(ဘ) **ဦးစီးဌာန** ဆိုသည်မှာ တိုင်းရင်းဆေးပညာဦးစီးဌာနကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) တိုင်းရင်းဆေးပညာ၊ တိုင်းရင်းဆေးဝါးများ၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရန်။

(ခ) အရည်အသွေး စစ်မှန်ကောင်းမွန်၍ ဘေးဥပဒ်ကင်းပြီး အကျိုးသက်ရောက်မှုရှိသော ဆေးဝါးကို အများပြည်သူတို့ သုံးစွဲခွင့်ရရှိရန်။

(ဂ) ဆေးဝါးကို စနစ်တကျ မှတ်ပုံတင်ထားရှိနိုင်ရန်။

(ဃ) ဤဥပဒေပါ ဆေးဝါးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စနစ်တကျ ကြီးကြပ်ကွပ်ကဲရန်။

**အခန်း(၃)**

**အာဏာပိုင်အဖွဲ့ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏လုပ်ငန်းတာဝန်များ**

၄။ ပြည်ထောင်စုအစိုးရသည် တိုင်းရင်းဆေးဝါးဆိုင်ရာ ကိစ္စများဆောင်ရွက်နိုင်ရန် –

(က) ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဆေးဝါးနှင့်ဥယျာဉ်ဌာနခွဲ ညွှန်ကြားရေးမှူးက တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ လုပ်ငန်းသဘောအရ ဆက်စပ်နေသော သက်ဆိုင်ရာဌာနများ၏ အကြီးအမှူးများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီမှ ကိုယ်စားလှယ်တစ်ဦးနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာများအသင်းမှ ကိုယ်စားလှယ်တစ်ဦးတို့ကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော မြန်မာနိုင်ငံတိုင်းရင်းဆေးဝါး အာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော အာဏာပိုင်အဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အာဏာပိုင်အဖွဲ့ဝင်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်များကို ခံစားခွင့်ရှိသည်။

၆။ အာဏာပိုင်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဆေးဝါးဆိုင်ရာ မူဝါဒချမှတ်ခြင်း၊

(ခ) မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသော ဆေးဝါးနှင့်စပ်လျဉ်း၍ သမားစဉ်ဆက် ဖော်စပ်အသုံးပြုခြင်းများ၊ ဆေးကျမ်းများနှင့် ကိုက်ညီမှု ရှိ-မရှိ၊ အရည်အသွေးနှင့် အကျိုးသက်ရောက်မှု ရှိ-မရှိ၊ ဘေးဥပဒ်ကင်းရှင်းမှု ရှိ-မရှိတို့ကို လိုအပ်သလို စိစစ်စေခြင်း၊ စမ်းသပ်စေခြင်း၊ စစ်ဆေးစေခြင်း၊

(ဂ) မှတ်ပုံတင်ထားသောဆေးဝါးကို ထုတ်လုပ်ရန်အတွက် လိုင်စင်လျှောက်ထားခွင့်ရှိသူ၏ အရည်အချင်းများသတ်မှတ်ခြင်း၊ လိုင်စင်စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဃ) မှတ်ပုံတင်ထားသောဆေးဝါးကို အမှတ်တံဆိပ်ပြုလုပ်ခြင်း၊ အမှတ်တံဆိပ်ပြင်ဆင်ပြောင်းလဲခြင်း၊ ကြော်ငြာခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(င) မှတ်ပုံတင်ထားသော တိုင်းရင်းဆေးဝါး အရည်အသွေးအာမခံချက်နှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(စ) အဓိကတိုင်းရင်းဆေးဝါးများကို ရွေးချယ်သတ်မှတ်ခြင်း၊

(ဆ) ကုန်ကြမ်းအဖြစ် သတ်မှတ်သောပစ္စည်းများကို ကြေညာခြင်း၊

(ဇ) ဆေးဝါးများ ကုန်ကြမ်းစုဆောင်းခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ထိန်းသိမ်းခြင်းများနှင့်စပ်လျဉ်း၍ နည်းပညာဖြန့်ဖြူးရန် လမ်းညွှန်ခြင်း၊

(ဈ) တိုင်းရင်းဆေးဝါးကုန်ကြမ်း သို့မဟုတ် တိုင်းရင်းဆေးဝါးကို ပြည်ပသို့ တင်ပို့သော သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းသော အစိုးရဌာန၊ အဖွဲ့အစည်းများအား အကြံဉာဏ်ပေးခြင်း၊

**(ဆက်လက်ဖော်ပြပါမည်)**

# အလှကုန်ပစ္စည်းဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**(ယမန်နေ့မှအဆက်)**

(ဃ) ဒေသတွင်းနိုင်ငံအသီးသီး၏ အလှကုန်ပစ္စည်းအရည်အသွေး ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ စိစစ်မှုနည်းလမ်းများနှင့် ပြဋ္ဌာန်းချက်များကို အပြန်အလှန်အသိအမှတ်ပြုနိုင်ကြရန်၊

(င) လွတ်လပ်သော ကုန်သွယ်မှုဒေသများအတွင်း ကုန်သွယ်မှုဆိုင်ရာ နည်းပညာအတားအဆီးများကို လျှော့ချနိုင်ရန်။

**အခန်း(၃)**

**အာဏာပိုင်အဖွဲ့ဖွဲ့စည်းခြင်းနှင့် ယင်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် –

(က) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သည့် မြန်မာနိုင်ငံ အလှကုန်ပစ္စည်းဆိုင်ရာ အာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်၊

(ခ) အာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရာတွင် လိုအပ်ပါက အဖွဲ့ဝင်များထဲမှ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးနိုင်သည်၊

(ဂ) လိုအပ်ပါက ပုဒ်မခွဲ (က)နှင့်အညီ အာဏာပိုင်အဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ အာဏာပိုင်အဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) အလှကုန်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ အညွှန်းအမှတ်အသားဖော်ပြခြင်း၊ ကြော်ငြာခြင်းတို့နှင့်စပ်လျဉ်း၍ မူဝါဒများ ချမှတ်ခြင်း၊

(ခ) အလှကုန်ပစ္စည်းဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေး သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

(ဂ) အလှကုန်ပစ္စည်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကြီးကြပ်နိုင်ရန်လိုအပ်သော ကော်မတီများ ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီတို့၏ လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊

(ဃ) မိမိ၏ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ဦးစီးဌာနအား လွှဲအပ်၍ ဆောင်ရွက်စေခြင်း။

**အခန်း(၄)**

**ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၆။ ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) အာဏာပိုင်အဖွဲ့၏ မူဝါဒနှင့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အလှကုန်ပစ္စည်း ဘေးအန္တရာယ်ကင်းရှင်းရေး ကိစ္စရပ်များကို အကောင်အထည်ဖော်ရန် ဦးစီးဌာနအား တာဝန်ပေးအပ်၍ ကြီးကြပ်ကွပ်ကဲခြင်း။

**အခန်း (၅)**

**ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ**

၇။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(က) ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချသော အလှကုန်ပစ္စည်းများကို ဈေးကွက်မတင်မီ စိစစ်၍ မှတ်တမ်းတင်လက်မှတ်ထုတ်ပေးခြင်း၊ ထုတ်ပေးရန်ငြင်းပယ်ခြင်း၊ ယာယီပိတ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းတို့နှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များကို သတ်မှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ပြည်တွင်း၌ အလှကုန်ပစ္စည်းထုတ်လုပ်ခြင်းများအတွက် ထုတ်လုပ်သူလက်မှတ် ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ယာယီပိတ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းတို့နှင့်စပ်လျဉ်း၍ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်အား သတ်မှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) အလှကုန်ပစ္စည်း အညွှန်းအမှတ်အသားဖော်ပြခြင်း၊ ကြော်ငြာခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့် လိုအပ်ပါက ထပ်မံပြင်ဆင်သတ်မှတ်ခြင်း၊

(ဃ) အလှကုန်ပစ္စည်းတွင် ပါဝင်ဖော်စပ်ခွင့်မပြုသည့် တားမြစ်ဓာတုပစ္စည်းများအား သတ်မှတ်ခြင်းနှင့် လိုအပ်ပါက ထပ်မံပြင်ဆင်သတ်မှတ်ခြင်း၊

(င) ကန့်သတ်သတ်မှတ်ထားသော ဓာတုပစ္စည်း၊ အရောင်ဆိုးဆေး၊ တာရှည်ခံပစ္စည်းနှင့် ခရမ်းလွန်ရောင်ခြည်ကာ ပစ္စည်းများ၏ ကန့်သတ်ရာခိုင်နှုန်းအား သတ်မှတ်ခြင်းနှင့် လိုအပ်ပါက ထပ်မံပြင်ဆင်သတ်မှတ်ခြင်း၊

(စ) ပြည်တွင်း၌ အလှကုန်ပစ္စည်း ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းများနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိမရှိ စိစစ်ခြင်း၊

(ဆ) ဈေးကွက်အတွင်းရှိ အလှကုန်ပစ္စည်း၏ ဘေးအန္တရာယ်ကင်းရှင်းမှု၊ အကျိုးအာနိသင်ရှိမှုနှင့် အရည်အသွေးကောင်းမွန်မှုတို့အတွက် ဈေးကွက်ထောက်လှမ်း စစ်ဆေးခြင်းလုပ်ငန်းစဉ်အား သတ်မှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဇ) အာဏာပိုင်အဖွဲ့က အခါအားလျော်စွာ ပေးအပ်သောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**အခန်း (၆)**


**ထုတ်လုပ်သူလက်မှတ်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း**

၈။ ပြည်တွင်း၌ အလှကုန်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လိုသူသည် ထုတ်လုပ်သူလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၉။ ဦးစီးဌာနသည်–

(က) ပုဒ်မ ၈ အရ လျှောက်ထားလာပါက သတ်မှတ်အခကြေးငွေ ပေးသွင်းစေပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ရမည်၊

**(ဆက်လက်ဖော်ပြပါမည်)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**





## မှတ်မှတ်သားသား အောင်မြင်ရေးအတွေးစကား (မြန်မာ-အင်္ဂလိပ်)

စာရေးသူ အကြီးကိုကို(ကသာ) စီစဉ်ရေးသားသည့် မှတ်မှတ်သားသား အောင်မြင်ရေးအတွေးစကား(မြန်မာ-အင်္ဂလိပ်)စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် စာရေးသူသည် အတွေးကောင်းသူတစ်ဦးဖြစ်ပြီး ထိုအတွေးကောင်းသည့်အချက်ကြောင့် သူများအိမ်တွင်ကပ်နေပြီး ကျောင်းတက်ခဲ့ရသည့်ဘဝ၊ ဖိနပ်သည်းကြိုးပြတ်၍ နောက်ထပ်သည်းကြိုးတစ်စုံဝယ်မလဲနိုင်သည့်ဘဝကနေ ဆောက်လုပ်ရေးကုမ္ပဏီ ပိုင်ရှင်ဖြစ်သည်အထိ တွန်းပို့လိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် လူငယ်များ စာဖတ်ပြီး တွေးစေချင်သည့်အတွက် အောင်မြင်မှုအတွေးစကား စာအုပ်ကို ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

စာအုပ်ကို ၇၇၇၇ စာပေ၊ ၃၈-လမ်း ပလာဇာ၊ ၃၈-လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၇၇၇၁၃၃၁၇ နှင့် ၀၉ ၂၅၀၂၆၅၉၂၅ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။




## ၂၁ ရာစု ကမ္ဘာ့ကပ်ရောဂါ ဘုံရန်သူ COVID-19

စာရေးသူ ပေါက်ပေါက် စီစဉ်ရေးသားသည့် ၂၁ ရာစု ကမ္ဘာ့ကပ်ရောဂါ ဘုံရန်သူ COVID–19 စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကိုဗစ်-၁၉ ရောဂါကာလတွင် စိတ်ဖိစီးမှုတွေ လျှော့ချစေချင်၊ ကိုဗစ်-၁၉ ရောဂါနှင့် သတင်းမှားများ သတိထား၊ ဟုမ်းစတေးကာလတွင်ပင် ကိုယ်လက်လှုပ်ရှားစေချင်၊ ကိုယ်တွင်းခွန်အားဖြင့် ကိုဗစ် တွန်းလှန်၊ အသက်ရှူလမ်းကြောင်းသန့်စေသည့် အစားအစာများ၊ အသက်များစွာကယ်ဆယ်ရေး သင့်လက်တွေကိုသန့်စင်ပေး၊ ကိုရိုနာကို တိုက်ခိုက်ပေးမယ့် ဗီတာမင်ဒီ၊ ကိုဗစ်-၁၉ကာလနှင့်သွေးတိုးရောဂါစသည့် အကြောင်းအရာများကို စိတ်ဝင်စားဖွယ်ရေးသားထားသည်။

စာအုပ်ကို ရန်အောင်စာပေ၊ အ.ထ.က (၁) ရန်ကင်းကျောင်းရှေ့၊ ဆိုင်အမှတ်(H)၊ ၁၂ လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၅၁၇၉၃၉၈ နှင့် ၀၉ ၇၃၂၄၃၈၅၁တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။




## COVID-19 လူလုပ်ဇီဝလက်နက်လော-သဘာဝ ကာလနာလော

စာရေးသူ ခွန်လှိုင်း စီစဉ်ရေးသားသည့် COVID–19 လူလုပ်ဇီဝလက်နက်လော–သဘာဝ ကာလနာလောစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မည်သည့်နေရာတွင် စဖြစ်သနည်း၊ မည်သည့်အချိန်တွင် စဖြစ်သနည်း၊ ဖြစ်ပွားပုံ၊ ပထမဆုံး အချက်ပေးခရာမှုတ်သူ အိုင်ဖင်း၊ လူအများစုကြီးသိအောင် အချက်ပေးခရာမှုတ်ခဲ့သည့် ဒေါက်တာလီ၊ ကိုဗစ်ကမ္ဘာ့ကပ်ရောဂါ၏ လူနာအမှတ်ဇီးရိုးသည် မည်သူနည်း၊ ကမ္ဘာ့ကူးစက်မြန် ကပ်ရောဂါအဆင့်ရောက်ရှိသွားနိုင်ကြောင်း သတိပေးပြီး စသည့် ကိုဗစ်-၁၉ရောဂါနှင့် ပတ်သက်သည်များကို လေ့လာနိုင်ရန် ရေးသားထားသည်။

စာအုပ်ကို ယဉ်မျိုးစာပေ၊ အမှတ်-၂၇၄ (B)၊ လမ်း-၄၀(အပေါ်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ HOT Line- ၀၉ ၇၃၂၀၁၅၈၆၊ Office- ၀၉၇၉၅၂၆၇၈၃၄ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။




## ကိုဗစ်အတွေး ကိုဗစ်မှတ်စု

စာရေးသူ အော်ကျူး စီစဉ်ရေးသားသည့် ကိုဗစ်အတွေး ကိုဗစ်မှတ်စု (ကိုဗစ်ကပေးတဲ့ အတွေးများ) စာအုပ် ထွက်ရှိလာသည်။

လတ်တလော ကမ္ဘာအနှံ့ ကူးစက်ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်၍ နေ့စဉ်နှင့်အမျှ မြင်တွေ့ကြားသိနေရသည့် သတင်းအချက်အလက်များအပေါ် အခြေခံ၍ ဆင်ခြင်တွေးတောမိသမျှကို ရေးသားမျှဝေထားခြင်းဖြစ်သည်။ သတင်းအများစုသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်၊ နေ့စဉ်ထုတ်သတင်းစာများနှင့် အင်တာနက် ဆိုရှယ်မီဒီယာသတင်းများအပေါ် အခြေခံ၍ရေးသားထားသည်။

စာအုပ်ကို ခင်မြတ်သူစာပေ ဖုန်း-၀၉ ၉၆၄၀၈၂၁၆၄နှင့် ၀၉ ၇၃၀၈၂၁၆၄ တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ဖြင့် ဖြန့်ချိသည်။





## စိတ်အာဟာရများ(ဒုတိယတွဲ)

စာရေးသူ ကျော်ငယ် ဘာသာပြန်သည့် စိတ်အာဟာရများ(ဒုတိယတွဲ)စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် စမူဆာ ဝါလား၊ သောကများ ငြိမ်းသွားသူ၊ ဖုန်မှုန့်ပမာ၊ ခံစားချက်ပြန်ပေးဆွဲခြင်း၊ ကြယ်ငါးလေးတွေရဲ့ လျှို့ဝှက်ချက်၊ ကလေးကို မိဘဟာ တကယ်ချစ်လို့လား၊ ရှင်သန်ခြင်းနဲ့သေဆုံးခြင်းကို တန်းတူမြတ်နိုးတတ်ပါ၊ လူ့အကြောင်း၊ ကောင်းစွာ ရင်သပ်ရှုမောခြင်း၊ကလေးနှင့် ကစားစရာများ၊ ဤစာကို မျက်မှန်မတပ်ခင် ဖတ်ဖြစ်အောင်ဖတ်ပါ၊ တစ်ယောက်တည်း ရွေးပြီး ကံဆိုးတယ်ဆိုတာ မရှိဘူး စသည့် စိတ်အာဟာရများကိုရေးသားထားသည်။

စာအုပ်ကို ဆိပ်ကမ်းသာစာပေ၊ ဖုန်း-၀၉ ၇၈၆၈၃၇၃၀၅မှ တန်ဖိုးငွေကျပ် ၃၅၀၀ဖြင့် ဖြန့်ချိသည်။



## နေဝင်ဆည်းဆာ နာသုံးနာနှင့် စာပန်းဝတ်ရည်စာစုများ

စာရေးသူ ကောင်းမြသွေး စီစဉ်ရေးသားသည့် နေဝင်ဆည်းဆာ နာသုံးနာနှင့် စာပန်းဝတ်ရည်စာစုများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ပညာပေါင်းကူးတံတားထိုးသွားပေးသူ၊ သဘာဝလွန်၏ ဟိုဘက်တွင်၊ ပျိုးပင်လေးများ လန်းစေသော်၊ ဝေးကြပြီဆိုမှဖြင့်၊ လှစေချင်သည်ဆိုသော်လည်း၊ ထိန်းကျောင်းရန် ခက်ပါဘိ၊ ခရီးသည် ဘယ်အချိန်နားပွဲ့မယ်၊ ပွဲကြည့်ရင်း ဇာတ်ကောင်ဖြစ်သွားကြသူများ၊ ကိုယ်စိတ်ပေါ့ပါး လွတ်လပ်ကျန်းမာခြင်း၏တန်ဖိုး၊ လောကကိုလှစေနိုင်သော အချိန်နှင့်အရွယ်၊ အတွေးနှင့် အတွေ့နောက်နားမှာ စသည့် စိတ်ဝင်စားဖွယ် အကြောင်းအရာ ၁၇ မျိုးကို ရေးသားထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ်-၂၉၆၊ ၁/အနော်မာ(၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၉၈၁၈၉၁၄၈နှင့် ၀၉ ၇၇၇၁၃၉၄၇၇တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ဖြင့် ဖြန့်ချိသည်။




## လက်ရွေးစင် ဟာသပဒေသာ အမှတ်(၅)

စာရေးသူ မောင်ကောင်းထိုက်(နီးပဒေါ) စီစဉ်ရေးသားသည့် လက်ရွေးစင် ဟာသပဒေသာ အမှတ်(၅)စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ပြောချင်စရာပဲ ခေါင်းစဉ်ဖြင့် ဂိုးအရေအတွက် အပြတ်အသတ်ရှုံးနိမ့်ပြီးနောက် နည်းပြဆရာက မိမိဘောလုံးသမားကို အောက်ပါအတိုင်း အပြစ်တင်သည်။ ဒီနေ့ပွဲမှာ ဘယ်တုန်းကမှမကစားခဲ့တဲ့ ပုံစံမျိုးနဲ့ကစားကြပါလို့ ပွဲမစခင်က ငါ မင်းတို့ကို မေတ္တာရပ်ခံခဲ့တယ်။ တစ်ခါမှ မကစားဖူးတဲ့ အခုမှ ဘောလုံးကို မြင်ဖူးတဲ့ပုံစံမျိုးနဲ့ကစားဖို့ ငါပြောတာ မဟုတ်ဘူး စသည့် ဟာသနှင့်ပတ်သက်သည်များကို ရေးသားထားသည်။

စာအုပ်ကို ရွှေပဒေသာစာပေ၊ အမှတ်-၃၃၊ မြေညီထပ်၊ ကျိုက်တော်လမ်း၊ ပုဇွန်တောင်ကမ္ဘောဇဘဏ်အနီး၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၉၅၉၈၅၇၇၉နှင့် ၀၉ ၉၇၉၀၀၅၆၃၃မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။




## သတိပြုစရာ ကျန်းမာရေးပြဿနာအဖြာဖြာ(ပထမတွဲ)

စာရေးသူ ဒေါက်တာခင်မိုးမိုး စီစဉ်ရေးသားသည့် သတိပြုစရာ ကျန်းမာရေးပြဿနာအဖြာဖြာ(ပထမတွဲ)စာအုပ် ထွက်ရှိလာသည်။

ကျန်းမာဖို့ဆိုသည်က ကျန်းမာရေးနှင့် ညီညွတ်သည့် ဘဝနေထိုင်မှုပုံစံ၊ အစားအသောက်များကို လိုက်နာကျင့်သုံးရမည့်အပြင် ရောဂါမဖြစ်စေရန် ကြိုတင်ကာကွယ်ဖို့လိုသည်။ ကာကွယ်ခြင်းသည် ကုသခြင်းထက်မြတ်၏ ဆိုသည့်အတိုင်း ရောဂါဖြစ်မှ ကုသသည်ထက် ရောဂါမဖြစ်ခင်ကတည်းက ကြိုတင်ကာကွယ်ထားသည်က ပိုပြီးထိရောက်မှုရှိသည်။ ထို့ကြောင့် ပြည်သူများကျန်းမာရေးအသိပညာဗဟုသုတကြွယ်ဝစေရန်ရည်ရွယ်၍ ရေးသားထားသည်။

စာအုပ်ကို စွယ်စုံမီဒီယာဂရု(ပ်)၊ ပထမထပ်၊ Central Tower ၊ အနော်ရထာလမ်း(၃၉-လမ်းထောင့်)၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၃၈၅၂၉၃နှင့် ၀၁ ၈၃၉၂၇၃၉တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ဖြင့် ဖြန့်ချိသည်။

# ကြော်ငြာ

## ဒေါ်စမ်းစမ်းညွှန့် (B.A,B.Ed)
## အသက်(၈၂)နှစ်
## အထက်တန်းပြဆရာမ (ငြိမ်း)

ကွယ်လွန်သွားသည်မှာ ၂၁-၇-၂၀၂၀ ရက်တွင် ၃ လတင်းတင်းပြည့်ပြီ။

- ငယ်စဉ်ကပင် ဆရာမ လုပ်ရန် ဝါသနာပါခဲ့သော ဆရာမ
- B.A(Ed) မတက်ဘဲ B.A အောင်ပြီးမှ B.Ed တက်ခဲ့သော ဆရာမ
- အထက်တန်းပြနှင့် စတင်အလုပ်ဝင်ခဲ့ပြီး အထက်တန်းပြနှင့် ပင်စင်ယူခဲ့သော ဆရာမ
- ရာထူးမမက်မောသော ဆရာမ
- ခင်ပွန်းပြောင်းရွှေ့တိုင်း ကလေးတပြုံနှင့် နောက်မှ လိုက်လံပြောင်းရွှေ့ပေးနိုင်ခဲ့သော ဆရာမ
- အဝေးရောက်နေသော ခင်ပွန်းကိုယ်စား ဖခင်တာဝန်ကိုပါ ပူးတွဲတာဝန်ယူနိုင်ခဲ့သော ဆရာမ
- သားသမီးများကို လူလုံးလှအောင် ကောင်းစွာထုဆစ်ပေးနိုင်ခဲ့သော ဆရာမ
- ယောက္ခမ၏ အချစ်တော် စံပြချွေးမ ဆရာမ
- မကျန်းမာသည့်ကြားထဲက မြေးများကို စာသင်ပေးလိုသော ဆရာမ
- သားသမီးများ၏ မွေးကျေးဇူးပြန်ဆပ်မှုကို ကြာရှည်စွာ မခံစားလိုက်ရသော ဆရာမ

ဆရာမကို ရည်စူး၍ လစဉ် သံဃာတော်များကို ကျောင်းလုံးကျွတ် ဆွမ်းကပ်ပါသည်။

| | |
|---|---|
| ချစ်ခင်ပွန်း | မြင့်ဟန် |
| ချစ်သားသမီးများ | ကျော်မိုးဟန်-ဒေါက်တာဖြူလွဲ့မင်း(M.B.,B.S) |
| | ဇော်မိုးဟန်-သီရိလှိုင်(နိုင်ငံခြားရေးဝန်ကြီးရုံး) |
| | အေးမိုးဟန်-ရဲနိုင် |
| ချစ်မြေးများ | ဖီးဖီး၊ ဖူးဖူး၊ ဖြိုးဖြိုး၊ ဖွေးဖွေး |

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးကျင်စိန် (ပေါင်းတည်)
### အသက် (၉၃) နှစ်

သူငယ်ချင်း ဒေါက်တာခင်ခင်ဝင်း၏ ချစ်လှစွာသောဖခင်ဖြစ်သူ ဦးကျင်စိန် အသက် (၉၃)နှစ်သည် ၆-၇-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၂-၉၁ Batch B.V.S မှ**
**အတန်းဖော်ချစ်သူငယ်ချင်းများ**

## တောတောင် ပျက်ပြုန်း မြေဆီသုဉ်း၏

## ကုန်အမှတ်တံဆိပ် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းဝင်းဇော်[၁၂/အစန(နိုင်)၁၇၂၆၄၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်**
**(၅၇၇၃/ ၂၀၂၀) (၁၈-၆-၂၀၂၀)**

အထက်ပါ "**NEPTUNE**" အမည်နှင့်အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုရန်အတွက် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ပူးတွဲပါစာချုပ်အမှတ်ဖြင့် တရားဝင် မှတ်ပုံတင်သွင်းထားခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ ဗီနိုင်း၊ Name Card, Letter Head, Internet, Website, Facebook, Intivation Letter, Social media အစရှိသည်တို့နှင့် ခေတ်နှင့်အညီ ပေါ်ပေါက်လာသည့် နည်းပညာတို့တွင်လည်း အသုံးပြုသွားမည် ဖြစ်ပါသည်။

အထက်ပါ "**NEPTUNE**" အမည်နှင့်အမှတ်အသားကို အသုံးပြု၍ "**သောက်ရေသန့်**"ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပါသည်။ ထိုသို့ ရောင်းချရာ၌ အဆိုပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကို အရောင်မျိုးစုံ၊ အရွယ်မျိုးစုံတို့ဖြင့် ပြုလုပ်၍ အသားတံဆိပ်နှင့် ဖိနှိပ်၍ဖြစ်စေ၊ ကပ်နှိပ်၍ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် ထင်ရှားစေရန် ပြုလုပ်၍ဖြစ်စေ အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ်၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူပုံပွားများတုပပြုလုပ်သုံးစွဲခြင်းများ လုံးဝမပြုလုပ်ရန်နှင့် ပြုလုပ်ကြောင်းတွေ့ရှိက တည်ဆဲတရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းဝင်းဇော်၏ လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်စုဝသန်ကျော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၈၇/၅-၁၂-၂၀၁၉)**
**အမှတ်(၈၀၂)၊ ပြည်သာယာလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၄၂၀၀၂၇၃၁၈**

## ကုန်အမှတ်တံဆိပ် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းဝင်းဇော် [၁၂/အစန(နိုင်)၁၇၂၆၄၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်**
**(၅၇၇၂/၂၀၂၀) (၁၈-၆-၂၀၂၀)**

အထက်ပါ "Apsu" အမည်နှင့်အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုရန်အတွက် ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ပူးတွဲပါစာချုပ်အမှတ်ဖြင့် တရားဝင်မှတ်ပုံတင်သွင်းထားခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ ဗီနိုင်း၊ Name Card, Letter Head, Internet, Website, Facebook, Intivation Letter, Social media အစရှိသည်တို့နှင့် ခေတ်နှင့်အညီ ပေါ်ပေါက်လာသည့် နည်းပညာတို့တွင်လည်း အသုံးပြုသွားမည်ဖြစ်ပါသည်။

အထက်ပါ "Apsu" အမည်နှင့် အမှတ်အသားကို အသုံးပြု၍ "သောက်ရေသန့်" ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပါသည်။ ထိုသို့ ရောင်းချရာ၌ အဆိုပါကုန်အမှတ်တံဆိပ် အမှတ်အသားကို အရောင်မျိုးစုံ၊ အရွယ်မျိုးစုံတို့ဖြင့် ပြုလုပ်၍ အသားတံဆိပ်နှင့် ဖိနှိပ်၍ဖြစ်စေ၊ ကပ်နှိပ်၍ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် ထင်ရှားစေရန် ပြုလုပ်၍ဖြစ်စေ အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူပုံပွားများ တုပပြုလုပ်သုံးစွဲခြင်းများ လုံးဝမပြုလုပ်ရန်နှင့် ပြုလုပ်ကြောင်း တွေ့ရှိက တည်ဆဲတရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းဝင်းဇော်၏ လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်စုဝသန်ကျော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၈၇/၅-၁၂-၂၀၁၉)**
**အမှတ်(၈၀၂)၊ ပြည်သာယာလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၂၀၀၂၇၃၁၈**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဆရာကြီးဦးကြည်မောင် (B.A, R.A)
(နေလကမ္ဘာဆေးတိုက်)
ဒုတိယဥက္ကဋ္ဌ
**မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ ရန်ကုန်တိုင်းဒေသကြီး**
**အပူဇော်ခံတိုင်းရင်းဆေးသမားတော်ကြီး**
**အသက် (၇၇) နှစ်**

အမှတ် (၅၁၆)၊ မြို့မ(၅)လမ်း၊ (၄)တောင် ရပ်ကွက်၊ သာကေတ မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်တင်တင်အေး(ခ)ဒေါ်ပို့၏ ချစ်လှစွာသောခင်ပွန်း ဆရာကြီးဦးကြည်မောင် (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေး ဆရာအသင်း၊ ရန်ကုန်)သည် ၂၁-၇-၂၀၂၀ ရက် နံနက် ၅:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဆရာကြီးဦးကြည်မောင် (B.A, R.A)
(နေလကမ္ဘာဆေးတိုက်)
ဒုတိယဥက္ကဋ္ဌ
**မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ ရန်ကုန်တိုင်းဒေသကြီး**
**အပူဇော်ခံတိုင်းရင်းဆေးသမားတော်ကြီး**
**အသက် (၇၇) နှစ်**

အမှတ် (၅၁၆)၊ မြို့မ(၅)လမ်း၊ (၄)တောင် ရပ်ကွက်၊ သာကေတ မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်တင်တင်အေး(ခ)ဒေါ်ပို့၏ ချစ်လှစွာသောခင်ပွန်း ဆရာကြီးဦးကြည်မောင် (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေး ဆရာအသင်း၊ ရန်ကုန်)သည် ၂၁-၇-၂၀၂၀ ရက် နံနက် ၅:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့်**
**ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဆရာကြီးဦးကြည်မောင် (B.A, R.A)
(နေလကမ္ဘာဆေးတိုက်)
ဒုတိယဥက္ကဋ္ဌ
**မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ ရန်ကုန်တိုင်းဒေသကြီး**
**အပူဇော်ခံတိုင်းရင်းဆေးသမားတော်ကြီး**
**အသက် (၇၇) နှစ်**

အမှတ် (၅၁၆)၊ မြို့မ(၅)လမ်း၊ (၄)တောင် ရပ်ကွက်၊ သာကေတ မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်တင်တင်အေး(ခ)ဒေါ်ပို့၏ ချစ်လှစွာသောခင်ပွန်း ဆရာကြီးဦးကြည်မောင် (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေး ဆရာအသင်း၊ ရန်ကုန်)သည် ၂၁-၇-၂၀၂၀ ရက် နံနက် ၅:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**ဦးမောင်မောင်ဦးနှင့် မိသားစု**
**ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဆရာကြီးဦးကြည်မောင် (B.A, R.A)
(နေလကမ္ဘာဆေးတိုက်)
ဒုတိယဥက္ကဋ္ဌ
**မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ ရန်ကုန်တိုင်းဒေသကြီး**
**အပူဇော်ခံတိုင်းရင်းဆေးသမားတော်ကြီး**
**အသက် (၇၇) နှစ်**

အမှတ် (၅၁၆)၊ မြို့မ(၅)လမ်း၊ (၄)တောင် ရပ်ကွက်၊ သာကေတ မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်တင်တင်အေး(ခ)ဒေါ်ပို့၏ ချစ်လှစွာသောခင်ပွန်း ဆရာကြီးဦးကြည်မောင် (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေး ဆရာအသင်း၊ ရန်ကုန်)သည် ၂၁-၇-၂၀၂၀ ရက် နံနက် ၅:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ**
**ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဆရာကြီးဦးကြည်မောင် (B.A, R.A)
(နေလကမ္ဘာဆေးတိုက်)
**ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းရင်းဆေးဆရာအသင်း (ဒုဥက္ကဋ္ဌ)**
**အသက် (၇၇) နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ အင်ပင်ကြီးကျေးရွာနေ (ဦးတင်ကြီး-ဒေါ်ရွှေချစ်)တို့၏ သား၊ ကဝမြို့နေ (ဦးချစ်ခင်-ဒေါ်သန်းတင်)တို့၏ သားသမက်၊ ကျောက်ပန်းတောင်းမြို့နေ (ဦးအောင်ခင်-ဒေါ်ခွေးမ)၊ (ဦးကျော်ဦး)-ဒေါ်စိန်ညို၊ (ဦးဘီမောင်)-ဒေါ်ခင်ညွန့်တို့၏ မောင်/အစ်ကို၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်(၅၁၆)၊ မြို့မ (၅)လမ်း၊ (၄)တောင်ရပ်ကွက်နေ ဒေါ်တင်တင်အေး(ခ)ဒေါ်ပို့၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမောင်မောင်ကြီး-ဒေါ်ရင်ရင်ဌေး (စိန်ဒေါင်းဘယဆေးဆိုင်၊ ပုဇွန်တောင်ဈေး)၊ ဦးစိုးမြင့်အောင်(ခ) ကိုငယ်လေး-ဒေါ်ဇင်လေးဝေ၊ ဒေါက်တာထားထားအေး(ကထိက၊ သမိုင်းဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးအောင်မင်းမင်း-ဒေါ်ခင်ဆွေဝင်းတို့၏ကျေးဇူးရှင်ဖခင်၊ မြေး ငါးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၁-၇-၂၀၂၀ (အင်္ဂါနေ့) နံနက် ၅ နာရီတွင် နေအိမ်၌ နလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၇-၇-၂၀၂၀(တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးထွန်းရွှေ (ဒုရဲမှူး-ငြိမ်း၊ သရက်)
### အသက် (၉၄) နှစ်

ဦးသန့်ဇင် (CEO-ငြိမ်း) - ပါမောက္ခ ဒေါ်မာမာကြည် (ပါမောက္ခ၊ ဆေးပညာဌာန၊ အင်းစိန်ပြည်သူ့ဆေးရုံကြီး)၏ဖခင် ဦးထွန်းရွှေသည် ၂၁-၇-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**ဆေးပညာဌာန**
**အင်းစိန်ပြည်သူ့ဆေးရုံကြီး**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးတင်အေး
### မြန်မာ့မီးရထား-ငြိမ်း
### အသက် (၆၅) နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉) ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၁၃)နေ ဒေါ်မြတ်မြတ်ဦး၏ခင်ပွန်း၊ ဒေါ်စောလှနွယ် (City Properties Co.,Ltd)၏ဖခင် ဦးတင်အေး (မြန်မာ့မီးရထား-ငြိမ်း)သည် ၁၉-၇-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။


**CEO နှင့် City Properties Co.,Ltd**
**ဝန်ထမ်းမောင်နှမများ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၂၊ မြေကွက်အမှတ်-၆၁၆၊ ဧရိယာ (၀.၀၅၅)ဧက၊ မြေကွက်တည်နေရာအမှတ် (၆၁၆)၊ ကုံကော်လမ်းသွယ်(၃)လမ်း၊ (၁၂) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးဇော်နိုင် [၁၂/လမန(နိုင်)၁၃၁၄၂၀]၊ ဦးအုပ်စိုးဦး[၁၂/အလန(နိုင်)၀၃၃၅၂၇]အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ် ဂရန်မြေအား အမည်ပေါက် ဦးဇော်နိုင်၊ ဦးအုပ်စိုးဦးတို့ ကိုယ်တိုင်မှ နှစ်(၆၀)မြေငှားစာချုပ်ဂရန်မူရင်းပျောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဦးဇော်နိုင်၊ ဦးအုပ်စိုးဦးတို့ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ် -၃၁၇၇/၁၆ (၂၁-၃-၁၆) ဖြင့် ကိုယ်စားလှယ်ရသူ ဒေါ်ဝေမာထွေး [၁၂/သကတ(နိုင်)၁၂၃၆၉၇] က နှစ်(၆၀)မြေငှားစာချုပ်ဂရန်(မိတ္တူ) လျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ပြီး ကန့်ကွက်မည့်သူမရှိပါသဖြင့် နှစ်(၆၀)မြေငှားစာချုပ်ဂရန်(မိတ္တူ) ထုတ်ပေးသွားမည်ဖြစ်ပြီး မြို့မြေစာရင်းတွင် အမှုတွဲအမှတ်-ရပသ/ဂရသ -၂၀၁၆၀၀၆ ၈၂၈ /၁၆ (၂၅-၁၁-၂၀၁၆) ဖြင့် ထုတ်ပေးထားသည့် မူလဂရန်စာအုပ်အား ပယ်ဖျက်ပြီး ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မီးဘေးရှောင် မလောင်ခင်တား




## COVID-19 ကာလတွင်စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေးအသိပေးနှိုးဆော်ခြင်း

COVID-19 ကာလမှာ မိမိတစ်ဦးတည်းသာမက လူတိုင်းစိတ်ဖိစီးမှုများ ခံစားနေကြရတယ်ဆိုတဲ့အချက်ကို သတိပြုမိရင် အခြားသူတွေအပေါ်မှာလည်း ကိုယ်ချင်းစာစိတ် ပိုမိုဖြစ်ပေါ်လာစေပါသည်။

ကိုယ်ချင်းစာစိတ်ဟာ လူတစ်ဦးနှင့် တစ်ဦးကြား၊ အမုန်းတရားပွားများမှုကို လျော့နည်းစေပါတယ်။ ပြဿနာရပ်များကို ကြိုးစားလက်ခံဖြေရှင်းနိုင်စွမ်းလည်း မြင့်မားစေပါသည်။

ဒီလိုနည်းနဲ့ စိတ်ဖိစီးမှုများကို လျှော့ချနိုင်ကာ ခံနိုင်ရည်ရပြီး တစ်ဦးချင်းစီက COVID-19 ကာလ၏ ဒုက္ခများကို ရင်ဆိုင်ဖြေရှင်းနိုင်တဲ့ အဆင့်သို့ ရောက်ရှိအောင် ကြိုးစားသင့်ကြောင်း အသိပေးတိုက်တွန်းလိုပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)**

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရင်ကျွေ (ဝါးခယ်မ)

**ဆေးနှင့် ဆေးကိရိယာရောင်းဝယ်ရေး (ငြိမ်း)**

**အသက် (၈၂) နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်နေ (ဦးသာအောင်-ဒေါ်လှ)တို့၏သမီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယသဝတီ(၁၅)လမ်း၊ အမှတ်(၁၀၁၉/ခ)နေ [ဦးကိုကို(ဆေးနှင့်ဆေးကိရိယာရောင်းဝယ်ရေး-ငြိမ်း)]၏ဇနီး၊ ဦးရဲထွန်းကို-ဒေါ်သင်းသင်းခိုင်၊ ဒေါ်ရင်မွန်ကို(Victoria University College)တို့၏ မိခင်ကြီး၊ ဒေါ်မိုးသီတာ (လက်ထောက်ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ်၊ နေပြည်တော်)၏အဒေါ်၊ မအိမွန်ကို(Victoria University College)၊ မသင်းလဲ့ကို(Mandam Corporation-Thailand)၊ မပိုပိုပြည့်စုံကို(2nd MB၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)တို့၏ချစ်လှစွာသောဘွားဘွားကြီးသည် ၂၂-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၃ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရင်ကျွေ (ဝါးခယ်မ)

**ဆေးနှင့် ဆေးကိရိယာရောင်းဝယ်ရေး (ငြိမ်း)**

**အသက် (၈၂) နှစ်**

ဒေါ်ရင်မွန်ကို(Victoria University College)၏မိခင်ကြီး၊ ဒေါ်အိမွန်ကို၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၂၂-၇-၂၀၂၀(ဗုဒ္ဓဟူးနေ့) နံနက် ၃နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Victoria University College**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးထွန်းဝ

**B.A,D.M.A, R.L, DIP, CO, OP (PRAGUE)**

**တရားလွှတ်တော်ရှေ့နေ**

**ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ သမဝါယမဦးစီးဌာန**

**အထက(၂) အင်းစိန်၊ ကျောင်းအုပ်ကြီးဟောင်း**

**အသက် (၈၆) နှစ်**

ကျောက်တန်းမြို့နယ်၊ မီးပြကျေးရွာနေ (ဦးထွန်းလူ-ဒေါ်အေးငွေ)တို့၏သား၊ ပြည်မြို့နေ (ဦးယုရှင်-ဒေါ်စောတင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃၀/၃၁)၊ ဇေယျာသုခလမ်း၊ (၂) ရပ်ကွက်နေ (ဒေါ်အုန်းကြည်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးနေဝင်း-(ဒေါ်ဝင်းဝင်း)၊ ဦးတင့်ဇော်-ဒေါ်ကေသီထွန်း၊ ဒေါ်နီလာထွန်း၊ ဦးသန်းထွန်းကြည်-ဒေါ်နီနီအောင်၊ ဒေါ်ရွှေဝါထွန်း(ဦးစီးအရာရှိ၊ ကမာရွတ်မြို့နယ်၊ သ/မဦးစီး)တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၀ ယောက်၊ မြစ် ခြောက်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၂-၇-၂၀၂၀ ရက် နံနက် ၆ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကျော်သူ (B.Sc, MATHS)

**OPERATION MANAGER (NOBLE MARINE MANAGEMENT)**

**အသက် (၅၆) နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မင်းဓမ္မပညာရိပ်သာ၊ တိုက်အမှတ်(C-16)၊ အခန်း(၅၀၁)နေ (ဦးဝင်းမောင်)-ဒေါ်သန်းရီတို့၏ စတုတ္ထမြောက်သား၊ မော်လမြိုင်မြို့နေ (ဦးရွှေရှင်-ဒေါ်ခင်သန်း)တို့၏သားသမက်၊ ဒေါ်မိမိရွှေ၊ CAPT:ဝင်းသန်းဦး-ဒေါက်တာဒေါ်မီမီသိန်း၊ ဒေါက်တာဒေါ်မာမာဝင်း(YCWH)၊ ဦးအောင်သူ-Sister ဒေါ်လှဲ့လှဲ့ဝင်း(NYGH)တို့၏ ညီ/မောင်၊ ဦးကျော်မောင်မောင်(MD BUILDTECH Engineers and Constructors)၏အစ်ကို၊ ဒေါက်တာမြမျက်ချယ်အောင်သူ (မြိတ်ပြည်သူ့ဆေးရုံကြီး)၊ သွယ်နှင်းဇာတို့၏ဦးလေး၊ ဒေါ်လှဲ့လှဲ့ခိုင်(ကထိက-ပထဝီဝင်ဌာန၊ ဒဂုံတက္ကသိုလ်)၏ချစ်လှစွာသောခင်ပွန်း၊ မောင်သိခ်ကျော်သူ၊ မသက် ထက်ကျော်သူတို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၂၁-၇-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ရွှေလမင်းအထူးကုဆေးရုံ(လမ်းမတော်)၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်အား ၂၃-၇-၂၀၂၀ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## အနိစ္စ

မြိတ်မြို့နယ်အသင်း (ရန်ကုန်)

## ဦးအောင်သန်း (မြိတ်)

**သက်ကြီးကန်တော့ခံ**

**အသင်းဝင်အမှတ်(၉၂၈)**

**အသက် (၉၂) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၀) ရပ်ကွက်၊ နံ့သာမြိုင်လမ်း၊ အမှတ် (၂၂၆၇)နေ (ဒေါ်အေးမှီ)၏ ခင်ပွန်းသည် ၇-၇-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ကျီစုသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

## မိခင်သီနွယ်

**အသက် (၃၉) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉) ရပ်ကွက်၊ လှော်ကားလမ်း၊ အမှတ်(၁၃၂၃)နေ နိုင်ပန်းမြိုင်-မိမြအေးတို့၏ သမီးငယ်၊ နိုင်မြအောင်-မိတင်ဆိုင်တို့၏ သမီးချွေးမ၊ မင်းလှတာ၏ ချစ်လှစွာသောဇနီး၊ ဦးမြင့်ထွန်းနိုင်-မသီတာမြင့်၊ မိသာတာတို့၏ညီမ၊ (မင်းလှိုင်ထော)၊ မင်းမွန်ချမ်း-မနှင်းဝေဝေမြင့်မောင်တို့၏ အစ်မ၊ မောင်ထက်မြတ်ဦး၊ မောင်ဟိန်းဇေထက်၊ မဆုဝတီထက်၊ မရှင်းမွန်လတ်တို့၏ အဒေါ် မိခင်သီနွယ်သည် ၂၂-၇-၂၀၂၀ ရက် နံနက် ၁ နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## သင့် သွေးဖြင့် အသက်ကယ်ပါ

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ နတ်လမ်း ဒါယကာကြီး

## ဦးချစ်ခိုင်

**ဆောက်/လုပ် ကုန်သွယ်ရေး (ငြိမ်း)**

**အသက် (၇၇) နှစ်**

ရန်ကုန်မြို့၊ (၂၇)လမ်းနေ (ဦးမောင်နု-ဒေါ်မဝက်)တို့၏သား၊ မြောင်းမြမြို့နယ်၊ ကွင်းပေါက်ကြီးကျေးရွာနေ (ဦးကျော့-ဒေါ်သိန်းကြွေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁) ရပ်ကွက်၊ သဇင်မြိုင်လမ်း၊ အမှတ်(၈၈၅)နေ ဒေါ်ခင်မာဝေ(ခ)ဒေါ်ချော၏ခင်ပွန်း၊ ကိုဇော်မျိုးခိုင်-မသီတာအေး(ခေတ္တ-USA)၊ ကိုအောင်မျိုးခိုင်၊ ကိုဝင်းကိုခိုင်(Chef-Golden eagle Co.,Ltd)-မမြတ်မွန်တို့၏ဖခင်၊ မသဇင်ဖူး(G-8၊ အမက-၃၊ မူလွန်၊ ဗဟန်း)၊ မအိမ့်ချစ်လီလီယံဇော်(USA)တို့၏ ချစ်လှစွာသောအဘိုး၊ ဦးဝင်းတင်(ဆောက်/လုပ်-ငြိမ်း)၏ညီ၊ ဦးချစ်ကြိုင်-ဒေါ်မိမိဇင်၊ ဦးချစ်လှိုင်(ဆက်သွယ်ရေး-ငြိမ်း)၊ ဦးခင်မောင်ရီ-ဒေါ်ချစ်မြိုင်၊ ဒေါ်မြသိန်း၊ (ဦးမြအောင်)-ဒေါ်တင်အေး၊ ဦးတင်ဦး၊ ဦးသန်းမြင့်(YGH-ငြိမ်း)-ဒေါ်ခင်ခင်ငွေး၊ ဒေါ်မြင့်မြင့်ဆန်း(ထ-၁၊ ပန်းဘဲတန်း)တို့၏ အစ်ကို၊ တူ/တူမ ၁၂ ယောက်တို့၏ ဘဘကြီးသည် ၂၂-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၅:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကျင်အေး (၈၇) နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ ကံကွန်ဒိုနေ (ဦးကြိုင်-ဒေါ်သိန်း)တို့၏သမီး၊ [ဗိုလ်ကြီးကံညွန့်(ကန်ကြီးဒေါင့်)]၏ ချစ်လှစွာသောဇနီး၊ (ဒေါ်ခင်မြမြ)၊ (ဦးညွန့်မောင်-ဒေါ်သန်းကြွေ)၊ ဦးစိန်အောင်-ဒေါ်စန်းမြင့်တို့၏ညီမ၊ ဦးဝင်း-ဒေါ်လှလှဝင်း၊ ဦးမောင်မောင်အေးတို့၏အစ်မ၊ ဦးမျိုးတင့်-ဒေါ်လှဲ့လှဲ့ညွန့်တို့၏ချစ်လှစွာသောမွေးသမိခင်၊ ဦးတင်ထွန်း-ဒေါ်မိမိအောင်တို့၏အဒေါ်၊ ဦးထင်လင်းအောင်-ဒေါ်လင်းလင်းတင်ထွန်း၊ ဦးဇော်ဖြိုးတင်ထွန်း-ဒေါ်ဥမ္မာမြင့်၊ ဒေါက်တာမိုးကျော်ကျော်-ဒေါက်တာခင်ငြိမ်းချမ်း၊ ဒေါက်တာကျော်ကျော်မိုး-ဒေါ်ခင်မိုးဆမ်းတို့၏အဘွားလေး၊ မြစ်ရှစ်ယောက်တို့၏ ဘွားဘွားလေးသည် ၂၁-၇-၂၀၂၀ (အင်္ဂါနေ့) ည ၉:၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဒေါ်ရင်ရင်ငွေ (ခ) ဘေဘီ

**အထက်တန်းပြ (ငြိမ်း)၊ အထက(၂) လသာ၊**

**မော်တလိန်းဂျဒ်ဆင်ကျောင်းသူဟောင်း**

**အသက် (၈၄) နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ်(၂၉)၊ ငါးလွှာ (ဘီ)နေ (ဦးစံဖျော်-ဒေါ်အန်းကြူး)တို့၏သမီး၊ (ဦးသန်းမောင်-ဒေါ်ငွေခင်)တို့၏သမီးချွေးမ၊ ဦးတင်မောင်သန်း၏ချစ်လှစွာသောဇနီး၊ ဦးတင့်စိုး-ဒေါ်ခင်စီစီထွန်း၊ ဒေါ်မေလဝင်း၊ ဦးအောင်သူ-ဒေါ်ယမင်းပိုင်၊ ဦးထင်အောင်-ဒေါ်မျိုးမင်းမင်းသန်းတို့၏ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်၊ မောင်ဟိန်းသန့်၊ မောင်ဒီပြည့်စုံ၊ မောင်ခန့်မင်းထင်တို့၏ ချစ်လှစွာသောအဘွားသည် ၂၂-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၈:၁၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၄-၇-၂၀၂၀ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြညွန့်

**အသက် (၇၇) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့မတောင်ရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ်(၂၂)နေ (ဦးထွန်း-ဒေါ်အို)တို့၏သမီးချွေးမ၊ (ဦးလန်ဘား-ဒေါ်ဆယ်)တို့၏သမီး၊ ဒေါ်လှလှမြင့်၏အစ်မ၊ ဒေါ်ခင်ဆွေဦး (အမက၊ ရေနံကျောင်း၊သန်လျင်)၊ ဦးမိုးကျော်သူ(မန်နေဂျာ-Trade၊ တော်ဝင်မြင့်မိုရ် Co.,Ltd)-ဒေါ်ခင်မာကြည် (ကထိက၊ ဇီဝဗေဒဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်)၊ ဒေါ်အေးအေးမော် (ရေနံချက်စက်ရုံ၊ သန်လျင်)၊ ဦးသိန်းဇော်(မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ ဗဟန်း)-ဒေါ်တင်တင်မော်(မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ ဒဂုံမြို့သစ်တောင်ပိုင်း)၊ ကိုမင်းမင်းဦး(ရေနံချက်စက်ရုံ၊ သန်လျင်)တို့၏ ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်၊ မထက်အိအိကျော်၏အဘွား၊ ဦးကံညွန့်၏ဇနီး သည် ၂၂-၇-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၂၀ ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် သန်လျင်အမိုးနီသုသာန်အအေးတိုက်မှ အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၂၀ ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်လှသိန်း(ခ)ဒေါ်လှတင် (ဘီလူးကျွန်း၊ကွမ်ရိုက်)

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ (၁၄၆) လမ်း၊ အမှတ်(၆)နေ (ဦးထွန်းသိန်း)၏ဇနီး၊ ဦးတင်ထွန်း-ဒေါ်လွင်လွင်အောင်၊ ဦးမျိုးစံ-ဒေါ်အေးအေးဝင်း၊ (ကိုညွန့်ဝင်း)တို့၏မိခင်၊ မောင်ဇင်ကိုဦး၊ မောင်နေဝင်းထွန်းတို့၏ အဘွားသည် ၂၂-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၅၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးညွန့်ဝင်း (သရုပ်ပြ -ငြိမ်း)

**အသက် (၅၂) နှစ်**

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ မဲဒီးကျေးရွာနေ (ဦးထွန်းရွှေ-ဒေါ်မြကြည်)တို့၏ သားထွေး၊ ဒေါ်ငွေစိန်၊ (ဦးမောင်ပု)-ဒေါ်လွင်၊ ဒေါ်ငွေကြည်-ဦးမောင်ပု၊ ဦးမောင်နု-ဒေါ်ခင်မာစိန်၊ ဒေါ်ငွေစိန်တို့၏ ညီ/မောင်၊ ဒေါက်တာနုနုအေး(ကျောင်းအုပ်ကြီး၊ ကျိုင်းတုံပညာရေးကောလိပ်)၏ ချစ်လှစွာသောခင်ပွန်း၊ မရွှေရည်နုနုဝင်း(ဒသမတန်း-ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ ရန်ကုန်)၏ ချစ်လှစွာသောမွေးသဖခင် ဦးညွန့်ဝင်းသည် ၂၁-၇-၂၀၂၀ (အင်္ဂါနေ့)တွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (သစ္စာလမ်း၊ အခန်း-A-4၊ လေ့ကျင့်ရေးဝင်းရန်ကင်းပညာရေးကောလိပ်နေအိမ်မှ ကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၇-၇-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးသန့်စင် (တောင်ခင်ရွာ)

**TCDPA-Manager, M.S.P Co.,Ltd**

**အသက် (၅၁) နှစ်**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ပုသိမ်မြေရပ်ကွက်၊ စီးပွားကူးသန်းဝင်းဝန်ထမ်းအိမ်ရာနေ (ဦးစိန်အောင်-ဒေါ်အုန်းတင်)တို့၏ သား၊ ဦးတိုးဦး(စားသုံးသူရေးရာဦးစီးဌာန)၊ ဒေါ်လှဲ့လှဲ့စိုး၊ ဦးအောင်မျိုးတို့၏ညီ၊ ဦးတင်စိုးလှိုင်၊ ဒေါ်ခင်လေးသန့်တို့၏အစ်ကို၊ မောင်ပြည့်စုံဖြိုး၊ မသိမ့်ဟန်နီတိုးတို့၏ဦးလေး၊ မောင်ထူးဝေအောင်၏ဖခင်၊ ဒေါ်ဆွေဆွေလွင်(ဦးစီးအရာရှိ၊ စားသုံးသူရေးရာဦးစီးဌာန)၏ခင်ပွန်း ဦးသန့်စင်သည် ၂၁-၇-၂၀၂၀ ရက် မွန်းလွဲ ၁၂:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၂၀ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်စီစီ

**အသက် (၉၆) နှစ်**

ရန်ကုန်မြို့၊ အမှတ်(၉၉)၊ A1-B3၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်နေ (ဦးကြောင်စွေ့-ဒေါ်ကျင်မွှား)တို့၏သမီး၊ [ဦးစောတိတ်ဟင်း(ချာလီ)]၏ဇနီး၊ ဦးတင်ထွဋ်အောင်(အထွေထွေမန်နေဂျာ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန)-ဒေါ်သန်းသန်းအေး၊ ဦးစိုးမင်းအောင်-ဒေါ်စန္ဒာကြည်မောင်တို့၏ မိခင်၊ Capt. မျိုးဇော်အောင်-ဒေါ်ယဉ်ဝေဝေထွန်း၊ Capt. ကောင်းမြတ်သူ-ဒေါ်မြတ်ဆုမွန်အောင်၊ ဦးထက်အောင်ရှိုင်း-ဒေါ်လှဲ့လှဲ့လှိုင်၊ မမေစန္ဒီကျော်တို့၏ အဘွား၊ မောင်မင်းခန့်အောင်၊ မရွှန်းလရောင်အောင်၊ မခေတ်ကြယ်စင်ထွဋ်တို့၏ ဘွားဘွားကြီးသည် ၂၀-၇-၂၀၂၀ (တနင်္လာနေ့) နံနက် ၆:၀၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘီးလင်းမြို့နယ်အသင်း (ရန်ကုန်)

## ဒေါ်စီစီ (ရာသက်ပန်အသင်းဝင်)

**အသက် (၉၆) နှစ်**

ရန်ကုန်မြို့၊ အမှတ်(၉၉)၊ A1-B3၊ ဦးအောင်ကိန်းလမ်းသွယ်၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်နေ [ဦးစောတိတ်ဟင်း(ခ)ဦးအန်းကူ]၏ ဇနီး၊ အသင်းဝင်ဦးတင်ထွဋ်အောင် (အထွေထွေမန်နေဂျာ၊ စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန)-ဒေါ်သန်းသန်းအေးတို့၏မိခင် ဒေါ်စီစီသည် ၂၀-၇-၂၀၂၀ (တနင်္လာနေ့) နံနက် ၆:၀၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယကာကြီး

## ဦးထွန်းရွှေ (ဒုရဲမှူး-ငြိမ်း၊ သရက်)

**အသက် (၉၄) နှစ်**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ ရေပွက်ကျေးရွာနေ (ဦးတိုးညွန့်-ဒေါ်နော်ဇာ)တို့၏သား၊ မြောက်ဒဂုံမြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာဒီပလမ်းနေ (ဒေါ်ရီ)၏ခင်ပွန်း၊ ဦးမောင်မောင်တင်-ဒေါ်အေးအေးမြင့်၊ ဦးခင်မောင်လတ်-ဒေါ်တင်တင်၊ ဦးသန့်ဇင်(CEO-ငြိမ်း)- ပါမောက္ခဒေါ်မာမာကြည် (အင်းစိန်ပြည်သူ့ဆေးရုံ)၊ ဦးခင်မောင်သိန်း-ဒေါ်ကြူကြူမြင့်၊ ဦးကျော်ကျော်-ဒေါ်ခက်ခက်တို့၏ မွေးသဖခင်၊ မြေး ၁၆ ယောက်၊ မြစ်ကိုးယောက်တို့၏ အဘိုးသည် ၂၁-၇-၂၀၂၀ ရက် ညနေတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၂၀ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း မိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၇-၂၀၂၀ (တနင်္လာနေ့) နံနက် ၈ နာရီမှ ၁၀ နာရီအထိ (၄၇-ဂျီ)၊ ကံ့ကော်မြိုင်လမ်း၊ (၇) မိုင်ခွဲနေ ဦးသန့်ဇင်-ဒေါက်တာမာမာကြည်တို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဆရာကြီးဦးလှမြိုင်

**(WHO အငြိမ်းစား)**

**ကျန်းမာရေးဦးစီးဌာန**

**လယ်တီမူဝိပဿနာနည်းပြဆရာကြီး**

**အသက် (၉၂) နှစ်**

လယ်တီမူဝိပဿနာနည်းပြဆရာကြီးဦးလှမြိုင် (ဘောက်ထော်ဘူတာအနီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သီရိရတနာရိပ်သာ)သည် ၄-၅-၂၀၂၀ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ပြည်တွင်းပြည်ပ ရပ်ဝေးရပ်နီးမှ ဓမ္မမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ရဟန်း ဒါယိကာမကြီး

## ဒေါ်ဝင်းဝင်းဖြူ (ခ) ဒေါ်ရှယ်လီဘိုဖြူ

**အသက် (၇၃) နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ သိဒ္ဓိလမ်း၊ အမှတ်(၃၁-က)နေ (ဦးဘိုဖြူ-ဒေါ်နွံ့နွံ့)တို့၏သမီး၊ (ဦးမောင်လတ်-ဒေါ်သိန်းမေ)တို့၏သမီးချွေးမ၊ အရာခံဗိုလ်သောင်းရွှေ (၅၀၂ လေတပ်စခန်း-ငြိမ်း)၏ဇနီး၊ (ဗိုလ်မှူးကြီးဆန်နီ)-ဒေါ်အေးသီတာမိုး၊ (ဦးဇော်လင်း)-ဒေါ်သိန်းသိန်း၊ ဦးကျော်ဝင်း-ဒေါ်သန်းသန်းညွန့်၊ (ဒေါ်ခင်ငွေး)၊ (ဒေါ်မာလာဖြူ)တို့၏ညီမ၊ ဒေါ်မေဝင်းရီ၊ ဦးတင်အောင်-ဒေါ်ခိုင်စံပယ်ဖြူတို့၏အစ်မ၊ ဒေါက်တာသက်အောင်-ဒေါ်ခင်ဝင်းမော်(ခ)ဒေါ်ခင်ခင်ဦး၊ [ဦးရဲထွန်း(ခ)ဦးရဲခေါင်]-ဒေါ်မြမြသန်း၊ ဦးမင်းကိုတို့၏မွေးသမိခင်၊ ဦးသုမန၏မယ်တော်ကြီး၊ မြေးနှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၂-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၉:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၂၀ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၂၀ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာရဲလွင်၏ဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါက်တာလှမျိုးခင် အသက် (၆၅)နှစ်သည် ၁၇-၇-၂၀၂၀ (သောကြာနေ့) နံနက် ၃:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာဦးအောင်မြတ်စိုး-ဒေါ်သဇင်မြင့်အောင်နှင့်**

**မေတ္တာဦးမျက်စိအထူးကုဆေးခန်း မိသားစု**

# အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (အဆင့် - ၃) အကောင်အထည်ဖော်ဆောင်ရွက်ရန် JICA ထံမှ ဂျပန် ယန်း ၁၅ ဘီလီယံ ချေးငွေရယူရေး ရှင်းလင်းတင်ပြ



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပစဉ်။

**နေပြည်တော် ဇူလိုင် ၂၂**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် COVID-19 ၏ သက်ရောက်မှုများကို တုံ့ပြန်ခြင်းနှင့် အသုံးစရိတ်ဆိုင်ရာ အထောက်အပံ့အစီအစဉ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(အဆင့် - ၃) အကောင်အထည်ဖော်ဆောင်ရွက်ရန် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီတို့ထံမှ ချေးငွေရယူရေးကိစ္စတို့ကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီဝင် ဦးအောင်ကြည်ညွန့်က ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က အဆိုပါ ဥပဒေကြမ်းအပေါ် ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေး

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

# ကျောင်းများ ပြန်လည်ဖွင့်လှစ်မှု အထောက်အပံ့ဖြစ်စေရန် အီးယူက ယူရို ၁၇ သန်းကျော် ထောက်ပံ့



အထက (၂) မရမ်းကုန်း၌ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

**ရန်ကုန် ဇူလိုင် ၂၂**

မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ အလွန် ကျောင်းများပြန်လည်ဖွင့်လှစ်ရာတွင် အထောက်အပံ့ဖြစ်စေရန်နှင့် ပညာရေး ပြုပြင်ပြောင်းလဲမှု အထောက်အကူပြုစေရန်ရည်ရွယ်ကာ ဥရောပသမဂ္ဂ (အီးယူ)က မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနသို့ ယူရို ၁၇ ဒသမ ၆၂၅ သန်း (မြန်မာကျပ်ငွေ ၅၉ ဒသမ ၆၉၃ ဘီလီယံ)ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း အီးယူသံရုံးက ယနေ့ရက်စွဲဖြင့် ကြေညာချက် ထုတ်ပြန်ထားသည်။

အဆိုပါ ကြေညာချက်တွင် အီးယူသံအမတ်ကြီး Kristian Schmidt က "ကိုဗစ်-၁၉ အလွန်မှာ ကျောင်းတွေ ဘေးကင်းလုံခြုံစွာ ပြန်ဖွင့်နိုင်ဖို့နဲ့ မြန်မာနိုင်ငံ ပညာရေးပြုပြင်ပြောင်းလဲမှု ထောက်ပံ့မှုဖြစ်စေရန်အတွက်

စာမျက်နှာ ၁၆ ကော်လံ ၄ သို့ ■

# မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း နှစ်ကုန်ပိုင်းတွင် လေ့ကျင့်ရန် စီစဉ်

**ရန်ကုန် ဇူလိုင် ၂၂**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် လာမည့်နှစ်တွင် ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် နှစ်ကုန်ပိုင်းတွင် စတင်လေ့ကျင့်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာအမျိုးသမီးအသင်းသည် ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် စခန်းဝင်လေ့ကျင့်နိုင်ခြင်းမရှိသောကြောင့် နှစ်ကုန်ပိုင်းမှသာ စတင်လေ့ကျင့်ရန် ဆောင်ရွက်ထားသည်။ မြန်မာအမျိုးသမီးအသင်းသည် ၂၀၁၉ ခုနှစ် နှစ်ကုန်တွင် နည်းပြအပြောင်းအလဲပြုလုပ်ခဲ့ပြီး စာချုပ်သက်တမ်းကုန်ဆုံးသွားသည့် ဦးဝင်းသူမိုးနေရာတွင် ပြည်တွင်းနည်းပြတစ်ဦးဖြစ်သည့် ဦးတင်မြင့်အောင်ကို တာဝန်ပေးအပ်ခဲ့ကာ အိုလံပစ်တတိယအဆင့်ခြေစစ်ပွဲတွင် ယာယီနည်းပြအဖြစ်သာ ဆောင်ရွက်ခဲ့သော်လည်း နှစ်လယ်ပိုင်းတွင် အမြဲတမ်းနည်းပြအဖြစ် တာဝန်ပေးအပ်ခံရခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ဖေဖော်ဝါရီလတွင် အိုလံပစ်တတိယအဆင့်ခြေစစ်ပွဲ ယှဉ်ပြိုင်ပြီးကတည်းက လေ့ကျင့်မှုရပ်နားထားခြင်းဖြစ်ပြီး အောက်တိုဘာ သို့မဟုတ် နိုဝင်ဘာလတွင် ကျင်းပရန် စီစဉ်ထားသည့် အမျိုးသမီးလိဂ်ပြိုင်ပွဲပြီးဆုံးမှသာ စတင်လေ့ကျင့်ဖွယ်ရှိနေသည်။ မြန်မာအမျိုးသမီးအသင်းသည် လာမည့်နှစ်တွင် ယှဉ်ပြိုင်ရမည့် အာဆီယံအမျိုးသမီးပြိုင်ပွဲ၊ အာရှဖလားခြေစစ်ပွဲနှင့် ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲတို့အတွက် အဓိကပြင်ဆင်ရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲယှဉ်ပြိုင်ရန် မသေချာသေးဘဲ လာမည့်နှစ်တွင်ကျင်းပမည့်ပြိုင်ပွဲများအတွက်သာ အဓိကပြင်ဆင်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း နည်းပြချုပ်သစ် ဦးတင်မြင့်အောင်သည် အမျိုးသမီးလိဂ်ပွဲစဉ်များကို ကြည့်ရှုကာ ကစားသမားများရွေးချယ်ရန် စီစဉ်ထားပြီး ကစားသမား ၃၀ ဝန်းကျင်ဖြင့် စတင်ဖွဲ့စည်းဖွယ်ရှိနေသည်။

ရှိုင်းထက်ဇော်

## ကုရ်ဘာနီအီးဒ်နေ့ အစားထိုး ရုံးပိတ်ရက် ကြေညာ

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက် (၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁ ရက်) စနေနေ့သည် "အီဒုလ်အဿွဟာ (ကုရ်ဘာနီအီးဒ်)နေ့" ဖြစ်ပြီး အစိုးရရုံးပိတ်ရက်နှင့် တိုက်ဆိုင်နေသည့်အတွက် ခံစားခွင့်များ မနစ်နာစေရန် "အီဒုလ်အဿွဟာ (ကုရ်ဘာနီအီးဒ်)နေ့" ရုံးပိတ်ရက်တစ်ရက်ကို စနေနေ့ရှေ့ သောကြာနေ့ ၃၁-၇-၂၀၂၀ ရက်ဖြင့် အစားထိုးဖြည့်စွက်၍ ၃၁-၇-၂၀၂၀ ရက်နှင့် ၁-၈-၂၀၂၀ ရက်တို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများအက်ဥပဒေ ပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာ အမှတ် ၆၅/၂၀၂၀ ဖြင့် ကြေညာထားသည်။

## ကြေးမုံ ယနေ့ ဖတ်စရာ

JMC အဆင့်ဆင့် အရပ်သားကိုယ်စားလှယ်များ၏ နဝမအကြိမ် မျက်နှာစုံညီအစည်းအဝေး ကျင်းပ

စာမျက်နှာ » ၉

စာကြေးမုံနှင့် သတင်းစာ စာအုပ်စင်ကဏ္ဍ

ဆောင်းပါး စာမျက်နှာ » ၁၀

ထိုင်းအစိုးရက ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ အရေးပေါ်ဥပဒေအား ဩဂုတ်လကုန်အထိ သက်တမ်း ထပ်တိုး

စာမျက်နှာ » ၁၂